

အလှညို
ပ+ဒု
နှစ်အုပ်တွဲ

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၈၁၁ / ၂၀၀၁ (၁၁) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၇၇၇ / ၂၀၀၀ (၁၁) |
| ထုတ်ဝေကာလ | ၂၀၀၀ ပြည့်နှစ် |
| အုပ်ရေ | ၄၀၀ |
| တန်ဖိုး | ၁၀၀ ကျပ် |
| ထုတ်ဝေသူ | ဒေါ်မိုးကေနိုင် |
| | ရှူးတေးသံစာပေ |
| | ရွှေနံ့သာရပ်ကွက်၊ ပုလဲမြို့(၃)၊ |
| | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးလှသိန်း |
| | လှသိန်းဦး-ပုံနှိပ်တိုက်၊ |
| | ၁၂/ဒါနလမ်း၊ သာယာကုန်း၊ |
| | မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးရိုက် | ဦးတိုးဝင်း၊ (မြဲ ၀၂၄၃၁) |
| | နေလရောင် အော့ဖ်ဆက် |
| | ၉၆/ခ၊ ၁၁-လမ်း၊ |
| | လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |



# ဝဏ္ဏအောင်


# အလှည့်

(ပ + ၃)

၂ – ဆုပ်တွဲ သိုင်းစာစဉ်

# ဝဏ္ဏအောင်

## အံ့လှည့်

(ပထမပိုင်း)

# ဤတာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ... ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ... ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ... ဒို့အရေး

တော်လှန်ရေးကောင်စီက ချမှတ်လိုက်သည့် ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

---

# ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သေမိန့်

---

ညဉ့်....
ညဉ့်နက်လှပြီဖြစ်သည်။
ကောင်းကင်ပေါ်တွင် လဝန်းကို မမြင်တွေ့ရပါ။
ဝန်းကျင်တစ်ခုလုံးအား အမှောင်ထုက လွှမ်းခြုံထား၏။
အေးစိမ့်သောလေသည် တဟူးဟူးဖြင့် တိုက်ခတ်နေလေသည်။

လမ်းမကြီးပေါ်တွင် အေးစိမ့်သောလေကြောင့် ခွေးခြေခွေးလွင့်များမှာ အမြီးကုပ်၍ လှည့်ပတ်နေလေသည်။
ရုံဖန်ရံခါ လမ်းဘေးအမှိုက်ပုံ၌ အစာကိုစားရင်း တစ်ကောင်ကိုတစ်ကောင် မာန်ဖီသံကို ကြားနေရ၏။

သစ်ရွက်များ၏ တဖျပ်ဖျပ်လှုပ်ရှားသံကြားမှ ဆွဲဆွဲငင်ငင် အူလိုက်သောခွေးအူသံများသည် အသည်းငယ်သူများအတွက် ထိတ်လန့်တုန်လှုပ်ဖွယ်ရာကောင်းလှပေသည်။

လေတိုးသံ၊ သစ်ရွက်လှုပ်ခတ်သံ၊ ခွေးအူသံများကြားမှ အုန်းမောင်းခေါက်သံ နှစ်ချက် လွင့်ပျံ့လာလေသည်။

* * *

ဤနေရာသည် ခရိုင်အကျဉ်းထောင်ဖြစ်သည်။

ယင်းအကျဉ်းထောင်၏ လေးဘက်လေးတန်အား မြင့်မားသော မီးခိုးရောင် အုတ်နံရံများဖြင့် ကာရံထားလေသည်။

မြင့်မား၍ အုတ်ကြွပ်များမိုးထားသော မျှော်စင်တစ်ခုသည် ကာရံထားသော အုတ်နံရံထက် ပို၍မြင့်မားလေ၏။

ထို့ကြောင့်....

ဤမျှော်စင်သည် လေးဘက်လေးတန်အား ကြည့်ရှုစစ်ဆေးရန် အထူးကောင်းမွန်သော နေရာတစ်ခု ဖြစ်ပေသည်။



အလွန်ခိုင်ခံ့သော အကျဉ်းထောင်တစ်ခုဟု ဆိုရပေမည်။

အုတ်နံရံအတွင်းဘက်၌ အုတ်ကြွပ်မိုးထားသော အချုပ်ခန်းပေါင်း မြောက်မြားစွာ ရှိလေသည်။

သို့သော်....

ထိုအချုပ်ခန်းများသည် သိုးပုပ်နေသောအမှိုက်ပုံတစ်ခုနှယ် ဆိုးရွားသော အနံ့အသက်များဖြင့် ပုပ်လှောင်နေလေသည်။

ကြီးမားသော မြေကြွက်ကြီးများသည် ဟိုမှသည်မှ ပြေးလွှားနေကြ၏။

ကင်းလှည့်အတိုးအိုသည် အုန်းမောင်းခေါက်သံ နှစ်ချက်ကြားလိုက်သည်နှင့် မိမိ၏ခုတင်ပေါ်မှ ထလိုက်သည်။

ယင်းနောက်....

မီးအိမ်အား မီးထွန်းညှိလိုက်၏။

သူ၏တာဝန်သည် တစ်နာရီတစ်ကြိမ် အကျဉ်းသားများအား လိုက်လံစစ်ဆေးရပေသည်။

သူသည် အပျင်းတစ်ချက် ဆန့်လိုက်ပြီး မီးအိမ်အား ဆွဲကိုင်လိုက်၏။

ထို့နောက် သူ၏အခန်းတံခါးကို ဆွဲဖွင့်လိုက်လေသည်။

ပြီးမှ ကြယ်ကလေးများ၏ မှိန်ဝါးသော အလင်းရောင်အောက်သို့ ထိုးထွက်လာသောအကျဉ်းသားများအား ကြည့်ရှုစစ်ဆေးရန် စတင်လျှောက်လှမ်းခဲ့လေတော့သည်။

* * *

ကျင်းဖုန်း။

တစ်ခုသော အချုပ်ခန်းအတွင်းမှ အကျဉ်းသား တစ်ယောက်၏အမည်ဖြစ်လေသည်။

သူသည် စိုစွတ်၍ ပျက်စီးနေသော ဖျာပေါ်တွင် လဲလျောင်းနေ၏။

သို့သော်....

ကျကျနန လဲလျောင်းနေခြင်းမျိုး မဟုတ်ပါချေ။

အမှန်တွင် သူက ကျကျနန လဲလျောင်းလို၏။

သို့ရာတွင် သူက ကျကျနနလဲလျောင်းခွင့်မရှိပါ။

အကြောင်းကား....



ဆယ်ပိဿာခန့်လေးသော ပျဉ်ပြားတစ်ချပ်ဖြင့် သူ၏ဦးခေါင်းနှင့် လက်နှစ်ဖက်ကို ထိပ်တုံးခတ်ထားသောကြောင့်ဖြစ်သည်။

သူသည် ရုပ်ရည်ချောမော သန့်ပြန့်သည့် လူရွယ် တစ်ယောက်ဖြစ်၏။

ထို့ပြင်....

သူသည် အကောင်းဆုံးအစားအစာကို ကြိုက်နှစ်သက်သည်။

အကောင်းဆုံး အဝတ်အစားကိုမှ ဝတ်ဆင်တတ်၏။

သို့ရာတွင်....

ယခု သူသည် စိုစွတ်၍ စုတ်ပြတ်နေသော ဖျာပေါ်တွင် လဲလျောင်းနေရလေသည်။

သူ၏နံဘေး၌လည်း ပိုးဟပ်များ၊ အိမ်မြှောင်များ၊ ပုရွက်ဆိတ်များနှင့် ပြည့်နှက်နေလေသည်။

တစ်ခါတစ်ရံ အသိုးအပုပ်များကိုလာ၍ စားသော ကြွက်ကြီးများက သူ၏ခြေထောက်ကို အစာမှတ်၍ ကိုက်တတ်သေး၏။

စိုစွတ်၍မှောင်မည်းသော အချုပ်ခန်းထဲ၌ ကျင်းဖုန်းက လဲလျောင်းနေရသော်လည်း သူ၏မျက်နှာပေါ်တွင် စိတ်ညစ်ညူးသည့် ဟန်မူရာကို မတွေ့ရပါချေ။

သူသည် ပြုံးရွှင်စွာဖြင့် စစ်ချီတေးတစ်ပုဒ်ကို ခလေချွန်နေသေး၏။

ယင်းအချိန်....

အလင်းရောင်တစ်ခုသည် သူ၏ အချုပ်ခန်းဆီသို့ တဖြည်းဖြည်း ရွေ့လျားလာနေသည်ကို တွေ့မြင်လိုက်ရ၏။

ကျောင်းဖုန်းက ထိုအလင်းရောင်ကို မြင်တွေ့လိုက်သည်နှင့် တစ်ချက် မဲ့ပြုံးပြုံးကာ ခလေချွန်သံကိုပို၍မြှင့်၍ ချွန်လိုက်လေသည်။

ဤအလင်းရောင်သည် ကင်းလှည့်အဘိုးအို၏ မီးအိမ်မှ အလင်းရောင်ဖြစ်ကြောင်း သူကသိရှိလိုက်သည် မဟုတ်ပါလော။

* * *

ကျောင်းဖုန်း၏ အချုပ်ခန်းရှေ့သို့ ကင်းလှည့်အဘိုးအိုက ရောက်ရှိလာပြီ ဖြစ်သည်။



အဘိုးအိုသည် တစ်နာရီတစ်ခေါက် ကင်းလှည့်ကာ လူစစ်ဆေးရ၏။

အထူးသဖြင့်....

အရေးကြီးသော အကျဉ်းသားများကို ပို၍ ကြပ်ကြပ်မတ်မတ် စစ်ဆေးလေသည်။

ထို့ထက်ပို၍ သေဒဏ်ချမှတ်ခြင်းခံရသော အကျဉ်းသားများကို ပိုမိုကြပ်ကြပ်မတ်မတ် စစ်ဆေးရ၏။

ဤကဲ့သို့သော အကျဉ်းသားများထဲ၌ ကျောင်းဖုန်း တစ်ယောက်လည်း အပါအဝင်ဖြစ်လေသည်။

ယင်းကြောင့်....

ကင်းလှည့်အဘိုးအိုသည်ကျောင်းဖုန်း၏ အခန်းရှေ့သို့ရောက်ရှိလာသောအခါ လက်ထဲမှ မီးအိမ်ကိုအပေါ်သို့ အနည်းငယ်မြှင့်လိုက်ပြီး ကျောင်းဖုန်းအားကြည့်လိုက်၏။

ကျောင်းဖုန်းက လေချွန်သံကိုရပ်တန့်ကာကင်းလှည့်အဘိုးအိုအား စူးရှသော မျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်လေသည်။

'ဟား....ဟား....ဟား၊ အဘိုးအိုကြီး ကျုပ်ကို သေသေချာချာ စစ်ဆေးထားနော်'

အဘိုးအိုသည် သူ့အားစကားတစ်ခွန်းမျှ ပြန်မပြောဘဲ စူးစိုက်၍ကြည့်လိုက်၏။

ကျောင်းဖုန်းက ရယ်မောလိုက်၏။

'ဟား....ဟား....ဟား၊ အခု နှစ်နာရီရှိပြီ၊ သုံးနာရီဆိုရင် ကျုပ်ကဒီအခန်းထဲမှာ မရှိတော့ဘူး'

အဘိုးအိုက မျက်မှောင်ကြုတ်လိုက်သည်။

သူက ခေါင်းကိုဖြည်းညင်းစွာ ခါယမ်းလိုက်၏။

'အင်း...ဒီလူငယ်တော့ သေဒဏ်ချခံရလို့ ရူးသွားပြီ ထင်ပါရဲ့'

သူက တီးတိုးရေရွတ်လိုက်လေသည်။

ကျောင်းဖုန်းက သူ့အားကြည့်ကာ အားပါးတရ ရယ်မောလိုက်၏။

'ဟား....ဟား....ဟား၊ အဘိုးကြီးက ကျုပ်ပြောတာမယုံလို့လား'

အဘိုးအိုက တုံ့ပြန်ပြောဆိုခြင်း မပြုပါ။

အကြောင်းကား....

ကျောင်းဖုန်းသည် မနေ့ညက ဤအတိုင်းပြောခဲ့သည် မဟုတ်ပါလော။

အဘိုးအိုက သက်ပြင်းတစ်ချက်ချလိုက်သည်။

ထို့နောက်....



သူက ကျောင်းဖုန်း၏ အခန်းရှေ့မှ ထွက်ခွာရန် လှည့်လိုက်လေသည်။

ကျောင်းဖုန်း၏အသံက စူးရှကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

'အဘိုးကြီး၊ ကျုပ်ပြောတာ မယုံဘူးလား၊ ဒါဆိုရင် ကျုပ်နဲ့အလောင်းအစားလုပ်မလား'

အဘိုးအိုက သူ့အားလှည့်ကြည့်လိုက်၏။

ကျောင်းဖုန်းက....

'အဘိုးကြီး၊ ဒီည ကျုပ်ဒီနေရာက ထွက်မသွားနိုင်ဘူးဆိုရင် ကျုပ်ဝှက်ထားတဲ့ ရွှေတွေပေးမယ်၊ တကယ်လို့ ကျုပ်ဒီကထွက်လို့ရရင် အဘိုးကြီးက ဘာပေးမလဲ'

အဘိုးကြီး၏ရင်ထဲ၌ တစ်ချက်လှုပ်ရှားသွားမိသည်။

သူက ကျောင်းဖုန်းအား သေချာစွာစူးစိုက်၍ကြည့်လိုက်၏။

ကျောင်းဖုန်းသည် သေဒဏ်ချမှတ်ခံထားရသူ ဖြစ်သည်။

ဤနေရာသည် လုံခြုံသောအချုပ်ခန်းဖြစ်၏။

ထို့ပြင်....

မိမိတလည်း တစ်နာရီလျှင် တစ်ကြိမ်ကျ စစ်ဆေးနေရလေသည်။

ဤသို့ဆိုပါလျှင်....

ကျောင်းဖုန်းက မည်ကဲ့သို့ လွတ်မြောက်နိုင်ပါမည်နည်း။

အကယ်၍ မိမိက လောင်းလိုက်ပါလျှင် အရှုံးမရှိသော အလောင်းအစားဖြစ်သည်။

သူက ယင်းသို့စဉ်းစားကာ ကျောင်းဖုန်းအား စိုက်ကြည့်နေမိ၏။

ကျောင်းဖုန်းက ရယ်မောလိုက်သည်။

'ဘယ်လိုလဲ၊ လောင်းမှာလား၊ ဒီနေ့ညသုံးနာရီမှာကျုပ်က ဒီနေရာကနေပြီး ထွက်သွားတော့မယ်'

'မင်း ဘယ်လိုထွက်သွားမလဲ'

အဘိုးကြီးက လွတ်ခနဲ မေးလိုက်မိသည်။

ကျောင်းဖုန်းက ရယ်မောလျက်....

'ဟား....ဟား....ဟား၊ ကျုပ်ရဲ့ကယ်တင်ရှင်က ကောင်းကင်ကနေပြီး ဒီညသုံးနာရီတိတိမှာ ဆင်းလာလိမ့်မယ်'

အဘိုးအိုက လက်ထဲမှသံတုတ်ဖြင့် အချုပ်ခန်းသံတိုင်အား ရိုက်ကာ....

'တိတ်စမ်း၊ သွေးပျက်ပြီး အရူးစကားတွေ လျှောက်ပြောမနေနဲ့၊ မင်းက မနက်ဖြန်ဆိုရင် သေရတော့မယ်၊ လူ့ဘဝ



မှာနေရမယ့် အချိန်လေးအတွင်းမှာ အိပ်ရေးဝအောင် အိပ်ထားပေတော့'

ကျောင်းဖုန်းက အားပါးတရ ရယ်မောလိုက်၏။

'အဘိုးကြီး၊ ကျုပ်ရှုံးရင် ကျုပ်အသက်ကို ပေးခဲ့မယ်၊ ကျုပ်နိုင်ရင် ခင်ဗျားရဲ့အသက်ကိုယူမယ်၊ ဘယ့်နှယ့်လဲ'

အဘိုးအိုက မျက်ခမှောင်ကြုတ်လိုက်လေသည်။

'မင်း ပါးစပ်ပိတ်ထားလိုက်စမ်း'

ကျောင်းဖုန်းက ရယ်မောလိုက်ပြန်လေသည်။

'ဒီမှာအဘိုးကြီး၊ အခု နှစ်နာရီထိုးပြီ၊ နောက်ထပ်တစ်နာရီတောင် မလိုတော့ဘူး၊ ဘာဖြစ်လို့မလောင်းရဲတာလဲ'

အဘိုးအိုက စိတ်ပျက်စွာဖြင့် ခေါင်းတစ်ချက်ခါယမ်းလိုက်ပြီး ကျောင်းဖုန်း၏ အချုပ်ခန်းရှေ့မှ လှည့်၍ထွက်လိုက်လေသည်။

ကျောင်းဖုန်း၏ရယ်မောသံသည် အဘိုးအို၏နောက်၌တဖြည်းဖြည်း ဝေး၍ ဝေး၍ကျန်ရစ်ခဲ့လေတော့သည်။

* * *

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားပြီဖြစ်သည်။

'ဒေါင်....ဒေါင်....ဒေါင်'

အုန်းမောင်းခေါက်သံ သုံးချက်တိတိက အဝေးမှပျံ့လွင့်၍ လာလေသည်။

မြေတွန်သံ၊ ပိုးကောင်များ၏အသံ၊ သံခြေကျင်းသံများကြားမှ အုန်းမောင်းခေါက်သံကို ကင်းလှည့်အဘိုးအိုကကြားလိုက်ရလေသည်။

ထို့ကြောင့်....

အဘိုးအိုက ခန္ဓာကိုယ်ပေါ်မှ ဂွမ်းကာပ်စောင်အားဖယ်ခွာလိုက်သည်။

ယင်းနောက်....

ခုတင်ပေါ်ကဆင်းလိုက်ပြီး မီးအိမ်ကို မီးစာမြှင့်လိုက်၏။ ပြီးနောက် အကျဉ်းသားများကို စစ်ဆေးရန် အကျဉ်းခန်းဆီသို့ ထွက်ခဲ့လေသည်။

* * *



အဘိုးအိုသည် မီးအိမ်ကိုကိုင်၍ အချုပ်ခန်းများဆီသို့ လိုက်၍ စစ်ဆေးနေ၏။

ယင်းနောက် ကျောင်းဖုန်းအား ချုပ်ထားသော အခန်းဘက်ဆီသို့ ခြေဦးလှည့်လိုက်သည်။

သူက ကျောင်းဖုန်းအား ချုပ်ထားသော အချုပ်ခန်းဆီသို့ လျှောက်လာရင်း တစ်ကိုယ်တည်း ပြုံးလိုက်မိလေသည်။

ယခု....

သုံးနာရီထိုးပြီဖြစ်၏။

ကျောင်းဖုန်းက အချုပ်ခန်းထဲ၌ ရှိနေပါမည်လော။

ယခု နှစ်နာရီနှင့် သုံးနာရီကြားတွင် မည်သည့်လှုပ်ရှားမှုမျိုးကိုမှ မကြားခဲ့ရပါချေ။

ထို့ကြောင့်....

ကျောင်းဖုန်းက ယခင်နေ့များကကဲ့သို့ပင် နှစ်ခြိုက်စွာ အိပ်မောကျနေလိမ့်မည်ဟု သူက ယုံကြည်မိလေသည်။

အဘိုးအိုက ယင်းသို့စဉ်းစားမိသောအခါ မိမိကကျောင်းဖုန်းနှင့် အလောင်းအစား မလုပ်ခဲ့မိခြင်းအတွက် နောင်တရနေမိ၏။

သူက စဉ်းစားရင်း လျှောက်လာခဲ့ရာ ကျောင်းဖုန်း၏အချုပ်ခန်းရှေ့သို့ ရောက်ရှိလာခဲ့ပြီ ဖြစ်လေသည်။

သူက မဲ့ပြုံးပြုံးလိုက်ပြီး လက်ထဲမှ မီးအိမ်ကိုမြှောက်လျက် အချုပ်ခန်းထဲသို့ ကြည့်လိုက်လေသည်။

ရုတ်တရက်....

သူ၏မျက်လုံးများက ပြူးကျယ်သွားလေတော့၏၊

*　　*　　*

အဘိုးအို၏မျက်လုံးများက ပြူးကျယ်သွားမိလေသည်။

အကြောင်းကား....

အချုပ်ခန်းတွင်း၌ ကျင်းဖုန်း ရှိမနေတော့ခြင်းကြောင့်ပင်....

သို့သော်....

ကျင်းဖုန်း၏ကိုယ်စား အကျဉ်းထောင်ကြပ်တစ်ဦး ရှိနေလေသည်။

အကျဉ်းထောင်ကြပ်၏ ဦးခေါင်းနှင့်လက်များကို ထိပ်တုံးခတ်ထား၏။



ထို့ပြင်....

အကျဉ်းထောင်ကြပ်၏မျက်နှာပေါ်တွင် ထတ်ဆတ်သောဓားဒဏ်ရာကို တွေ့မြင်နေရလေသည်။

ထင်းကြောင့်....

အဘိုးအိုက ထိတ်လန့်တုန်လှုပ်သွားပြီး အချက်ပေးခေါင်းလောင်း ရှိရာသို့ တစ်ဟုန်ထိုး ပြေးထွက်သွားလေတော့သည်။

*　　*　　*

ခေါင်းလောင်း။

အချက်ပေးခေါင်းလောင်းအား အနီရောင်ပိုးကြိုးဖြင့် ချိတ်ဆွဲထား၏။

အနီရောင်ပိုးကြိုးကို ကိုင်လှုပ်လိုက်သည်နှင့် ခေါင်းလောင်းသံများ ထွက်ပေါ်လာနိုင်လေသည်။

အဘိုးအိုသည် အချက်ပေးခေါင်းလောင်းဆီသို့ ရောက်ရှိလာ၏။

သူက အနီရောင်ပိုးကြိုးအား လှမ်းကိုင်ရန် ဟန်ပြင်လိုက်သည်။

ယင်းတဒင်္ဂအချိန်လေးမှာပင်....

'အလုပ်ပိုရှုပ်အောင်မလုပ်နဲ့'

ယင်းအသံနှင့်အတူ လူရိပ်တစ်ခုက အဘိုးအိုထံသို့ရောက်ရှိလာလေသည်။

တစ်ဆက်တည်းမှာပင် အေးတိအေးစက်သံဖြင့်....

'ဒီခေါင်းလောင်းသံမြည်ရင်လဲ ဘယ်သူကမှလာပြီး ကူညီနိုင်မှာ မဟုတ်တော့ဘူး'

စကားသံဆုံးသည်နှင့် အဘိုးအိုအားတိုက်ခိုက်လိုက်သည်။

အဘိုးအိုက ကမန်းကတန်း နောက်သို့ ခုန်ဆုတ်လိုက်ရ၏။

သို့သော်....

သူသည် ထိုလူရိပ်၏တိုက်ခိုက်မှုကို လွတ်အောင် မရှောင်နိုင်ခဲ့ပါချေ။

ထို့ကြောင့်...

လူရိပ်၏ ခြေထောက်ကန်ချက်သည် အဘိုးအို၏ ရင်ဝသို့ ပြင်းထန်စွာ ရောက်ရှိသွားလေသည်။



'ဝူန်း'

ဟူသောအသံနှင့်အတူ နံရံတစ်ဖက်သို့ လွင့်စဉ်သွားလေသည်။

ယင်းအချိန် အမှောင်ထဲမှ ဟန့်တားသံတစ်သံ ထွက်ပေါ်လာ၏။

'ကျင်းဖုန်း၊ မင်း သူ့ကို မသတ်နဲ့နော်'

ကျင်းဖုန်းက အသံလာရာသို့ လှမ်းကြည့်လိုက်သည်။

အမှောင်ထဲမှ ဟန့်တားသံကထပ်မံထွက်ပေါ်လာသည်။

'ကျင်းဖုန်း....ငါတို့ သွားကြပါစို့'

ကျင်းဖုန်းက ခေါင်းခါယမ်းလိုက်သည်။

'သွားလို့မဖြစ်သေးဘူး ရှောင်ရှမ်း'

ရှောင်ရှမ်းဆိုသော လူရွယ်က....

'ဘာဖြစ်လို့လဲ'

ကျင်းဖုန်းက နှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်၏။

'ငါနဲ့သူက အလောင်းအစားလုပ်ထားတယ်၊အခု သူရှုံးပြီဒါကြောင့် ငါက သူ့ရဲ့အသက်ကို ယူရလိမ့်မယ်'

ပြောရင်း အဘိုးအိုနားသို့ လျှောက်သွားလေသည်။

ရှောင်ရှမ်းက ဟန့်တားလိုက်၏။

'ကျော်ဖုန်း ပြဿနာမရှာပါနဲ့ကွာ'

ကျော်ဖုန်းက မထိမဲ့မြင် ပြုံးရင်း ဆက်လျှောက်သွား၏။

ထိုအချိန်....

အဘိုးအိုက သူ့အား အံ့ဩထိတ်လန့်စွာဖြင့် ကြည့်လိုက်လေသည်။

'ငါ....ငါ မင်းနဲ့အလောင်းအစား မလုပ်ခဲ့ပါဘူးကွာ....'

ရှောင်ရှမ်းက ကျော်ဖုန်းအား တစ်ချက်ကြည့်ကာ....

'ကဲ....ငါတို့ အချိန်သိပ်မရတော့ဘူး'

ကျော်ဖုန်းက မဲ့ပြုံးပြုံးလိုက်၏။

'သူ့ကို ဒီအတိုင်းထားခဲ့လို့မဖြစ်ဘူး'

ရှောင်ရှမ်းက ဦးခေါင်းကို ခါယမ်းလိုက်သည်။

'စောစောက ထောင်ကြပ်ကိုသတ်တယ်၊ အခု ဒီအဘိုးကြီးကို သတ်ဦးမလို့လား'

ကျော်ဖုန်းက ရုတ်တရက် ရယ်မောလိုက်၏။

'ဖြစ်နိုင်ရင် ဒီထောင်ကြီးတစ်ခုလုံးကို မီးရှို့ပစ်ချင်တယ်'

ရှောင်ရှမ်းက သူ့အား စိတ်ပျက်စွာကြည့်လိုက်သည်။

'ကျော်ဖုန်း၊ မင်းကတကယ့်ကို သွေးဆာနေတာကိုး'



ကျော်ဖုန်းက စကားမပြောတော့ပါ။

သူက ရုတ်တရက် လက်တစ်ဖက်ကို လွှပ်ရှားလိုက်၏။

'အား...နင်'

အဘိုးအိုမှာ မပီမသာ ညည်းညူသံနှင့်အတူ လဲကျသွားလေသည်။

ရှောင်ရှမ်းက မျက်လုံး မှိတ်ထားလိုက်သည်။

'ငါ မင်းကိုကယ်လာမိတာမှားပြီ'

ဟု ညည်းညူလိုက်လေသည်။

ကျော်ဖုန်းက ပြုံး၍ ခေါင်းခါယမ်းလိုက်၏။

'မမှားဘူးဆိုတာမင်းနောက်တော့သိလာမှာပါ၊ ဒီအတွက် မင်းနဲ့ငါ အလောင်းအစားလုပ်မလား'

ရှောင်ရှမ်းက မဲ့ပြုံးပြုံးလိုက်၏။

'အရေးထဲတောင်မှာ အလောင်းအစား လာလုပ်နေရသေးတယ်၊ တကယ့်လို့ငါကမင်းကိုလာမကယ်ရင် မင်းဘယ်လိုလုပ်မလဲ'

ကျော်ဖုန်းက ရယ်မောလိုက်သည်။

'မင်း ငါ့ကိုဘယ်လောက် ချစ်ထယ်ဆိုတာ ငါသိပါတယ်၊ ဒါကြောင့် မင်းမလာဘဲ မနေနိုင်ပါဘူး'

ရှောင်ရှမ်းက စကား ပြန်မပြောတော့ပါ။

သူသည် တံခါးကိုဖွင့်၍ အပြင်သို့ တစ်ချက်လှမ်းကြည့်လိုက်ပြီး....

'လာဟေ့၊ ငါတို့တောင်ဘက်လမ်းက သွားကြမယ်'

ဟု ပြောကာအမှောင်ထုအတွင်းသို့လျင်မြန်စွာ ဝင်ရောက်သွား၏။

ကျင်းဖုန်းက ပခုံးတစ်ချက် တွန့်လိုက်ပြီး ရှောင်ရှမ်း၏ နောက်သို့ ပြေးလိုက်သွားလေသည်။

ယင်းအချိန်....

သူတို့ မသိလိုက်သောလှုပ်ရှားမှုတစ်ခုက ဖြစ်ပေါ်လာ၏။

ဤလှုပ်ရှားမှုမှာ....

အဘိုးအိုသည် လဲကျနေရာမှ အားယူထလိုက်ပြီး အချက်ပေး ခေါင်းလောင်း၏ အနီးရောင် ပိုးကြိုးဆီသို့ လက်လှမ်းလိုက်လေတော့သည်။

*   *   *



ရှောင်ရှမ်းသည် အကျဉ်းထောင်အတွင်း ကင်းလှည့်နေသော ရဲမက်များက ဖြတ်ကျော်သွားသည့်အခါမှ ပုန်းကွယ်နေသော မှောင်ရိပ်ထဲမှ လှမ်းထွက်လိုက်လေသည်။

ထို့နောက်....

သူက ကျင်းဖုန်းဘက်သို့ လှည့်ကြည့်ကာ မိမိနောက်သို့ လိုက်လာရန် အချက်ပြလိုက်ပြီး မီးခိုးရောင်ရှိသော မြင့်မားစွာ ကာရံထားသည့် ထောင်နံရံဆီသို့ပြေးလွှားသွား၏။

ကျင်းဖုန်းက ဝန်းကျင်အား တစ်ချက်ကြည့်ကာ ရှောင်ရှမ်းနောက်သို့ ပြေးလိုက်သွားလေသည်။

ရှောင်ရှမ်းသည်တွေဝေခြင်းမရှိဘဲ နံရံပေါ်မှ တွဲလောင်းကျနေသည့် ကြိုးတစ်ခုကို တွဲခိုကာ ခြေဖြင့်ကန်ရင်း တက်သွား၏။

ကျင်းဖုန်းက သူ့နောက်မှ ကြိုးစကိုဆွဲကိုင်ကာ လှမ်းတက်သွားလေသည်။

ယင်းအချိန်မှာပင်....

'ဒေါင်....ဒေါင်....ဒေါင်'

အချက်ပေး ခေါင်းလောင်းသံများက ဆူညံစွာ ထွက်ပေါ်လာလေတော့၏။

*   *   *

'ဒေါင်....ဒေါင်....ဒေါင်'

အချက်ပေးခေါင်းလောင်းသံများက ဆူညံစွာထွက်ပေါ်လာလေသည်။

ဤခေါင်းလောင်းသံကြောင့် အကျဉ်းထောင်စောင့် ရဲမက်များက လှုပ်ရှားလာကြ၏။

ထောင်နံရံပေါ်သို့ ရောက်ရှိသွားသည့် ရှောင်ရှမ်းက ကျောင်းဖုန်းအတွက် စိုးရိမ်စွာ ငုံ့ကြည့်လိုက်လေသည်။

ကျောင်းဖုန်းက ထောင်နံရံ၏ တစ်ဝက်ခန့်သာ ရောက်ရှိသေး၏။

ရှောင်ရှမ်းက ကမန်းကတန်း သတိပေးလိုက်သည်။

'မြန်မြန်တက်ခဲ့'

သူ၏အသံက ကျောင်းဖုန်းကြားရုံမျှသာဖြစ်သည်။

ကျောင်းဖုန်းက တစ်ချက်တီးတိုးကျိန်ဆဲလိုက်ပြီး ထောင်နံရံပေါ်သို့ အမြန်ဆုံးရောက်အောင် ကြိုးစား၍ တွယ်တက်လိုက်၏။

ယင်းအချိန်မှာပင်....

'ဟိုမှာ....ဟိုမှာ'

ယဇ္ဇီးအသံနှင့်အတူ မီမီတို့ရှိရာသို့ ရဲမက်များ ပြေးသွားလာသည်ကို တွေ့မြင်လိုက်ရလေသည်။



ကျောင်းဖုန်းက ထောင်နံရံပေါ်သို့ ရောက်ရှိချိန်တွင် ရဲမက်များက ထောင်နံရံ၏ခြေရင်းသို့ ရောက်ရှိသာပြီ ဖြစ်လေသည်။

ယင်းနောက်....

'လေးသည်တော်အထင့်မြင့်....ပစ်'

စကားသံဆုံးသည်နှင့်ဝီးလေးညို့သံများကြားလိုက်ရ၏။

ရှောင်ရှမ်းက တုံ့ဆိုင်းခြင်းမပြုဘဲ ကျောင်းဖုန်း၏လက်ကို ဆွဲကာ ထောင်နံရံ၏ တစ်ဖက်သို့ ခုန်ချလိုက်လေသည်။

ထိုတဒင်္ဂအချိန်လေးမှာပင်....

မြားတံများသည် သူတို့၏ဦးခေါင်းပေါ်မှ တဝှီးဝှီး မြည်ကာ ဖြတ်သန်းသွားလေတော့သည်။

* * *

ဤနေရာသည် ထောင်၏အပြင်ဘက်ဖြစ်သည်။

မှုန်ဝါးသောအလင်းရောင်ကြောင့် ထောင်နံရံအောက်တွင် ရပ်၍ထားသော ကောက်ရိုးတင်သွားသည့် လှည်းတစ်စီးကို တွေ့မြင်နိုင်မည် မဟုတ်ပါ။

အမှန်တွင်....

ဤလှည်းသည် ရှောင်ရှမ်းက ရပ်တန့်ထားခဲ့ခြင်းဖြစ်သည်။

သူသည် ထိုနေရာမှ ထောင်နံ့ရ ကိုကျော်ဝင်ကာ ကျောင်းဖုန်းအား ကယ်တင်ခဲ့ခြင်း ဖြစ်လေသည်။

ယခု....

သူက ကျောင်းဖုန်း၏လက်ကိုဆွဲကာ ကောက်ရိုးလှည်းပေါ်သို့ ခုန်ချလိုက်၏။

'ဖုတ်... ဖုတ်'

ဟူသော အသံနှင့်အတူ သူတို့နှစ်ယောက်က လှည်းပေါ်သို့ ကျသွားလေသည်။

တစ်ဖန်....

လှည်းပေါ်မှတစ်ဆင့် မြေပြင်သို့ ပြုတ်ကျသွား၏။

သူတို့သည် မြေပြင်ပေါ်မှ လူးလှိမ့်၍ ထလိုက်သည်။

ယင်းနောက်....

ရှောင်ရှမ်းသည် မလှမ်းမကမ်းရှိ လမ်းဘေးတစ်နေရာသို့ ညွှန်ပြကာ....

'ကျောင်းဖုန်း၊ ဟိုမှာမြင်းတွေ ငါ အဆင်သင့်လုပ်ထားတယ်'



ဟု တိုးတိုးပြောလိုက်သည်။

ကျောင်းဖုန်းက ကျေနပ်စွာ ပြုံးလိုက်လေသည်။

'ရှောင်ရှမ်း မင်းသိပ်တော်တယ်၊ အလုပ်လုပ်တဲ့နေရာမှာ မင်းက တကယ်သေသပ်တယ်'

သူက ချီးကျူးပြောဆိုရင်း မြင်းရှိရာသို့ ပြေးသွား၏။

သူသည် မြင်းများ ပုန်းကွယ်ထားသည့်နေရာသို့ ရောက်ရှိသွားသည့်အခါ မျက်လုံးအစုံတာ ဝင်းလက်တောက်ပသွားလေသည်။

အကြောင်းကား....

မြင်းနှင့်အတူ အသွားနှစ်ဖက်ရှိသော ဓားနှစ်လက်ရှိနေသည် မဟုတ်ပါလော။

ယင်းအချိန်မှာပင်....

အဝေးမှ မြင်းခွာသံများကို ဆူညံစွာ ကြားလိုက်ရလေတော့၏။

* * *

ရှောင်ရှမ်းက မြင်းပေါ်သို့ ကမန်းကတန်း ခုန်တက်လိုက်သည်။

'ကျင်းဖုန်း၊ ငါတို့ အရှေ့ဘက်ကိုသွားကြမယ်'

ဟု ပြောလိုက်လေသည်။

ထို့နောက်...

သူက မြင်းဇက်ကြိုးကိုဆွဲကာ အရှေ့ဘက်သို့ ဦးတည်လိုက်သည်။

ကျင်းဖုန်းက ရှောင်ရှမ်းအား တစ်ချက်ကြည့်လိုက်၏။

ယင်းနောက်...

မြင်းပေါ်သို့ခုန်တက်လိုက်ပြီး အကျဉ်းထောင်ဘက်သို့တစ်ချက် ပြန်ကြည့်လိုက်သည်။

အကျဉ်းထောင်ထဲမှ အစောင့်ရဲမက်များသည် တချို့က မြင်းကိုယ်စီဖြင့် ပြေးလာပြီး တချို့က ခြေကျင်ပြေးလွှားလာနေကြ၏။

ကျင်းဖုန်းက မြင်းပေါ်သို့ ခုန်တက်လိုက်သည်။

ယင်းနောက်...

မိမိတို့ထံသို့ ပြေးလွှားလာနေသောရဲမက်များထံသို့ဦးတည်ကာ တစ်ဟုန်ထိုး ပြေးသွားလေသည်။



တစ်ချိန်တည်းမှာပင် မြင်းကုန်းနှီးနှင့် ချိတ်ထားသော ဓားကို ဆွဲထုတ်လိုက်၏။

ရှောင်ရှမ်းသည် သူ၏အပြုအမူကြောင့် ငေးငိုင်သွားမိလေသည်။

'ကျင်းဖုန်း၊ ဒီဘက်ကိုလာလေ'

ဟု အော်ဟစ်ဟန့်တားလိုက်သည်။

သို့သော်...

ကျင်းဖုန်းသည် သူ၏စကားကို ဂရုမစိုက်တော့ပါ။

သွေးဆာနေသော လူတစ်ယောက်၏လက်ထဲသို့ ဓားရောက်လာသောအခါ ထိုလူသည် စိတ်ဓာတ်တက်ကြွသွားသည် မဟုတ်ပါလော။

ယခု...

ကျင်းဖုန်း၏ လက်ထဲတွင် ဓားနှစ်လက် ရှိနေပြီဖြစ်သည်။

ထို့ကြောင့်...

သူက ဓားနှစ်လက်ကိုဝှေ့ယမ်းကာ အစောင့်ရဲမက်များထံသို့ တစ်ဟုန်ထိုး ပြေးဝင်သွားသည်။

ရှောင်ရှမ်းက စိတ်ပျက်စွာဖြင့် ခေါင်းခါယမ်းရင်း မြင်းကို ရပ်တန့်လိုက်၏။

ထို့နောက်....

မြင်းဇက်ကြိုးကိုဆွဲလှည့်ကာ ကျင်းဖုန်း၏နောက်သို့ ပြေးလိုက်သွား၏။

ယင်းတဒင်္ဂအချိန်လေးမှာပင်....

အောင်ဟစ်သံ၊ ဓား ဓားချင်းထိသံများက ဆူညံစွာထွက်ပေါ်လာ၏။

ရှေ့ဆုံးမှ ပြေးဝင်လာသော ရဲမက်သုံးဦးသည် ကျင်းဖုန်း၏ ဓားအောက်၌ အသက်ဆုံးရှုံးသွားရလေသည်။

ထိုအခါ ရဲမက်များက ကျင်းဖုန်းအား ဝိုင်း၍တိုက်ခိုက်ကြလေသည်။

သို့သော်....

ကျင်းဖုန်းက လုံးဝမမှုပါချေ။

ထိုလူစုအား သူသည် တစ်ခဏအတွင်း အနိုင်ရရှိမည်ဟု ယူဆထားသည် မဟုတ်ပါလော။

သို့သော်....

အချိန်ကြာလာသည်နှင့်အမျှ မိမိ၏မြင်းကို ထိမှန်မည်ကို စိုးရိမ်လာမိ၏။



မြင်းက ထိတ်လန့်စွာဖြင့် ဝရုန်းသုန်းကား ပြေးနေလေသည်။

ထို့ကြောင့်....

သူ၏တိုက်ကွက်များသည် ဓားချက်တိုင်း ထိရောက်မှုမရှိဖြစ်နေလေသည်။

ယင်းအချိန်....

သူ၏မြင်းသည် ရဲမက်တစ်ဦး၏လှံချက်ကြောင့် လဲကျသွားလေသည်။

မြင်းနှင့်အတူ လူကလည်း ရောထွေးကျသွား၏။

ယင်းတဒင်္ဂအချိန်လေး အတွင်းမှာပင်....

ရဲမက်သုံးယောက်၏ ဓားသုံးလက်က သူ၏ခန္ဓာကိုယ်ပေါ်သို့ ကျရောက်လာလေသည်။

သို့သော်....

'ဝိုး....ဝိုး... ဝိုး'

ရုတ်တရက် သေးငယ်သော အပ်ကလေးသုံးချောင်းက ရဲမက် သုံးယောက်၏ လက်မောင်းဆီသို့ စိုက်ဝင်လာလေသည်။

ရဲမက်သုံးယောက်၏ဓားများက မြေပြင်ပေါ်သို့ လွတ်ကျကုန်လေသည်။

ကျင်းဖုန်းက ရရှိလာသော အခွင့်အရေးကို လက်လွှတ်မခံပါ။

သူကဲ ကမန်းကတန်း လူးလှိမ့်ထလိုက်၏။

သူက အစောင့်များ ပစ်လွှင့်လာရာသို့ လှည့်ကြည့်လိုက်သည်။

ယင်းသို့ ကြည့်လိုက်မိသည်နှင့် တစ်ပြိုင်နက် စိတ်ဓာတ်တက်ကြွသွား၏။

အကြောင်းကား....

ရှောင်ရှမ်းသည် မြင်းကိုဒုန်းစိုင်းကာ တိုက်ပွဲဆီသို့ ပြေးဝင်လာနေသည် မဟုတ်ပါလော။

'ဟား... ဟား... ဟား.... သေကြာမ်း'

သူက ဓားနှစ်လက်အား ဝှေ့ယမ်းကာ တိုက်ခိုက်နေလေသည်။

ရှောင်ရှမ်းက တိုက်ပွဲအတွင်းသို့ဝင်လာပြီး....

'ကျင်းဖုန်း၊ ငါတို့သွားကြစို့'

ကျင်းဖုန်းက ရဲမက်များအား ပြင်းပြင်းထန်ထန်တိုက်ခိုက်ရင်း....

'ဒီကောင်တွေကို အပြတ်ရှင်းဦးမယ်'



ရှောင်ရှမ်းက မိမိအား တိုက်ခိုက်လာသော ရဲမက်များ၏ ဓားချက်များကို ရှောင်တိမ်းကာကွယ်ရင်းမှ....

'ကဲ....မင်းမလိုက်ချင်နေခဲ့တော့ ငါသွားတော့မယ်'

ပြောပြီး တိုက်ပွဲအတွင်းမှ ပြန်လည်ထွက်ခွာသွား၏။

ကျင်းဖုန်းက တိုက်ပွဲအတွင်းမှ ပြန်လည်မထွက်ခွာလိုသေးပါ။

သို့သော်....

ရှောင်ရှမ်းက အမှန်တကယ်ပင် ထွက်ခွာသွားတော့မည်ဟု နားလည်လိုက်၏။

သူက မိမိအား ဝိုင်းရံတိုက်ခိုက်နေသော ရဲမက်များအပေါ်မှ တစ်ပတ်ကျွမ်းထိုး၍ ခုန်ထွက်လိုက်လေသည်။

ယင်းအချိန်....

မြင်းစီးရဲမက်တစ်ဦးက ကျင်းဖုန်းအား ဝင်ရောက်တိုက်ခိုက်လိုက်သည်။

ကျင်းဖုန်းက သူ၏တိုက်ခိုက်မှုကိုရှောင်တိမ်းကာ မြင်းပေါ်မှ ဆွဲချလိုက်သည်။

ယင်းနောက်....

သခင်ကင်း လွတ်သွားသော မြင်းပေါ်သို့ လွှားခနဲ ခုန်တက်ကာ ရှောင်ရှမ်း၏မြင်းနောက်သို့ တစ်ဟုန်ထိုး မောင်းနှင်ကာ လိုက်ပါခဲ့လေတော့သည်။

*　*　*



မိုးမလင်းသေးပါ။

ထို့ကြောင့်…

ဝန်းကျင်တစ်ခုလုံးမှာကြယ်ကလေးများ၏ အလင်းရောင်က မှိန်ဝါးဝါးမျှသာ တွေ့မြင်ရလေသည်။

ရှောင်ရှမ်းက ရှေ့မှမြင်းကိုဒုန်းစိုင်းကာ မောင်းနှင်နေ၏။

ကျင်းဖုန်းက သူ့နောက်မှမြင်းကို အပြင်းနှင်ကာ လိုက်ပါလာလေသည်။

သူတို့နှစ်ယောက်သည် မြင်းကို ဟိုကွေ့ သည်ကောက် မောင်းနှင်ရင်း နောက်မှ လိုက်လာသော ရဲမက်များအား မျက်ခြည် ပြတ်ပစ်ခဲ့လေသည်။

အကယ်၍....

ရှောင်ရှမ်းတသားရှေ့မှလမ်းမပြလျှင် ကျင်းဖုန်းက ရဲမက်များအား မျက်ခြည်ပြတ်နိုင်မည် မဟုတ်ပါချေ။

အမှန်တွင်....

ရှောင်ရှမ်းက အကျဉ်းထောင် ရဲမက်များ လိုက်လာပါက မျက်ခြည်ပြတ်နိုင်ရန် ဤလမ်းကိုကြိုတင်၍ ရွေးချယ်ထားခဲ့ခြင်း ဖြစ်သည်။

ဤအချက်ကို သိရှိနေသော ကျင်းဖုန်းက ရှောင်ရှမ်းအား ကြည့်ကာ ပြုံးလိုက်၏။

ကျေနပ်သော အပြုံးဖြစ်သည်။

ယင်းအချိန်....

ရှောင်ရှမ်းက ရှေ့မှ ကာဆီးနေသော ခြောက်ပေခန့်ကျယ်သည့် ရေမြောင်းကို မြင်းနှင့်အတူ ခုန်ကျော်သွားလေသည်။

ကျင်းဖုန်းကလည်း မြင်းကို ခုန်ကျော်စေလိုက်၏။

သို့သော်....

'ဝုန်း'

ဟူသောအသံနှင့်အတူ ကျင်းဖုန်းသည် လူရောမြင်းပါ ရေမြောင်းထဲသို့ ထိုးကျသွား၏။



ရေမြောင်းကသိပ်မနက်ပါချေ။

ကျင်းဖုန်း၏ ဒူးဆစ်မျှသာရှိသည်။

သို့သော်....

ရေမြောင်းထဲရှိ ရေများမှာ ပုပ်သိုးနံစော်နေ၏။

ယင်းကြောင့်....

ကျင်းဖုန်းက မြောင်းပုပ် ရေများ စိုရွှဲနေသော မိမိ၏ခန္ဓာကိုယ်အား တစ်ချက်ငုံ့ကြည့်ကာ တီးတိုး ကျိန်ဆဲနေလေသည်။

ယင်းအချိန်....

ရှောင်ရှမ်းက ကျင်းဖုန်း၏အနီးသို့ ရောက်ရှိလာပြီး ကျင်းဖုန်း၏လက်ကိုဆွဲကာ ရေမြောင်းပေါ်သို့ ဆွဲတင်လိုက်၏။

သူက ပြုံးလိုက်ပြီး....

'ငါက ဒီမှာရေမြောင်းရှိမှန်း မင်းကိုပြောပြီး သတိမပေးမိဘူးကွာ'

ကျင်းဖုန်းကလည်း ပြုံးလိုက်လေသည်။

'ငါကလဲ အသုံးမကျတဲ့မြင်းကိုမှ စီးလာမိတယ်'

ရှောင်ရှမ်းက သူ့အား တစ်ချက်ကြည့်ကာ ရယ်မောလိုက်၏။

'ကျောင်းဖုန်း....နောက်ထပ် ငါတို့ ငါးမိုင်လောက်ခရီး ပေါက်တော့မှ စိတ်ချရလိမ့်မယ်နော်'

ကျောင်းဖုန်းက ပခုံးတစ်ချက်တွန့်လိုက်သည်။

'ငါ့အနားမှာ မင်းရှိနေမှတော့ ဘာမှစိုးရိမ်စရာမရှိတော့ပါဘူး'

ရှောင်ရှမ်းက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

'ငါက မင်းနဲ့အမြဲတမ်း အတူနေနိုင်ပါဘူး'

ကျောင်းဖုန်းက ရယ်မောလိုက်သည်။

'ဘာပဲဖြစ်ဖြစ် လောလောဆယ် မင်းကရှိနေတယ်လေ'

ရှောင်ရှမ်းက ပါးစပ်ပိတ်ထားလိုက်ရ၏။

ကျောင်းဖုန်းက အားပါးတရ ရယ်မောလိုက်လေသည်။

သူက မြင်းပေါ်သို့ တက်လိုက်၏။

သူသည် အရှေ့ဘက်သို့ တစ်ချက်မျှော်ကြည့်ကာ....

'ရှောင်ရှမ်း ဒီကနေ တစ်မိုင်လောက်ထပ်သွားရင် ငါ့သူငယ်ချင်းရဲ့ စတုတ္ထဇနီးဆီကိုရောက်မယ်'

ရှောင်ရှမ်းကသူ့အား စိုက်ကြည့်လိုက်သည်။

'မင်းကစတုတ္ထဇနီးဆီကိုဝင်တွေ့မယ့်သဘောလား'



ကျောင်းဖုန်းက ခေါင်းညိတ်ပြလိုက်၏။

'ဟုတ်တယ်'

ရှောင်ရှမ်းက ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်တို့က မိုးမလင်းခင် နောက်ထပ် ငါးမိုင်လောက် ခရီးရောက်နိုင်မှ စိတ်ချရလိမ့်မယ်'

ကျောင်းဖုန်းက ရယ်မောလိုက်၏။

'ဟား....ဟား....ဟား၊ ခက်တာပဲ၊ ငါက မြောင်းပုပ်နံ့ကို မခံချင်ဘူး'

ရှောင်ရှမ်းကသူ့အား စေ့စေ့ကြည့်လိုက်သည်။

'မင်းက မြောင်းပုပ်နံ့ကို မခံနိုင်တာလား၊ မင်းသူငယ်ချင်းရဲ့ စတုတ္ထဇနီးကို သွားတွေ့ချင်တာလား'

ကျောင်းဖုန်းက ရယ်မောလိုက်သည်။

'ကမ္ဘာပေါ်မှာ ငါ့ရဲ့သဘောထားကို နားမလည်ဆုံးလူကမင်းပဲ'

ရှောင်ရှမ်းက မဲ့ပြုံးပြုံးလိုက်၏။

'အဲ....ခုလိုအချိန်မျိုးမှာတောင် မင်းက ဒီကိစ္စကို စိတ်ဝင်စားတောလား၊ သူများမိန်းမအိမ်ကို သွားမယ်ဆိုရင် ငါတော့ မလိုက်ဘူး'

ကျောင်းဖုန်းက ပြုံးလိုက်သည်။

'ဟာ....တယ်ဖြစ်မလဲ၊ လိုက်ခဲ့ပါ'

ရှောင်ရှမ်းက ခေါင်းခါယမ်းလိုက်၏။

'မင်းဘာသာမင်းသွားပါ'

ကျင်းဖုန်းက ခေါင်းကုတ်လိုက်သည်။

'ဒါဆို ဒီလိုလုပ်ရင် မကောင်းဘူးလား'

ရှောင်ရှမ်းက လက်ကာပြလိုက်၏။

'ဘာလဲ၊ အန်စာတုံးနဲ့ ဆုံးဖြတ်မလို့မဟုတ်လား'

ကျင်းဖုန်းက ရယ်မောလိုက်သည်။

'ဒါပေါ့၊ စုံကိန်းကျရင် ငါပြောသလို မင်းလုပ်ရမယ်၊ မ-ကိန်းကျရင် မင်းသဘောပဲ'

ရှောင်ရှမ်းက မခိုးတစ်ချက်တွန့်လိုက်၏။

'ဘာပဲဖြစ်ဖြစ်၊ မနက်ငါးနာရီအထိပဲ မင်းကိုစောင့်မယ်'

ကျင်းဖုန်းက စကားမပြောတော့ပါ။

သူသည် အကျင်္ၤထောင်ကြပ်၏ အင်္ကျီအိတ်ထဲမှ ယူလာသော အန်စာတုံးနှစ်တုံးကို မိမိ၏အင်္ကျီအိတ်ထဲမှ ထုတ်လိုက်သည်။

ထို့နောက်....



လက်ထဲ၌ တစ်ချက်နှစ်ချက် ခေါက်လိုက်ပြီး မြေပေါ်သို့ ပစ်ချလိုက်၏။

အန်စာတုံးကလေးနှစ်တုံးသည် မြေပေါ်မှ လေးပတ်မျှ လိမ့်ကာ ရပ်တန့်သွားသည်။

အန်စာတုံးတစ်လုံးက တစ်ဂဏန်းဖြစ်ပြီး ကျန်တစ်လုံးက ခြောက်ဂဏန်းဖြစ်သည်။

နှစ်ခုပေါင်းတော့ ခုနစ်ဖြစ်နေချေပြီ။

ကျင်းဖုန်းက ပြုံးလိုက်သည်။

ကျေနပ်အားရသော အပြုံးမျိုးဖြစ်၏။

ရှောင်ရှမ်းကမူ အန်စာတုံးနှစ်တုံးအား ကြည့်ကာ သက်ပြင်းတစ်ချက် ချလိုက်မိလေတော့သည်။

* * *

ဤနေရာသည် ချောင်ကျသည်ဟု မဆိုသာပါ။

သို့သော်....

ဤအရာရှိအိမ်များသည် ခြံဝင်းကျယ်သဖြင့် တစ်အိမ်နှင့်တစ်အိမ် အလှမ်းဝေးလှ၏။

လမ်းမကြီးမှ ခွဲထွက်လာသော မြေနီလမ်းကလေးအတိုင်း အတန်ကြာအောင် ခရီးနှင်လာသည့်အခါ ကျင်းဖုန်းနှင့် ရှောင်ရှမ်းတို့သည် ကြီးမားကျယ်ဝန်းလှသော ခြံဝင်းကြီးတစ်ခုရှေ့သို့ ရောက်ရှိလာလေသည်။

ရှောင်ရှမ်းက မြင်းကိုရပ်တန့်ကာ ခြံဝင်းထဲရှိ အိမ်သို့ လှမ်းမျှော်ကြည့်လိုက်၏။

သူသည် အိမ်ပုံစံကိုကြည့်လိုက်သည်နှင့် ရာထူးရာခံရှိသော မင်းမှုထမ်း၏ အိမ်ဖြစ်ကြောင်း သိရှိလိုက်လေသည်။

သူက ကျင်းဖုန်းအား တစ်စုံတစ်ခုပြောရန် ဟန်ပြင်လိုက်၏။

ယင်းအချိန်မှာပင်...

ကျင်းဖုန်းက မြင်းပေါ်မှဆင်းကာ....

'ငါအထဲဝင်လိုက်ဦးမယ်'

ပြောပြီး ခြံဝင်းဆီသို့ ပြေးလွှားသွားလေသည်။

ရှောင်ရှမ်းက ကမန်းကတန်း လှမ်းပြောလိုက်၏။

'ငါ ငါးနာရီအထိပဲ စောင့်မယ်၊ ငါးနာရီထိုးလို့မှ မလာရင် ငါ့ဘာသာ သွားတော့မယ်'



သူက ပြောရင်း ကျင်းဖုန်းမြင်း၏ဇက်ကြိုးကို လှမ်းဆွဲထားလိုက်လေသည်။

ကျင်းဖုန်းက သူ့အား ပခုံးတစ်ချက် တွန့်ပြကာ ခြံဝင်းထဲသို့ ပြေးဝင်သွားလေတော့သည်။

* * *

ကျင်းဖုန်းသည် အဆောက်အအုံဆီသို့ မှောင်ရိပ်ခိုကာ ပြေးကပ်လာ၏။

သူကပြတင်းပေါက်တစ်ခုအနီးတွင် ရပ်တန့်လိုက်လေသည်။

ယင်းနောက်....

ခေါင်းဦးအား ပြတင်းပေါက်ထဲသို့ ထိုးသွင်းကာ ကလန့်လိုက်၏။

'ချပ်'

ဟူသောအသံနှင့်အတူ ပြတင်းပေါက်တံခါး ပွင့်သွားလေသည်။

ထို့နောက်....

ဖွင့်ဟသွားသော ပြတင်းပေါက်မှတစ်ဆင့် အိမ်ထဲသို့ ဝင်ရောက်လိုက်၏။

သူက ဝန်းကျင်တစ်ခုလုံးအား မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်သည်။

ယခု သူရောက်ရှိနေသောအခန်းသည် အောက်ထပ်အခန်းဖြစ်၏။

ဧည့်ခန်းထဲတွင် သက်ရှိဟူ၍ ကြောင်တစ်ကောင်မျှပင် မတွေ့ရပါ။

ဧည့်ခန်းတစ်ခုလုံးအား အဖိုးတန် ပရိဘောဂများဖြင့် မွမ်းမံထားလေသည်။

ကျင်းဖုန်းက မဲ့ပြုံးပြုံးလိုက်သည်။

သူက တစ်ချက် တီးတိုးကျိန်ဆဲလိုက်ပြီး တတ္တ ိပါကော်ဇော ခင်းထားသည့်အတိုင်း အပေါ်ထပ်သို့ တက်သွားလေသည်။

သူက အိပ်ခန်းတစ်ခန်းရှေ့သို့ ရောက်သောအခါ ခေတ္တရပ်တန့် နားစွင့်လိုက်၏။

ထို့နောက်....



အခန်းတံခါးကို ဆွဲဖွင့်လိုက်လေသည်။

ပြီးမှအခန်းထဲသို့ တစ်လှမ်းချင်း လှမ်းဝင်ခဲ့လေတော့၏။

* * *

ရှောင်ရှမ်းသည် မိုးကောင်းကင်ပေါ်သို့ တစ်ချက်မော့ကြည့်လိုက်သည်။

ယင်းနောက်....

ခြံဝင်းထဲသို့ တစ်ချက် လှမ်းကြည့်လိုက်လေသည်။

ကျင်းဖုန်းတစ်ယောက် အိမ်ထဲသို့ လှမ်းဝင်ခဲ့သည်မှာကြာပြီ ဖြစ်၏။

ရှောင်ရှမ်းက ခြံဝင်းရှေ့တွင် ခေါက်တုံ့ ခေါက်ပြန် လျှောက်တာ မကြာခဏ အိမ်ရှိရာသို့ လှမ်းကြည့်လိုက်သည်။

ရုတ်တရက်....

အေးမြသော လေတစ်ချက် တိုက်ခတ်လာ၏။

ထိုလေနှင့်အတူ ဝေးလံသော အရပ်ဆီမှ အုန်းမောင်းခေါက်သံ သေးချက်တိတိ ထွက်ပေါ်လာလေသည်။

သူက သက်ပြင်းတစ်ချက်ချလိုက်သည်။

'အင်း....လေးနာရီတောင်မှ ထိုးပြီ၊ ဟိုကောင်က ခုချိန်ထိ ထွက်မလာသေးပါလား'

ဟု ညည်းညူလိုက်လေတော့၏။

* * *

ခြင်ထောင်ဇာက ပါးလွှာလွန်းလှ၏။

ထို့ကြောင့်....

ခြင်ထောင်ထဲမှ အမျိုးသားနှင့် အမျိုးသမီးအားထင်ရှားစွာ ဖောက်ထွင်း မြင်နေရလေသည်။

ကျောင်းဖုန်းက သူတို့နှစ်ယောက်အားကြည့်ကာ မဲ့ပြုံးပြုံးလိုက်သည်။

ခြင်ထောင်ထဲမှ အမျိုးသားမှာ ခရိုင်တရားသူကြီး ဖြစ်ကြောင်း သူကသိရှိထား၏။

အကြောင်းကား....



သူ့အား သေဒဏ်ချမှတ်လိုက်သောတရားသူကြီးမှာ ထိုလူမဟုတ်ပါလော။

သူက အမျိုးသမီး၏သွားကြောများကို ပိတ်လိုက်သည်။

ယင်းနောက်....

တရားသူကြီးသည် သူ့အားတွေ့မြင်လိုက်သောအခါ သရဲတစ္ဆေအား တွေ့မြင်လိုက်ရသကဲ့သို့ ထိတ်လန့် တုန်လှုပ်သွားလေသည်။

'ဟင်....မင်း....မင်း'

ကျောင်းဖုန်းက ပြုံးပြလိုက်၏။

အလွန်အေးစက်လှသည့် အပြုံးမျိုးဖြစ်သည်။

'ခင်ဗျားနဲ့ကျုပ် လောင်းထားတာ ခင်ဗျား ရှုံးပြီ'

တရားသူကြီး၏ခန္ဓာကိုယ်တစ်ခုလုံး တုန်ခါနေလေသည်။

သူ၏မျက်ဝန်းထဲ၌ ကျောင်းဖုန်းအား သေဒဏ် ချမှတ်စဉ်တမိမိအား ကျောင်းဖုန်းက စူးစိုက်ကြည့်ရင်း အလောင်းအစားတစ်ခုလုပ်ခဲ့သည်ကို အမှတ်ရနေမိ၏။

ထိုအလောင်းအစားကား....

ကျောင်းဖုန်းက မသေခင်တစ်ရက်အလိုတွင် လာရောက်သတ်ပစ်မည်ဟုဆို၏။

တရားသူကြီးသည် ထိတ်လန့်တုန်လှုပ်သော မျက်ဝန်းအစုံဖြင့် ကျောင်းဖုန်းအားကြည့်ကာ ကြက်သေသေနေ၏။

ကျောင်းဖုန်းက မထိမဲ့မြင်ဟန်ဖြင့် ပြုံးပြလိုက်သည်။

ရုတ်တရက်....

သူက လက်တစ်ချက်လှုပ်ရှားလိုက်သည်။

ထိုအခါ....

သူ့လက်ထဲမှဓားက တရားသူကြီး၏လည်တိုင်ဆီသို့ စူးနစ်ဝင်ရောက်သွား၏။

သူ၏လှုပ်ရှားမှုမှာ လျှပ်စီးလက်လိုက်သည့်အလား လျင်မြန်လှပေသည်။

ခရိုင်တရားသူကြီးမှာ အော်ပင် မအော်လိုက်ဘဲ လဲပြိုကျသွား၏။

ယင်းအချိန်မှာပင်....

'အမယ်လေး'

ရုတ်တရက် ကြောက်လန့်တကြား အော်သံတစ်သံထွက်ပေါ်လာလေသည်။

ကျောင်းဖုန်းက နောက်သို့ လှည့်ကြည့်လိုက်၏။



သူက အခန်းထဲသို့ ဝင်လာစဉ် အခန်းတံခါး ပြန်မပိတ်မိခဲ့သဖြင့် အိမ်ဖော် အမျိုးသမီး တစ်ယောက်က ထမင်းချက်ရန်အထွက် ခရိုင်တရားသူကြီး သေဆုံးနေသည်ကို တွေ့မြင်ကာကြောက်လန့်တကြား အော်ဟစ်နေလေသည်။

ကျောင်းဖုန်းက သူမထံသို့ တစ်ဟုန်ထိုး ပြေးသွားလေတော့၏။

* * *

နေ့သစ်၏ ရွှေ့ပြေးရောင်နီသည် ကောင်းကင်ပေါ်သို့ ဖြန့်ကျက်စပြုလာပြီဖြစ်သည်။

ယင်းကြောင့်....

ကောင်းကင် တစ်ခုလုံးမှာ ပုစွန်ဆီရောင်ဖြင့် ဆေးခြယ်ထား၏။

ရှောင်ရှမ်းက ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်သည်။

'အင်း....ငါးနာရီ ထိုးတော့မယ်'

ဟု ခန့်မှန်းကာ ပြောလိုက်၏။

ယင်းအချိန်....

ရုတ်တရက် အမျိုးသမီးတစ်ယောက်၏ စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာလေသည်။

'ကယ်ကြပါ....ကယ်ကြ....'

သူမ၏ အသံက ရုတ်ခြည်းပင် ပြတ်တောက်သွားလေသည်။

ရှောင်ရှမ်းက ထိတ်လန့်သွားမိလေသည်။

သူသည် ကျင်းဖုန်းက ထိုအမျိုးသမီးအား သတ်ပစ်လိုက်ပြီဟု နားလည်လိုက်လေသည်။

ယင်းအချိန်မှာပင်....

အိမ်ကြီး၏နောက်ဘက် အဆောင်များမှ မီးများလင်းလာလေသည်။

တစ်ဆက်တည်းမှာပင် လူငါးယောက်က ဓားကိုယ်စီကိုင်ကာ ပြေးလွှားလာကြ၏။

ထိုအချိန် အိမ်ရှေ့တံခါးပွင့်သွားပြီး ကျင်းဖုန်း ထွက်ပြေးလာသည်ကို တွေ့မြင်လိုက်ရလေသည်။

ယင်း တဒင်္ဂအချိန်ခလေးမှာပင်....

လူရိပ်နှစ်ခုက ကျင်းဖုန်းရှေ့သို့ ရောက်ရှိလာသလေသည်။



ကျင်းဖုန်းက ထိုလူရိပ်နှစ်ခုအား တိုက်ခိုက်လိုက်သည်။

ထိုအချိန်မှာပင်....

နောက်ထပ်လူရိပ်သုံးခုက ထပ်မံ ရောက်ရှိလာ၏။

ရှောင်ရှမ်းက ဦးခေါင်းကိုခါယမ်းကာ သက်ပြင်းတစ်ချက် ချလိုက်လေသည်။

ယင်းနောက်....

မြင်းပေါ်သို့ခုန်တက်ကာ လက်တစ်ဖက်က ကျင်းဖုန်း၏ မြင်းကိုဆွဲကာ ခြံဝင်းအတွင်းသို့ တစ်ဟုန်ထိုးမောင်းနှင်သွားလေတော့သည်။

* * *

ကျင်းဖုန်းက တီးတိုးကျိန်ဆဲကာ အိမ်ရှေ့မှလူတစ်ယောက်၏ ဦးခေါင်းပေါ်သို့ ခုန်ကျော်လိုက်လေသည်။

တစ်ဆက်တည်းမှာပင်....

လေထဲ၌ တစ်ပတ်ကျွမ်းပစ်ကာ ထပ်မံပြေးဝင်လာသော လူသုံးယောက်ကို ရင်ဆိုင်လိုက်လေသည်။

ဖေါး ဖေါးချင်း ထိသံများ ကျယ်လောင်စွာ ထွက်ပေါ် လာ၏။

ကျင်းဖုန်းက ထိုလူသုံးယောက်အား လှည့်ပတ်တိုက်ခိုက် လိုက်သည်။

သူ၏ရင်ထဲ၌ တစ်ချက်စိုးထိတ်သွား၏။

အကြောင်းကား....

သူရင်ဆိုင်နေရသော လူများသည် သိုင်းပညာ ထိပ်သီး အဆင့်ရှိကြသည့်လူများ ဖြစ်နေသည် မဟုတ်ပါလော။

သူက တိုက်ခိုက်ရင်း ရှုံးနိမ့်လာ၏။

ယင်းအချိန် ရုတ်တရက်....

'ကျင်းဖုန်း ဒီဘက်ကိုဖောက်ထွက်ခဲ့'

အော်ဟစ်သံကြောင့် ကျင်းဖုန်းက ချာခနဲ လှည့်ကြည့် လိုက်သည်။

ယင်းအချိန်....

ခရိုင်ဟရားသူကြီး၏ ကိုယ်ရံတော်များကမူ ရှောင်ရှမ်း အား ကြည့်ကာ ကြောင်အမ်းအမ်း ဖြစ်သွားကြလေသည်။



ကျင်းဖုန်းက ရရှိလာသော အခွင့်အရေးကို သက်လွတ်မခံ ပါချေ။

သူက မြေပြင်ပေါ်သို့ လက်ထောက်ကာ ကျွမ်းပစ်လိုက် သည်။

ရှောင်ရှမ်းက သူ၏နံဘေးမှ မြင်းကို ဒုန်းစိုင်းကာစီးနှင် သွားလေသည်။

သူနှင့်အတူ ကျင်းဖုန်း၏မြင်းကလည်း ကဆုန်ပေါက်ကာ ပြေးလိုက်ပါလာ၏။

ကျင်းဖုန်းက တုံ့ဆိုင်းခြင်းမရှိဘဲ မြင်းကျောပေါ်သို့ ခုန်တက်လိုက်သည်။

တဒင်္ဂအချိန်လေးအတွင်းမှာပင်....

သူတို့သည် ခြံဝင်းအပြင်သို့ ဘစ်ဟုန်ထိုး မြင်းကိုမောင်း ထွက်ခဲ့၏။

ကိုယ်ရံတော်ငါးယောက်က ခြံဝင်းအပြင်သို့ ပြေးထွက် လာချိန်တွင် သူတို့နှစ်ယောက်၏ အရိပ်အယောင်ကိုပင် မမြင် တွေ့ရတော့ပါချေ။

* * *

အရှက်ဦး၏ အလင်းရောင်က ကောင်းကင်တစ်ခုလုံးအား ဖြန့်ကျက်လာပြီ ဖြစ်သည်။

နံနက်ခင်း၏ အေးမြသောလေသည် သစ်ပင်များကြား မှ တိုးဝှေ့ထွက်လာလေသည်။

ကျောင်းဖုန်းနှင့် ရှောင်ရှမ်းတို့က ချမ်းစိမ့်သွားကြသည်။

ရှောင်ရှမ်းက ကောင်းကင်ပေါ်သို့ တစ်ချက်မော့ကြည့်ကာ သက်ပြင်းတစ်ချက် ချလိုက်မိလေသည်။

'အင်း....တောတောင်ရေမြေ ပြောင်းလဲလာပေမယ့်လူ့ အကျင့်က မပြောင်းလဲပါလား'

ကျောင်းဖုန်းက နှုတ်ခမ်းကို တစ်ချက်တွန့်၍ ပြုံးကာ မြစ်ကိုသာ မောင်းနှင်နေ၏။

ရှောင်ရှမ်းက မြင်းကိုရပ်တန့်ကာ သူ့အား စိုက်ကြည့်လိုက်သည်။

'ကျောင်းဖုန်း၊ မင်းအခုလိုပဲ သွေးအေးနေမယ်ဆိုရင် ငါတို့ လမ်းခွဲမှုဖြစ်တော့မယ်'

ကျောင်းဖုန်းက စကားပြန်မပြောပါ။

တောတောင်သဘာဝ၏အလှကိုသာ စိတ်ဝင်စားစွာကြည့်ရှုနေလေသည်။

ရှောင်ရှမ်းက သက်ပြင်းတစ်ချက်ချလိုက်၏။



'ကျောင်းဖုန်း၊ မင်းက ဘာဖြစ်လို့ ဟိုအမျိုးသမီးကို သတ်လိုက်တာလဲ'

ဟု မကျေမနပ်ဖြင့် မေးလိုက်သည်။

ကျောင်းဖုန်းက အပျင်းတစ်ချက်ဆန့်ကာ မလှမ်းမကမ်းရှိ ဇရပ်ပျက်အား ညွှန်ပြလိုက်လေသည်။

'ရှောင်ရှမ်း၊ ငါတို့တစ်ညလုံး အိပ်ရေးပျက်လာတာ ဟို ဇရပ်မှာ အနားယူကြရအောင်'

ရှောင်ရှမ်းက ခေါင်းခါယမ်းလိုက်သည်။

'အနားမယူချင်ဘူး'

ကျောင်းဖုန်းက ပြုံးလိုက်၏။

'ဒီလိုလုပ်မယ်၊ စုံကိုန်းကျရင် ငါတို့နားမယ်၊ မကိန်းကျရင် ငါတို့ဆက်ပြီးခရီးနှင်တာပေါ့'

ပြောပြီး အန်စာတုံးနှစ်လုံးကို ထုတ်ယူလိုက်သည်။

ရှောင်ရှမ်းက သူ့အား စိုက်ကြည့်နေ၏။

ယင်းအချိန်....

ကျောင်းဖုန်းက အန်စာတုံးနှစ်လုံးကို လှိမ့်လိုက်ပြီဖြစ်သည်။

တစ်လုံးက တစ်ဂဏန်းဖြစ်ပြီး ကျန်တစ်လုံးက သုံးဂဏန်း ဖြစ်နေ၏။

ကျောင်းဖုန်းက ပန်းတစ်ချက်တွန့်ကာ မြင်းပေါ်မှဆင်း၍ ဇရပ်ပျက်ဆီသို့ လျှောက်သွားလေသည်။

ရှောင်ရှမ်းက သက်ပြင်းတစ်ချက်ချကာ နောက်မှလိုက်ပါသွားရလေတော့သည်။

*　　*　　*

ဇရပ်ပျက်သည် နှစ်ပေါင်းများစွာ ယိုယွင်းပျက်စီးနေသဖြင့် ပင့်ကူအိမ်များနှင့် ဖုန်များကဲ ဖင်းမှုထား၏။

ကြီးမားသောမြေကြွက်ကြီးများသည် ဇရပ်ပျက်ပေါ်သို့ တက်တွယ်လာသော ရှောင်ရှမ်းနှင့် ကျောင်းဖုန်းတို့အား တစ်ချက်မျှ ပြူးကြောင်၍ကြည့်ပြီး ဟိုမှသည်မှ ပြေးလွှားနေလေသည်။

ရွှဲစောင်းနေသော တံခါးသည် အသာအယာတွန်းဖွင့်ရုံနှင့်....

'ဝုန်း'

ဟူသော အသံနှင့်အတူ ပြိုကျသွားလေသည်။



ဇရပ်၏ ကြမ်းခင်းများသည် ခြေတစ်လှမ်း လှမ်းတိုင်း တကျည်ကျည်မြည်နေလေသည်။

ရှောင်ရှမ်းက အိတ်ထဲမှ သက်ကိုင်ပဝါတစ်ထည်ကိုထုတ်ယူကာ ဖုန်များပေကျံသွားသော မိမိ၏လက်ကို သုတ်လိုက်သည်။

ကျောင်းဖုန်းက ပိုးမွှားများ၊ ကျိုးပဲ့နေသော ပရိဘောဂများရှိသည့် အခန်းများဆီသို့ တစ်ခန်းဝင် တစ်ခန်းထွက်ဖြင့် လှည့်ပတ်သွားနေလေသည်။

ရှောင်ရှမ်းက ခန်းမအလယ်၌ရပ်ကာ ကျန်ရစ်ခဲ့၏။

အတန်ကြာမှ....

ကျောင်းဖုန်းက သူ့အနီးသို့ ပြန်လည် ရောက်ရှိလာလေသည်။

'ဘယ်သူမှ မရှိဘူးကွ'

ရှောင်ရှမ်းကဲ ပြုံးလိုက်သည်။

'ဒီလောက် ချောင်ကျပြီး ပျက်စီးနေတဲ့ ဇရပ်ပျက်ကို ငါတို့နှစ်ယောက်က အရင်ဆုံး ရောက်လာတာ ဖြစ်ရမယ်'

ဟု ပြောလိုက်သည်။

ကျောင်းဖုန်းက သူ၏စကားကို သဘောကျသွားဟန်ဖြင့် တဟားဟား ရယ်မောလိုက်လေသည်။

ထို့နောက် သူကအိပ်စက်ရန် နေရာအား ရှာဖွေလိုက်၏။

ရှောင်ရှမ်းက တံခါးပျဉ်ပြားနှစ်ချပ်ကို မ,ယူကာ ခန်းမ၏အလယ်၌ ချထားလိုက်လေသည်။

သူက ကျင်းဖုန်းဘက်သို့ လှည့်ကြည့်ကာ....

'ကဲ....ငါတို့ ဒီမှာအိပ်ကြမယ်'

ဟု ပြောလိုက်လေသည်။

ကျင်းဖုန်းက ခေါင်းညိတ်ကာ သဲမှုန့်များအား ခါထုတ်လိုက်၏။

ရှောင်ရှမ်းက ယခုမှ သူ့အား သေချာစွာ ကြည့်လိုက်လေသည်။

ကျင်းဖုန်းသည် အကျဉ်းထောင်မှလွတ်လာသော အဝတ်အစားနှင့် မဟုတ်တော့ပါ။

သူ၏ခန္ဓာကိုယ်ပေါ်တွင် တောက်ပြောင်သော ပိုးသားဝတ်စုံဖြင့် ခံ့ညားနေလေသည်။

ယခုအချိန် သူ့အား မြင်တွေ့သူများသည် ဝရမ်းပြေးတစ်ယောက်ဟု ထင်ကြမည်မဟုတ်ပါ။

လူကုံထံ သူဌေးသူကြွယ်တစ်ယောက်ဟု ထင်မှတ်ကြပေလိမ့်မည်။

ထို့ပြင်....



သူ၏နောက်ကျော၌ အထုပ်တစ်ထုပ် ပိုးလွယ်ထားလေသည်။

ရှောင်ရှမ်းက ထိုအထုပ်အား မျက်မှောင်ကြုတ်ကာ စိုက်ကြည့်လိုက်၏။

ကျင်းဖုန်းက သူ၏မျက်လုံးအကြည့်ကို သတိပြုမိသဖြင့် ပြုံးလိုက်လေသည်။

'ရှောင်ရှမ်း မင်းဘာ ဘာဖြစ်နေတာလဲ'

ရှောင်ရှမ်းက သူ့အား စေ့စေ့ကြည့်လိုက်သည်။

'မင်း ဒီအဝတ်အစားတွေက'

သူ၏ စကားမဆုံးမီ ကျင်းဖုန်းက ပြုံး၍ လက်ကာပြလိုက်၏။

'ဒါများ အဆန်းလုပ်လို့ ငါဟိုအိမ်ကယူလာတာ'

ရှောင်ရှမ်းက သူ့အား ကြည့်ကာ မျက်မှောင်ကြုတ်လိုက်သည်။

ကျင်းဖုန်းက စကားဆက်လိုက်သည်။

'နေဦး မင်းကို ငါက ပြရဦးမယ်'

သူက ယင်းသို့ပြောပြီး နောက်ကျောမှ အထုပ်ကို ဖြေလိုက်၏။

အထုပ်အတွင်းမှ ရွှေ၊ ငွေ ရတနာများနှင့် အရက်တစ်အိုးပါရှိလာလေသည်။

ရှောင်ရှမ်းက သူ့အား မျက်လုံးပြူးကာ ကြည့်လိုက်၏။

ကျင်းဖုန်းက အရက်အိုးအား မြှောက်ပြလိုက်သည်။

'လာ....ငါတို့ ပျော်ပျော်ပါးပါးစားကြရအောင်'

ရှောင်ရှမ်း၏ မျက်နှာတစ်ခုလုံးမှာ အေးစက်တင်းမာလာလေသည်။

'ကျင်းဖုန်း'

ကျင်းဖုန်းက သူ့အား မျက်ခုံးပင့်ကာ ကြည့်လိုက်သည်။

'ဘာလဲ'

ရှောင်ရှမ်းက သူ့အား လက်ညှိုးထိုးလိုက်၏။

'မင်းလိမ်တာ၊ မင်း ငါ့ကိုလိမ်တာ မင်းပြောတော့ ဟို...မိန်းမနဲ့တွေ့မလို့ဆို'

ကျင်းဖုန်းက စကားပြန်မပြောပါ။

သူက အရက်အိုးကို မော့သောက်လိုက်၏။

ထို့နောက်....

ရှောင်ရှမ်းအား ကြည့်ကာ အားပါးတရ ရယ်မောလိုက်၏။



'ဟား....ဟား....ဟား ငါတို့ ခရီးကြမ်းနှင်လာခဲ့ရတယ် အပန်းဖြေပေါ့'

ပြောပြီး အရက်အိုးအား လှမ်းပေးလိုက်သည်။

ရှောင်ရှမ်းက မဲ့ပြုံးပြုံးလိုက်၏။

'ဒီအရက်အိုးနဲ့ ရွှေငွေတွေက မင်း ခိုးလာတာ၊ လုလာတာ၊ လိမ်လာတာ၊ ငါဘယ်တော့မှ မသောက်ဘူး ယူလဲမယူဘူး'

ကျင်းဖုန်းက သဘောကျစွာ ရယ်မောလိုက်သည်။

သူက ခေါင်းခါယမ်းလိုက်ပြီး....

'ရှောင်ရှမ်း...ရှောင်ရှမ်း မင်းက သဘောကောင်းတယ်၊ သူတစ်ပါးအပေါ် စေတနာထားတယ်၊ မှန်တာကိုပြောတယ်၊ ဟုတ်တာကိုလုပ်တယ်'

သူက စကားကို ခေတ္တရပ်နားကာ ခေါင်းခါယမ်းလိုက်သည်။

'ဒါပေမယ့် ရှုပ်ထွေးနေတဲ့ ဒီလောကကြီးထဲမှာ မင်းတစ်ယောက်တည်း သစ္စာရှိနေလို့မရဘူး၊ ကောင်းနေလို့မရဘူးကွ'

ရှောင်ရှမ်းက သူ့စကားကို ဂရုမစိုက်ဘဲ တံခါးတောင်ပေါ်တွင် လဲလျောင်းလိုက်လေသည်။

'မင်းစောစောက ဟိုအိမ်ထဲကို သွားတာဟာ စတုတ္ထမိန်းမကို တွေ့ဖို့မဟုတ်ဘဲ၊ သိုင်းပညာကို အလွဲသုံးစားလုပ်ပြီး လူသတ်တယ်၊ လုယက်တယ်၊ ဒါကိုအများကြီး နောက်ကျပြီးမှ ငါသိခွင့်ရလိုက်တယ်'

ကျောင်းဖုန်းက သူ့အား စေ့စေ့ကြည့်လိုက်၏။

'အဲဒီအိမ်က ဘယ်သူ့အိမ်လဲဆိုတာ မင်းသိလား'

ရှောင်ရှမ်းက သူ့အားမကြည့်ဘဲ....

'အနည်းဆုံး ရာထူးရာခံကြီးတဲ့ အိမ်ပဲဖြစ်ရမယ်'

ကျောင်းဖုန်းက မဲ့ပြုံးပြုံးလိုက်သည်။

'ဟုတ်တယ်၊ အဲဒီအိမ်ဟာ ခရိုင်တရားသူကြီးရဲ့အိမ်ပဲ'

ရှောင်ရှမ်းက သူ့အား စိုက်ကြည့်လိုက်၏။

'ဒါဆိုရင် မင်းကပိုပြီး မိုက်မဲတာပေါ့'

ကျောင်းဖုန်းက တင်းမာသောလေသံဖြင့်....

'မတရားတဲ့ တရားသူကြီးကို ငါသတ်တာ ငါ့မှာ အပြစ်ရှိလား'

ရှောင်ရှမ်းက သူ့အားစိုက်ကြည့်လျက်....

'မင်းက မတရားဘူးလို့ ပြောတာဟာ သူကမင်းကိုသေမိန့်ပေးခဲ့လို့မဟုတ်လား'



ကျောင်းဖုန်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

ရှောင်ရှမ်းက ခေါင်းခါယမ်းလိုက်၏။

'မင်းမှာအပြစ်ရှိလို့ အပြစ်ပေးတာပဲ မတရားတာ မရှိနိုင်ပါဘူး'

ကျောင်းဖုန်းက မဲ့ပြုံးပြုံးလိုက်သည်။

ရှောင်ရှမ်းက သူ့အားစိုက်ကြည့်ကာ စကားဆက်လိုက်၏။

'ဘာပဲဖြစ်ဖြစ် မင်းကိုကယ်ခဲ့မိတာ ငါ့အမှားပဲ'

ကျောင်းဖုန်းက ပြုံးလိုက်သည်။

သူက ရှောင်ရှမ်းအား ပခုံးတစ်ချက် ပုတ်လိုက်ပြီး....

'ဒီနေ့ ငါဒီလိုစကားပြောနေနိုင်တာဟာ မင်းရဲ့ကျေးဇူးကြောင့်ပါ၊ နို့မဟုတ်ဆိုရင် အခုချိန်မှာ ငါကသေလူ တစ်ယောက် ဖြစ်နေပြီလေ၊ ဒါကြောင့်မင်းကိုငါ တကယ်ပဲ ကျေးဇူးတင်ပါတယ်'

ရှောင်ရှမ်းက ခေါင်းခါယမ်းလိုက်သည်။

'ကျေးဇူးတင်စရာမလိုပါဘူး၊ ဒါဟာလွန်ခဲ့တဲ့ နှစ်ပေါင်းသယ်နှစ်နှစ်ဆီက မင်း ငါ့အပေါ်မှာ တင်ခဲ့တဲ့ ကျေးဇူးကို အကြွေးဆပ်တာပါ'

ကျောင်းဖုန်းက သူ့အား အတန်ကြာအောင် စိုက်ကြည့်ကာ အားပါးတရ ရယ်မောလိုက်လေတော့သည်။

* * *

လွန်ခဲ့သော နှစ်ပေါင်း တစ်ဆယ့်နှစ်နှစ်....

ယင်းကာလဆီက ရွှောင်ရှမ်းနှင့်ကျောင်းဖုန်းတို့သည်အသက် ဆယ့်နှစ်နှစ်အရွယ်ရှိ ကလေးငယ်များ ဖြစ်ကြလေသည်။

ပြေးလွှားဆော့ကစားရင်း ရွှောင်ရှမ်းက ချောက်ကမ်းပါးထဲသို့ ပြုတ်ကျခဲ့၏။

သို့သော်....

ရွှောင်ရှမ်းက ကံအားလျော်စွာဖြင့် ချောက်ကမ်းပါးနံရံတွင် ပေါက်နေသော သစ်ပင်ချုံနွယ်တစ်ခုပေါ်တွင် တင်နေခဲ့လေသည်။

ထိုအချိန်....

ကျောင်းဖုန်းက သူ့အားကြိုးဖြင့်ဆွဲတင်ကာ ကယ်တင်ခဲ့ဖူး၏။



ယင်းအဖြစ်အပျက်သည် တစ်ဆယ့်နှစ်နှစ်ကြာခဲ့ချေပြီ။

ယခု....

ရွှောင်ရှမ်းက အသက်နှစ်ဆယ့်နှစ်နှစ် ရှိခဲ့သော်လည်း ဤအဖြစ်အပျက်ကို မေ့ပျောက်နိုင်စွမ်း မရှိခဲ့ပါချေ။

ထို့ကြောင့်....

သူက ယခုကဲ့သို့ ကျေးဇူးတုံ့ပြန်လိုက်ခြင်း ဖြစ်လေသည်။

ကျောင်းဖုန်းက အားပါးတရ ရယ်မောလိုက်သည်။

'ဟား....ဟား....ဟား၊ ဘာလဲ မင်းဟာငါ့ကို ညီအစ်ကိုလို သဘောမထားတော့ဘူးလား'

ရွှောင်ရှမ်းက သက်ပြင်းတစ်ချက်ချလိုက်၏။

'အင်း....မင်းနဲ့ငါက စိတ်သဘောထားခြင်းမှ မတိုက်ဆိုင်ကြတာပဲ'

ကျောင်းဖုန်းက ပြုံးလိုက်သည်။

'ဒါပေမယ့် မင်းနဲ့ငါပေါင်းလိုက်ရင် ဘယ်သူမှ မိမှာမဟုတ်တော့ဘူး'

ရွှောင်ရှမ်းက သူ့အား စေ့စေ့ကြည့်လိုက်၏။

‘မင်းက အခုလို သိုင်းပညာအားကိုးနဲ့ နိုင်ငံထက်စီးနင်း လုပ်နေတာတွေဟာ ဆရာသာရှိရင် မလွယ်ဘူးနော်’

ကျင်းဖုန်းက ပြုံးလိုက်လေသည်။

‘အခု ဆရာမှ မရှိတော့တာဘဲ’

ရှောင်ရှမ်းက သူ့အား စိုက်ကြည့်လိုက်၏။

‘ဆရာ့ကိုယ်စား ငါက မင်းကို အပြစ်ပေးမယ်’

ကျင်းဖုန်းက ရယ်မောလိုက်သည်။

‘ဘာလဲ တောင်အောက်ရေကို တောင်ပေါ်တင်ရမှာလား’

ရှောင်ရှမ်းက ခေါင်းခါယမ်းလိုက်၏။

‘မဟုတ်ဘူး’

ကျင်းဖုန်းက မျက်ခုံးပင့်ကာ ကြည့်လိုက်သည်။

‘ဒါဖြင့်’

ရှောင်ရှမ်းက အေးစက်စက်အသံဖြင့်....

‘မင်းနဲ့ငါ လမ်းခွဲမယ်’

ကျင်းဖုန်း၏မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။

သူက ရှောင်ရှမ်းအား စိုက်ကြည့်လိုက်၏။



ရှောင်ရှမ်းက တည်ငြိမ်စွာဖြင့် စကားဆက်လိုက်၏။

‘ငါအခု ဒီကနေထွက်သွားပြီးတာနဲ့ငါ့ရဲ့နာမည်ကို ပြောင်းမယ်၊ ပြီးရင် သိုင်းလောကထဲကထွက်ပြီး သာမန်လူ တစ်ယောက်လို နေတော့မယ်’

ကျင်းဖုန်းက သူ့အားစိုက်ကြည့်လိုက်သည်။

‘မင်းတကယ် ပြောတာလား’

ရှောင်ရှမ်းက ခေါင်းညိတ်လိုက်၏။

‘တကယ်ပေါ့’

ကျင်းဖုန်းက အရက်ကိုတစ်ကြိုက်မော့သောက်ပြီး နောက် ဓားကို ဆွဲထုတ်လိုက်သည်။ ပြီးမှ သူက နှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်သည်။

‘အင်း....ရာဇဝင်မှာကျူးတောခိုမင်းနဲ့ကျူးယိဆိုတဲ့ သူရဲကောင်းနှစ်ယောက်ရှိခဲ့တယ်၊ နှစ်ယောက်စလုံး သိုင်းပညာ သိပ်ပြီး အဆင့်မြင့်တယ်၊ ဒါပေမယ့် တကယ်တမ်းယှဉ်ပြိုင်ကြတော့ ကျူးယိက တစ်ကွက်ရှုံးသွားခဲ့တယ်’

ရှောင်ရှမ်းက ကျင်းဖုန်းအား မျက်လုံးတစ်ချက် လှန်ကြည့်လိုက်သည်။

‘မင်း ဘာတွေလာပြောနေတာလဲ’

ကျင်းဖုန်းက သူ၏စကားကို အဖြေမပေးပါ။

'ကျူးယိက သေကာနီးမှာပြောခဲ့တယ်၊ လောကကြီးမှာ ဘာဖြစ်လို့ သူ့ရဲ့ကောင်းနှစ်ယောက်ကို တစ်ပြိုင်နက်မွေးခဲ့တာ လဲတဲ့'

ရှောင်ရှမ်းက မျက်မှောင်ကြုတ်လိုက်လေသည်။

'မင်း ဘာကိုဆိုလိုတာလဲ'

ကျင်းဖုန်းက ရယ်မောလိုက်သည်။

'ဆရာက ဘာဖြစ်လို့ ငါတို့နှစ်ယောက်ကို တစ်ပြိုင်တည်း တပည့်အဖြစ် မွေးရတာလဲ'

ရှောင်ရှမ်းက ပို၍ မျက်မှောင်ကြုတ်လိုက်၏။

'ကျင်းဖုန်း မင်းရူးနေပြီလား'

ကျင်းဖုန်းက ရုတ်တရက်ဓားကို ဝှေ့ယမ်းလိုက်သည်။

'အခု ငါတို့လဲ ကျူးတောင်ခိုမင်နဲ့ ကျူးယိလို ဘယ်သူ ပညာသာတယ်ဆိုတာ စမ်းကြည့်ရအောင်'

သူက ယင်းသို့ပြောပြီး ရှောင်ရှမ်း၏ ရင်ညွှန့်ဆီသို့ ဓားဖြင့် ထိုးကပ်ထားလိုက်လေတော့သည်။



ကျင်းဖုန်း၏ ဓားဖျားသည် ရှောင်ရှမ်း၏ ရင်ညွှန့်၌ကပ်လျက်ရှိနေလေသည်။

ဓားဖျားမှ အေးစက်သောအငွေ့အသက်ကို ရှောင်ရှမ်းက ခံစားနေရ၏။

ရှောင်ရှမ်းက ကျင်းဖုန်းအား စူးရှစွာ စိုက်ကြည့်လိုက်သည်။

'ငါ မင်းနဲ့မပြိုင်ချင်ဘူး'

သူက ဟန်မူရာကင်းမဲ့စွာဖြင့် ပြောလိုက်၏။

ကျင်းဖုန်းက သူ့အား အေးစက်စက်မျက်လုံးအစုံဖြင့်ကြည့်လိုက်သည်။

'မင်းကမပြိုင်ချင်လဲ ငါကပြိုင်ရမှာပဲ'

ရှောင်ရှမ်းက သူ၏မျက်လုံးအား အတန်ကြာ စိုက်ကြည့်လိုက်သည်။

ကျင်းဖုန်း၏ မျက်လုံးအစုံတွင် လူသတ်လိုသောဟန်မူရာများ ပေါ်လွင်နေလေသည်။

ရှောင်ရှမ်းက ရင်ညွှန့်ဆီသို့ ချောက်နေသောဓားကို ငုံ့ကြည့်လိုက်ပြီး....

'ကျင်းဖုန်း မင်းဘာဖြစ်နေတာလဲ'

ကျင်းဖုန်းက အေးစက်တင်းမာသောလေသံဖြင့်....

'ငါက မင်းနဲ့သိုင်းပညာယှဉ်ပြိုင်မလို့လေ'

ရှောင်ရှမ်းက သူ့အားစိုက်ကြည့်လိုက်သည်။

'ဘယ်တော့ပြိုင်မှာလဲ'

ကျင်းဖုန်းက....

'အခု'

ရှောင်ရှမ်းက ပြုံးလိုက်သည်။

'ကောင်းပြီ....အခု မင်းရဲ့ခါးကင်္ဂါရစ်ဝကို ရောက်နေပြီ မင်းရဲ့သက် လှုပ်လိုက်တာနဲ့ငါရှုံးပြီ'

သူက စကားဆုံးသည်နှင့် မျက်လုံးကိုမှိတ်၍ အိပ်လိုက်လေ တော့သည်။ ကျင်းဖုန်းက အေးတိအေးစက်ဖြင့် မိမိအာ ဂရုမစိုက်ဘဲ အိပ်နေသည့်ရှောင်ရှမ်းကိုကြည့်ကာ အံ့ဩသွ၏။

သူက အတန်ကြာအောင် စိုက်ကြည့်ပြီးမှ....

'ဟား....ဟား....ဟား'

သူက ရယ်မောကာ ဓားကို ပြန်လည် ရုပ်သိမ်းလိုက်လေသည်။

ရှောင်ရှမ်းက မျက်လုံးကိုမှိတ်ထားသော်လည်း ဓါး အငွေ့အသက်များ ဝေးလွင့်သွားသောကြောင့် ခံစား ရ၏။



ထို့ကြောင့် သူက မျက်စိမှိတ်၍ အိပ်နေရာမှ....

'ကျင်းဖုန်း....ခါးမှာ မျက်စိမပါဘူးနော်၊ ငါတို့ယှဉ်ပြိုင် ကြရင် တစ်ယောက်မဟုတ်တစ်ယောက်ဒဏ်ရာရမှာပေါ့'

ကျင်းဖုန်းက နှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်သည်။

'ဒါက ဆန်းလို့လား'

ရှောင်ရှမ်းက မျက်လုံး ဖွင့်ကြည့်လိုက်သည်။

'ဒဏ်ရာရတာကမဆန်းပါဘူး၊ ဒါပေမယ့်....'

ကျင်းဖုန်းက မျက်မှောင်ကြုတ်လိုက်၏။

'ဒါပေမယ့် ဘာဖြစ်သလဲ'

ရှောင်ရှမ်းက ပြုံးလိုက်သည်။

'ဒါပေမယ့် မင်းကိုထိရင်လဲ မကောင်း၊ ငါ့ကိုထိရင်လဲ မကောင်းဘူး၊ ဒီတော့....'

ကျင်းဖုန်းက သူ့အား စိုက်ကြည့်လိုက်၏။

'ဒီတော့ဘာဖြစ်လဲ'

ရှောင်ရှမ်းက ပြုံးလိုက်သည်။

'မင်းက ငါနဲ့ သိုင်းပညာ ယှဉ်ချင်တယ် မဟုတ်လား'

ကျင်းဖုန်းက ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်တယ်'

'ဒါဆိုရင် ငါနဲ့လာအိပ်'

'နေပါဦး၊ မင်းစကားက ဘာသဘောလဲ'

ရှောင်ရှမ်းက ပြုံးလိုက်သည်။

'ဒီစကားရဲ့အဓိပ္ပာယ်ကို သိချင်ရင် ငါနဲ့လာအိပ်လေ'

ကျင်းဖုန်းက ခေါင်းညိတ်လိုက်၏။

'ကောင်းပြီ'

သူက ရှောင်ရှမ်း၏နံဘေးတွင် ဝင်အိပ်လိုက်လေသည်။

ရှောင်ရှမ်းက ပြုံးလျက်....

'ကဲ...မင်းနဲ့ငါ အခုချိန်ကစပြီး သိုင်းကွက်ကို ပါးစပ်က ပြောပြီး ယှဉ်ကြမယ်'

ထိုအခါ...

ကျင်းဖုန်းက သဘောပေါက်သွားကာ အားပါးတရ ရယ်မောလိုက်၏။

'ဟား....ဟား....ဟား ကောင်းပြီ၊ ကဲ....ငါတို့ စပြီး ယှဉ်ကြရအောင်'

ရှောင်ရှမ်းက ပြုံးလိုက်လေသည်။



'ကဲ...အခု ငါက မက်ဘတ်ရပ်နေတယ်၊ ညာဘက်ခြေထောက်ကို တစ်ချောင်းတည်း အားပြုရပ်နေတာနော်၊ ဘယ်ခြေကို မ,ထားတယ်၊ ညာဘက်လက်က ဓားကိုကိုင်ပြီး ရင်ညွှန့်ရှေ့မှာ ကွေးထားမယ်၊ ဘယ်ဘက် လက်ဝါးကို ခေါင်းပေါ်မှာ အုပ်ထားမယ်'

ကျင်းဖုန်းက ပြုံးလိုက်၏။

'ဒါဆိုရင် ငါက စွန်ချီတဲ့သိုင်းကွက်ကို သုံးမယ်'

ရှောင်ရှမ်းက....

'ငါကတော့ ကောင်းကင်ပျံတဲ့သိုင်း'

ကျင်းဖုန်းက မဲ့ပြုံးပြုံးလိုက်သည်။

'ဒါက ညာတာပဲ၊ မင်းက ကောင်းကင်ပျံတဲ့သိုင်းကွက်နဲ့ ငါ့ရဲ့ဓားအရှိန်ကို ပိုပြင်းအောင် ဖန်တီးပြီး ရုတ်တရက် ငါ့ရဲ့ အောက်ပိုင်းကိုဖြတ်တိုက်မှာပဲ၊ ဒီတော့ ငါက ဗျိုင်းထောင်ချောက်သိုင်းကွက်ကို သုံးမှာပေါ့'

ရှောင်ရှမ်းက ပြုံးလိုက်၏။

'ဒါဆိုရင် ငါက ပျံလွှားအစာရှာကာက် သိုင်းကွက်ကို သုံးမယ်'

ကျင်းဖုန်းက ပါးစပ်ပိတ်ထားလိုက်သည်။

သူ၏နဖူးခပေါ်မှ ချွေးစေးများ ထွက်လာလေသည်။

အကယ်၍ ဤသိုင်းကွက်များအတိုင်း အမှန်တကယ် ယှဉ်ပြိုင်မည်ဆိုပါက....

သူသည် ရှောင်ရှမ်း၏လက်ချက်ဖြင့် အသက်ပျောက်ရလိမ့်မည်ဟု နားလည်လိုက်သည် မဟုတ်ပါလော။

* * *

ကျွင်းဖုန်းက ရှောင်ရှမ်းအား မျက်လုံးပြူးကာ ကြည့်နေမိ၏။

မည်မျှ အချိန်ကြာသွားမှန်း မသိပါ။

သူက ပြန်လည်သတိဝင်လာချိန်တွင် ရှောင်ရှမ်းက နှစ်ခြိုက်စွာ အိပ်မောကျနေပြီဖြစ်လေသည်။

သူက သက်ပြင်းရှည်တစ်ချက်ချကာ မျက်လုံးကို မှိတ်၍ အိပ်လိုက်၏။

သို့သော်....

သူက အိပ်မပျော်ပါချေ။



ရှောင်ရှမ်းက မိမိထက် တစ်ကွက်အသာရရှိသွားသဖြင့် အိပ်မပျော်ခြင်း ဖြစ်သည်။

ကျွင်းဖုန်းသည် အဆင့်မြင့်သိုင်းပညာရှင် တစ်ဦးဖြစ်၏။

အကယ်၍....

ရှောင်ရှမ်းကသာ လောကပေါ်တွင် မရှိပါလျှင် မိမိသည် နံပါတ်တစ် သိုင်းသမားဖြစ်လာလိမ့်မည်ဟု ယုံကြည်လာလေသည်။

ထို့ကြောင့်....

သူက ရှောင်ရှမ်းအား လုပ်ကြံလိုသော ဆန္ဒများ ပေါ်ပေါက်လာ၏။

သူသည် အိပ်ပျော်နေသော ရှောင်ရှမ်းအား ကြည့်ကာ နှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်သည်။

ယင်းနောက်....

မိမိ၏ ဓားကိုလှမ်းယူကာ ဓားအိမ်မှဓားကို အသာအယာ ထုတ်လိုက်လေသည်။

သူသည် ရှောင်ရှမ်းက နှစ်ခြိုက်စွာ အိပ်ပျော်နေစဉ် သတ်ပါက လွယ်ကူလိမ့်မည်ဟု တွေးမိလိုက်သည်။

သူက လက်ထဲမှဓားကိုမြှောက်ကာ ရှောင်ရှမ်း၏ဦးခေါင်းအား ပိုင်းချလိုက်လေသည်။

သို့သော်...

သူ၏ခြေက ရှောင်ရှမ်း၏သည်ပင်းနှင့် တစ်လက်မခန့်အလို တွင် ရပ်တန့်သွား၏။

သူက ရှောင်ရှမ်းအား မသတ်ရက်ပါ။

ရုတ်တရက်။

သူ၏မျက်လုံးအိမ်ထဲတွင် မိမိနှင့်ရှောင်ရှမ်းက ငယ်စဉ်က တည်းမှစ၍ ပြေးလွှားဆော့ကစားနေသော ရှောင်ရှမ်းကို ပြန် လည်မြင်ယောင်လာလေသည်။

သူ၏ခြေက ရှောင်ရှမ်း၏ လည်ပင်းပေါ်၌ အတန်ကြာ ဝဲနေ၏။

နောက်ဆုံးတွင် သူက ဘက်ပြင်းတစ်ချက်ချလိုက်ပြီး မိမိ လက်ထဲမှဓား အဝေးသို့ လွှင့်ပစ်လိုက်လေသည်။

ယင်းနောက်....

ရှောင်ရှမ်း၏ နံဘေးတွင်လှဲကာ အိပ်ချလိုက်သည်။

ထိုအချိန်....

ရှောင်ရှမ်း၏ နှုတ်ခမ်းပေါ်၌ အပြုံးတစ်ချက် ပေါ်လွင် လာလေသည်။



သို့သော်....

ထိုအပြုံးကို ကျောင်းဖုန်းက မမြင်တွေ့လိုက်မိပါချေ။

* * *

နေမင်းသည် သစ်တစ်ပင်အမြင့်သို့ ရောက်ရှိနေပြီဖြစ်သည်။

မကြာမီ....

မွန်းတည့်အချိန် ရောက်ပေတော့မည်။

ကျောင်းဖုန်းက အိပ်ရာမှနိုးလာ၏။

သူက အိပ်ရာမှနိုးလျှင်နိုးခြင်း ရှောင်ရှမ်းကို ကြည့်လိုက် လေသည်။

ရုတ်တရက်....

သူ၏မျက်လုံးများ ပြူးကျယ်သွားလေသည်။

အကြောင်းကား....

သူ့ဘေးတွင် ရှောင်ရှမ်းကို မတွေ့ရတော့ပါ။

ထို့ကြောင့်....

သူက အိပ်ရာမှလူးလှိမ့်ကာ ထထိုင်လိုက်၏။

ယင်းနောက်....

ဝန်းကျင်အား မျက်လုံးဝေ့ကာ ကြည့်လိုက်သည်။

ဇရပ်ပျက်ပေါ်တွင် ရှောင်ရှမ်း၏ အရိပ်အယောင်ကိုပင် မတွေ့ရပါချေ။

သူ၏ရင်ထဲ၌ စိုးရိမ်သွားမိသည်။

ရှောင်ရှမ်းက မိမိအား အမှန်တကယ်ပင် ခွဲခွာပြီလော။

ထိုအချိန်....

သူ၏မျက်လုံးက ဓားပေါ်သို့ ရောက်ရှိသွား၏။

သူ ညကပစ်လွှင့်ခဲ့သော ဓားသည် ယခုအခါ ဓားအိမ်ထဲသို့ ပြန်လည်ရောက်ရှိနေပြီ ဖြစ်လေသည်။

ယင်းကြောင့်...

ရှောင်ရှမ်းက မိမိဓားကို ဓားအိမ်ထဲ ထည့်ပေးခဲ့ခြင်းဖြစ်ကြောင်း နားလည်လိုက်မိလေသည်။

ထိုတဒင်္ဂအချိန်လေးမှာပင်....

ဇရပ်ပေါ်သို့ တက်လာသော ခြေသံတစ်သံကို ကျင်းဖုန်းက ကြားလိုက်ရလေတော့သည်။



ရှောင်ရှမ်းက ဇရပ်ပျက်ပေါ်သို့ ရောက်ရှိလာသောအခါ ကျင်းဖုန်းအား မတွေ့ရတော့ပါချေ။

ထို့ကြောင့် သူက မျက်မှောင်ကြုတ်လိုက်သည်။

'ကျင်းဖုန်း၊ မင်းဘာတွေလျှောက်လုပ်နေပြန်ပြီလဲ'

ဟု အော်ဟစ်လိုက်၏။

သူ၏စကားဆုံးသည်နှင့် ဇရပ်ပျက်၏ ထုပ်တန်းအပေါ်မှ ကျင်းဖုန်းက ခုန်ချလာလေသည်။

ကျင်းဖုန်းက ရှောင်ရှမ်းအား ပြုံးပြလိုက်ပြီး....

'ငါ အိပ်ရာကနိုးတော့ မင်းကိုမတွေ့ရတော့ဘူး၊ ဒါကြောင့် ငါ့ကိုထားခဲ့ပြီး ထွက်သွားပြီလို့ ထင်နေတာကွ'

သူက စကားဆက်လိုက်သည်။

'အဲဒီအချိန်မှာ အသံတွေကြားရတော့ ငါကိုဒုက္ခပေးမယ့်ရန်သူတွေလာပြီဆိုပြီး ရင်ထိတ်သွားလို့ ထုပ်တန်းပေါ်မှာ တက်ပုန်းနေတာလေ'

ရှောင်ရှမ်းက မဲ့ပြုံးပြုံးလိုက်သည်။

'တရားသူကြီးကို မင်းသတ်ခဲ့တာ အာဏာပိုင်တွေကသာ သိသွားရင် အခုထက်ပိုပြီး ရင်ထိတ်နေရဦးမယ်'

ကျင်းဖုန်းက ပြုံးလိုက်၏။

'ငါ့နားမှာ မင်းရှိနေရင် ဘာမှ ကြောက်စရာရှိမှာ မဟုတ်ပါဘူး'

ရှောင်ရှမ်းက မဲ့ပြုံးပြုံးလိုက်သည်။

'ငါ့နားမှာ မင်းရှိနေရင် ငါက ပြဿနာများတယ်'

ကျွင်းဖုန်းက မဲ့ပြုံးပြုံးလိုက်၏။

'မင်းကငါနဲ့အတူမနေချင်ဘူးဆိုပါတော့'

ရှောင်ရှမ်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ငါမင်းနားမှာ တစ်သက်လုံးရှိနေမှာ မဟုတ်ဘူး'

ကျွင်းဖုန်းက ပြုံးလိုက်၏။

'စိတ်ချ၊ ငါကတော့မင်းနားမှာ အတူရှိနေမှာပဲ'

ရှောင်ရှမ်းက စကားပြန်မပြောတော့ပါ။

ကျွင်းဖုန်းက သူ့အားလှည့်ကြည့်ကာ စကားဆက်လိုက်သည်။

'ကျုပ်က မင်းနဲ့တစ်သက်လုံး အတူတူ ရှိနေနိုင်အောင်ကြိုးစားမယ်သိလား'

ရှောင်ရှမ်းက ခေါင်းခါယမ်းလိုက်သည်။

'ငါကတော့ မင်းကို လမ်းခွဲရလိမ့်မယ်'



ဟု ပြတ်သားစွာ ပြောလိုက်၏။

ကျွင်းဖုန်းက ခေါင်းခါယမ်းလိုက်သည်။

'မင်းငါနဲ့ လမ်းခွဲလို့ မရတော့ပါဘူး'

ရှောင်ရှမ်းက မျက်မှောင်ကြုတ်လိုက်သည်။

'ဘာဖြစ်လို့လဲ'

ကျွင်းဖုန်းက အားပါးတရ ရယ်မောလိုက်သည်။

'အခုချိန်ဆိုရင် အာဏာပိုင်တွေက မင်းနဲ့ငါ့ကို ဆုငွေထုတ်ထားရောပေါ့'

ရှောင်ရှမ်းက မျက်မှောင်ကြုတ်လိုက်၏။

'ငါ့ကို ဘာဖြစ်လို့ ဆုငွေထုတ်ရမှာလဲ'

ကျွင်းဖုန်းက ပြုံးလိုက်သည်။

'မင်းက ငါ့ကို ကယ်ခဲ့လို့ပေါ့'

ရှောင်ရှမ်းက စကားမပြောနိုင်တော့ပါ။

သူက ကျွင်းဖုန်းအားစူးစိုက်၍ ကြည့်နေမိလေတော့၏။

* * *

မှန်းတည့်ချိန်ဖြစ်သည်။

နေဝန်းသည်ရှောင်ရှမ်းနှင့်ကျောင်းဖုန်းတို့၏ခေါင်းပေါ်သို့ ရောက်ရှိနေပြီ ဖြစ်လေသည်။

ကျောင်းဖုန်းသည် ရှောင်ရှမ်းနှင့်ဘေးချင်းယှဉ်ကာ မြင်းကို မောင်းနှင်လာပြီး သက်ပြင်းတစ်ချက်ချလိုက်၏။

'အင်း… ဒီအတိုင်းဆိုရင် ငါတို့လမ်းမှာခဏအိပ်ရမယ်ထင် တယ်'

ရှောင်ရှမ်းက သူ့အားတစ်ချက် လှည့်ကြည့်လိုက်သည်။

သို့သော်….

သူက စကားတစ်ခွန်းမျှ မပြောပါချေ။



ကျောင်းဖုန်းက ပခုံးတစ်ချက်တွန့်ကာ ဝန်းကျင်အား တစ်ချက် ဝေ့ကြည့်လိုက်၏။

ဝန်းကျင်တစ်ခုလုံးသည် ခြောက်သွေ့သော လွင်ပြင်တစ်ခု ဖြစ်နေလေသည်။

ဟိုတစ်စုသည်တစ်စုဖြင့် ကျိုးတိုးကျဲတဲ ပေါက်နေသော သစ်ပင်များမှလွဲ၍ သစ်ပင်ကြီးကြီးမားမား မရှိပါချေ။

ရုတ်တရက် လေတစ်ချက် ဝှေ့ယမ်းတိုက်ခတ်လိုက်သည်။

သို့သော်….

လေသည် အေးမြခြင်းမရှိဘဲ အပူငွေ့များဖြင့် ပြည့်နှက်နေ၏။

အပူခောက်ကိုသယ်ဆောင်လာသော လေထဲတွင် ဖုန်မှုန့်များ ရောထွေးပါရှိလာလေသည်။

ကျောင်းဖုန်းက စိတ်ပျက်စွာ ဖြင့် တီးတိုးကျိန်ဆဲလိုက်၏။

'ရှောင်ရှမ်း ငါတို့ ဒီလွင်ပြင်ကို ဘယ်လောက်ကြာကြာ ဖြတ်ရမလဲ'

ရှောင်ရှမ်းက အဝေးသို့ လှမ်းမျှော်ကြည့်လိုက်သည်။

ထို့နောက် ဟန်မူရာ ကင်းမဲ့စွာဖြင့်….

'နောက်နှစ်နာရီ သုံးနာရီလောက် ဖြတ်ရလိမ့်မယ်'

ကျောင်းဖုန်းက အဝေးသို့ မျက်မှောင်ကြုတ်ကာ တစ်ချ
ကြည့်လိုက်၏။

ယင်းနောက်....

သက်ပြင်းတစ်ချက်ချလိုက်လေတော့သည်။

* * *

အဝေးတွင် သစ်ပင်များကို မြင်တွေ့နေရပြီ ဖြစ်၏။

ကျောင်းဖုန်း၏မျက်နှာက ဝင်းလက် တောက်ပသွား
သည်။

သူက ထိုသစ်ပင်ရှိရာသို့ မြင်းကိုအပြင်းနှင်လိုက်၏။

ရှောင်ရှမ်းက ယွဲ့ယွဲ့မျ ပြုံးလိုက်မိသည်။

ယင်းနောက်....

သက်ပြင်းတစ်ချက်ချလိုက်လေတော့သည်။

* * *



အဝေးတွင် သစ်ပင်များကို မြင်တွေ့နေရပြီ ဖြစ်၏။

ကျောင်းဖုန်း၏ မျက်နှာက ဝင်းလက်တောက်ပ သွားလေ
သည်။

သူက ထိုသစ်ပင်ရှိရာသို့ မြင်းကို အပြင်းနှင်လိုက်၏။

ရှောင်ရှမ်းက ယွဲ့ယွဲ့မျ ပြုံးလိုက်မိသည်။

ယင်းနောက်....

သူက ကျောင်းဖုန်းနောက်သို့ မြင်းကိုမှန်မှန်စီးကာ ပြေးလိုက်
သွား၏။

ကြာမီ....

သူတို့သည် သစ်တောအစပ်သို့ ရောက်ရှိလာလေသည်။

ကျောင်းဖုန်းက မြင်းကိုရပ်တန့်ကာ မြင်းပေါ်မှ ဆင်းလိုက်
၏။

သူ မြင်းရပ်တန့်လိုက်သောနေရာသည် သစ်ပင်ကြီးတစ်ပင်
အောက်တွင်ဖြစ်၍ အရိပ်ကောင်းလှပေသည်။

ယင်းအချိန်....

ရှောင်ရှမ်းက သူ့အနီးသို့ ရောက်ရှိလာ၏။

'ကျောင်းဖုန်း မင်း ဘာလုပ်မလို့လဲ'

ကျောင်းဖုန်းက ပခုံးတစ်ချက် တွန့်လိုက်သည်။

'ဒီမှာ ခဏနားမလို့လေ'

ရှောင်ရှမ်းက ဦးခေါင်းကို ခါယမ်းလိုက်သည်။

'ငါတို့ ရှေ့ဆက်ပြီး ခရီးနှင်တာပိုကောင်းလိမ့်မယ်'

ကျောင်းဖုန်းက ဘဝင်မကျဟန်ဖြင့်....

'ခဏအနားယူပြီးမှ ခရီးဆက်တာ ပိုကောင်းတာပေါ့'

ရှောင်ရှမ်းက အခဝေးသို့ ညွှန်ပြလိုက်၏။

'ဟောဟိုက မီးခိုးထွက်နေတဲ့နေရာရောက်မှ နားရင် ကောင်းလိမ့်မယ်'

ကျောင်းဖုန်းက သူ ညွှန်ပြရာသို့ လှမ်းကြည့်လိုက်သည်။

သူတို့နှင့် မလှမ်းမကမ်းတွင် တောင်ကုန်းတစ်ခု ရှိနေပြီ ထိုတောင်ကုန်း၏ အခြားတစ်ဖက်မှ မီးခိုးများ အူထွက်နေ ခြင်းကို တွေ့မြင်လိုက်ရလေသည်။

ရှောင်ရှမ်းက ပြုံးလိုက်၏။

'အဲဒီမှာ ငါတို့အတွက် အစားအစာနဲ့ ရေရလိမ့်မယ်' ဟု ပြောလိုက်လေသည်။

ကျောင်းဖုန်းက မိမိနောက်မှ အထုပ်အား ပုတ်ပြလိုက်သည်

'ဒီမှာ အရက်နဲ့စားစရာတွေ ရှိနေတာပဲ'

ရှောင်ရှမ်းက ဦးခေါင်းကို ခါယမ်းလိုက်၏။



'သွေးစွန်းနေတဲ့ အရက်နဲ့ စားစရာတွေကို ငါမစားချင် ပါဘူး'

သူက စကားဆုံးသည်နှင့် မြင်း၏ဝမ်းဗိုက်ကို ခြေဖြင့် တစ်ချက်ဆောင့်ကာ တောင်ကုန်းဘက်သို့ မောင်းနှင်သွား လေသည်။

ကျောင်းဖုန်းက ခေါင်းခါယမ်းလိုက်၏။

ယင်းနောက်....

ရှောင်ရှမ်း၏ နောက်သို့ လိုက်ပါသွားလေတော့သည်။

* * *

သစ်သားအိမ်ကလေးတစ်လုံး၏ အနောက်ဘက်ခေါင်မိုးရှိ မီးခိုးခေါင်းတိုင်မှ မီးခိုးများသည် ကောင်းကင်သို့ လွင့်ပျံ တက်လာလေသည်။

ရှောင်ရှမ်းနှင့် ကျောင်းဖုန်းတို့သည် တောင်ကုန်းပေါ်မှ နေ၍ သစ်သားအိမ်ကလေးအား ကြည့်နေလေသည်။

အတန်ကြာမှ....

သူတို့သည် သစ်သားအိမ်ကလေးသို့ မြင်းကိုမောင်းနှင်လိုက်ကြလေသည်။

သစ်သားအိမ်ကလေးနှင့် တဖြည်းဖြည်း နီးလာသောအခါ...

ဤသစ်သားအိမ်ကလေးသည် ခရီးသွားများ နားနေစားသောက်ရန် ဖွင့်လှစ်ထားသော စားသောက်ဆိုင်တစ်ဆိုင်ဖြစ်ကြောင်း ရှောင်ရှမ်းနှင့် ကျင်းဖုန်းတို့က သိရှိလိုက်ရလေသည်။

သို့သော်....

ခမ်းနားသော စားသောက်ဆိုင်တစ်ဆိုင် မဟုတ်ပါ။

ရည်သို့ဆိုစေ....

ခရီးသွားများအတွက် အဆင်ပြေ သင့်တော်သော စားသောက်ဆိုင်ပင် ဖြစ်၏။

ယင်းအချိန်....

ဆိုင်ထဲမှ အဘိုးအိုတစ်ယောက်က ထွက်ပေါ်လာသည်ကို ရှောင်ရှမ်းနှင့်ကျင်းဖုန်းတို့က တွေ့မြင်လိုက်ရလေတော့သည်။

* * *



အဘိုးအိုသည် မြင်းခွာသံများကို ကြားလိုက်ရ၏။

ထို့ကြောင့်....

သူက ဆေးလက်စပန်းကန်များကို ချပ်တန့်လိုက်ပြီး မီးဖိုချောင်ပြူတင်းပေါက်မှ လှမ်းကြည့်လိုက်လေသည်။

လူနှစ်ယောက်နှင့် မြင်းနှစ်ကောင်ကို တွေ့မြင်လိုက်ရ၏။

အဘိုးအိုက ရေစိုနေသောလက်ကို လက်ကိုင်ပဝါဖြင့် သုတ်ပြီး ဆိုင်အပြင်သို့ လျှောက်လာလေသည်။

ယင်းအချိန်....

ရှောင်ရှမ်းနှင့် ကျင်းဖုန်းတို့ကလည်း ဆိုင်ရှေ့သို့ရောက်ရှိလာပြီဖြစ်သည်။

အဘိုးအိုက သူတို့အား ခရီးဦးကြို ဆိုလိုက်၏။

'သူငယ်တို့က လွင်ပြင်ကို ဖြတ်လာကြတာနဲ့တူပါရဲ့'

ကျင်းဖုန်းက မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

သူက အဘိုးအိုအား ကြည့်ကာ....

'စားလို့ကောင်းမယ့်အစားအစာ ဘာတွေရှိသလဲ'

အဘိုးအိုက ပြုံးလိုက်သည်။

'ဒီနေရာက သိပ်ပြီးခေါင်တဲ့အရပ် ဖြစ်နေလို့ အရက်တော့ မရနိုင်ဘူး'

ရှောင်ရှမ်းက မြင်းပေါ်မှ ဆင်းလိုက်လေသည်။

'ကိစ္စမရှိပါဘူး၊ ရေနွေးကြမ်းနဲ့ပေါက်စီလောက် ရရင်ပဲ ဖြစ်နိုင်ပါတယ်'

အဘိုးအိုက ဦးခေါင်းကိုညိတ်လိုက်ပြီး ဆိုင်ထဲသို့ ပြန်လည် လျှောက်သွားလေသည်။

ရှောင်ရှမ်းက မြင်းကိုမြင်းရေးသောက်ခွက်ရှိရာသို့ ဆွဲခေါ် သွားပြီး ရေတိုက်လိုက်လေသည်။

ကျင်းဖုန်းကလည်း မိမိ၏မြင်းကို ရှောင်ရှမ်း၏မြင်းနှင့် ဘေးချင်းယှဉ်ထားလိုက်လေသည်။

ယင်းနောက်....

သူတို့သည် ဆိုင်ပေါက်ဝတွင်ရှိသော စဉ့်အိုးထဲမှ ရေများ ဖြင့် ကိုယ်လက်သန့်စင်လိုက်လေသည်။

ပြီးမှ ဆိုင်ထဲသို့ ဝင်ရောက်သွားလေတော့၏။

* * *



ကျင်းဖုန်းသည် ဆိုင်ထဲသို့ရောက်ရှိသွားသည့်အခါ မျက် လုံးဝေ့၍ ကြည့်လိုက်သည်။

ဆိုင်ထဲတွင် ဆိုင်ရှင်အဘိုးအိုနှင့် အတွားအိုတို့ကိုသာ တွေ့ ရ၏။

အတွားအိုသည် ပေါက်စီပေါင်းရန်မြင်ဆင်နေလေသည်။

အဘိုးအိုကမူ သူတို့အတွက် စားစရာများ ပြင်ဆင်ပေး နေ၏။

ကျင်းဖုန်းက ဆိုင်ကလေးအား လှည့်ပတ်ကြည့်နေရာမှဆိုင် ရှင် အဘိုးအိုအား မေးလိုက်လေသည်။

'အဘိုး.... ဒီကသွားရင် ဘယ်ရောက်မလဲ'

ဆိုင်ရှင်အဘိုးအိုက သူ့အား လှမ်းကြည့်လိုက်သည်။

'တောင်ကြားမြို့ကလေးကို ရောက်မယ်'

ကျင်းဖုန်းက မျက်မှောင်ကြုတ်လိုက်၏။

'တောင်ကြားမြို့ ဟုတ်လား'

ဆိုင်ရှင်အဘိုးအိုက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ တောင်ကြားမြို့ကနေ ဆက်သွားရင် ကျင်း နိုင်ငံရှိတယ်၊ ဒါကြောင့် နယ်ခြားမြို့ကလေးလို့လဲ ပြောရင် မမှားဘူးပေါ့ကွယ်'

ကျင်းဖုန်းက စိတ်ဝင်စားသွားမိသည်။

သူသည် မိမိတို့ကဲ့သို့ ဝရမ်းပြေးများအတွက် ဤကဲ့သို့သော နယ်ခြားမြို့ကလေးများတွင် နေထိုင်ပါက အဆင်ပြေနိုင်မည်ဟု တွေးလိုက်မိ၏။

အကြောင်းကား....

အာကာသားများက လိုက်လံဖမ်းဆီးပါလျှင် တစ်ဖက်နိုင်ငံသို့ သွားရောက်ခိုဝင်ခွင့်ရှိနိုင်သည် မဟုတ်ပါလော။

ထို့ကြောင့် သူက ဆိုင်ရှင်အဘိုးအိုအား ဤသို့မေးလိုက်ပြန်၏။

'တောင်ကြားမြို့ကလေးက စည်သလားဟင်'

အဘိုးအိုက ရယ်မောလိုက်သည်။

'ဟား....ဟား....ဟား ဘယ့်နှယ့်ပြောတာလဲကွာ၊ နေ့ရယ်ညရယ်လို့တောင်မှ ခွဲခြားမရအောင် စည်ကားတဲ့ မြို့ကလေးပါ'

ကျင်းဖုန်းက ပို၍စိတ်ဝင်စားလာ၏။

'ဟုတ်လား၊ ကျွန်တော်တို့က အလုပ်အကိုင်ရှာဖို့လာခဲ့တာပါ'

အဘိုးအိုက ပြုံးလိုက်လေသည်။



'ဒီတောင်ကြားမြို့ကလေးရဲ့ အနီးတစ်ဝိုက်ကတောင်ပေါ်မှာ သစ်မွှေးတွေပေါတယ်၊ မင်းတို့က အဲဒီတောင်ပေါ်က သစ်မွှေးတွေကိုခုတ်ပြီး ပြန်ရောင်းရင်တောင်မှ ပိဿာနှစ်ဆယ်ဆို ငွေတစ်ဆယ်လောက်ရတယ်'

ကျင်းဖုန်းက ပြုံးလိုက်သည်။

'ဒါဆို ငွေရှာရတာ မခက်ဘူးပေါ့'

အဘိုးအိုက ပြုံးလိုက်၏။

'ဒါတင်ဘယ်ကမလဲ၊ အဲဒီမြို့မှာ မင်းတို့လိုချင်တာအကုန်ရတယ်၊ ဒါပေမယ့် ပိုက်ဆံရှိဖို့ပဲလိုတယ်'

ယင်းအချိန်....

အသွားအိုက ပေါက်စီနှင့် ရေနွေးကြမ်းကို လာရောက်ချပေးလေသည်။

သူမှက စားပွဲပေါ်သို့စားသောက်စရာများချပေးရင်းမှ....

'ဟေ့....မင်းတို့ ငါ့အဘိုးကြီးပြောတဲ့စကားကို သိပ်မယုံနဲ့၊ လမ်းမှားရင် ခက်မယ်နော်'

အဘိုးအိုက ယခုမှ တစ်စုံတစ်ခုကို သတိရဟန်ဖြင့်....

'ဟုတ်တယ်ကွ၊ ဒီကနေ နှစ်မိုင်လောက်သွားရင် လမ်းခွဲနှစ်ခုကို တွေ့ရလိမ့်မယ်၊ တစ်လမ်းက ငါပြောတဲ့အတိုင်းတောင်

ကြားမြို့ကို သွားတဲ့လမ်း၊ နောက်တစ်လမ်းကတော့ ဖူရှန်းတောင်ကို သွားတဲ့လမ်းပဲ'

ရှောင်ရှမ်းက မျက်မှောင်ကြုတ်လိုက်သည်။

'ဖူရှန်းတောင်ကရော ဘယ်လိုနေရာမျိုးလဲ'

အဘိုးအိုက ပြုံးလိုက်သည်။

'တောင်ကြားမြို့နဲ့ ဖူရှန်းနယ်မြေဟာ အရှေ့နဲ့အနောက်လို တူညီတဲ့ ဆန့်ကျင်ဘက်နယ်မြေတစ်ခုပဲကွယ့်၊ အဲဒီလိုပဲစီးပွားရေးမှာလဲ ဆန့်ကျင်ဘက်ပဲ'

ရှောင်ရှမ်းက နားမလည်ပါချေ။

'အဘိုးရဲ့စကားကို ကျွန်တော်က သိပ်နားမရှင်းဘူး'

အဘိုးအိုက ချောင်းတစ်ချက် ဟန့်လိုက်သည်။

'ဒီလိုကွယ့်၊ တောင်ကြားမြို့ကလေးက စည်ကားတယ်၊ ချမ်းသာတဲ့လူများတယ်၊ လိုချင်တာအကုန်ရတယ်၊ ဒါပေမယ့် ဖူရှန်းတောင်ခြေမြို့ကလေးကတော့ အခွင့်မတန်မှ ဆင်းရဲပြီး ငတ်မွတ်ခေါင်းပါးတယ်လေ'

အဘွားအိုက ကြားဖြတ်လိုက်သည်။

'တောင်ကြားမြို့က စည်ကားပေမယ့် ဒုစရိုက်မှုတွေနဲ့ ပြည့်နှက်နေတဲ့ ဒုစရိုက်မြို့ကလေးပဲ၊ ဒါကြောင့် မသွားသင့်ပါဘူး'



အဘိုးအိုက ပြုံး၍ ခေါင်းခါယမ်းလိုက်သည်။

'ဟာ...သူတို့က အသက်ငယ်ငယ်ကလေးတွေပဲ ရှိသေးတာပဲ၊ စီးပွားရေးလုပ်လို့ကောင်းတဲ့ မြို့ကိုပဲသွားသင့်တာပေါ့'

အဘွားအိုက ရှောင်ရှမ်းနှင့် ကျင်းဖုန်းတို့အား တစ်လှည့်စီ ကြည့်လိုက်၏။

'တစ်ခုတော့ရှိတယ်၊ အဲဒီမြို့ကိုရောက်ရင် အရာရာကိုသတိထားရလိမ့်မယ်၊ ငါကတော့ မင်းတို့ကို မသွားစေချင်ပါဘူးကွယ်'

အဘိုးအိုက ဝင်၍တိုက်တွန်းလိုက်သည်။

'ဟား... ဘာမှလုပ်မနေနဲ့၊ မင်းတို့ကလူငယ်တွေပဲ၊ အသက်အရွယ်ငယ်တုန်း ဥစ္စာရှာရမယ်၊ ဒါကြောင့် တောင်ကြားမြို့ကလေးကို အရောက်သွားကြပါ'

ကျင်းဖုန်းနှင့်ရှောင်ရှမ်းတို့က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးလိုက်လေသည်။

ယင်းအချိန်....

ရုတ်တရက် မြင်းခွာသံများကို ကြားလိုက်ရလေတော့သည်။

* * *

မြင်းဆယ်ကောင်။

လူဆယ့်တစ်ယောက်။

လူဆယ်ယောက်သည် မြင်းဆယ်ကောင်ကို ကိုယ်စီစီးလာကြ၏။

လူတစ်ယောက်ကမူ ထိုမြင်းများနောက်မှ အပြေးလိုက်ပါလာလေသည်။

ထိုလူသည် မြင်းနှင့်အပြေးပြိုင်နေခြင်းမဟုတ်နိုင်ဟု ရှောင်ရှမ်းနှင့်ကျောင်းဖုန်းတို့က တွေးလိုက်မိ၏။

ထိုလူစုက မကြာမီ ဆိုင်ရှေ့သို့ ရောက်ရှိလာကြလေသည်။

ယခု ... ...

ရှောင်ရှမ်းနှင့် ကျောင်းဖုန်းတို့သည် မြင်းနောက်မှ အပြေးလိုက်လာသူအား တွေ့မြင်လိုက်ရပြီ ဖြစ်လေသည်။

ထိုလူ၏ အဝတ်အစားများမှာ စုတ်ပြတ်နေ၏။

ကြီးမားသောပျဉ်ပြားကြီးတစ်ချပ်ဖြင့် ထိုလူ၏ ဦးခေါင်းနှင့်လက်နှစ်ဖက်ကို ထိပ်တုံးခတ်ထားလေသည်။

ကျောင်းဖုန်းက ထိုလူအားကြည့်ရင်း မိမိ အကျဉ်းသားဘဝကို ပြန်လည် သတိရလိုက်မိလေသည်။

ယင်းအချိန်....



ထိုလူက မောဟိုက်စွာဖြင့် မြေပြင်ပေါ်တွင် ဖော်တတ်ရပ်နေ၏။

ကြီးမားသောပျဉ်ပြားကြီးဖြင့် ထိပ်တုံးခတ်ထားရုံမက ၏လည်ပင်းကို ကြိုးကွင်းတစ်ခုဖြင့်စွပ်၍ မြင်းပေါ်မှ လူ ်ယောက်က ဆွဲထားလေသည်။

မြင်းပေါ်မှလူသည်ဦးခေါင်းတစ်ခုလုံး ဆံပင်များ ပြောင် ဆောင် ခေါင်းတုံးရိပ်ထားပြီး ရှည်လျားလှသော ကျစ်ဆံမြီး ှ်းနှစ်ချောင်းကို ရှည်လျားစွာ ချထား၏။

ထိုလူက ကြိုးစကို တစ်ချက်ဆောင့်ဆွဲလိုက်သည်။

'အား'

မပီမသ ညည်းညူသံနှင့်အတူ အကျဉ်းသားက မြေ ါ်သို့လဲကျသွား၏။

ကျင်ဆံမြီးကျစ်ထားသောလူက အားပါးတရ ရယ်မော ်သည်။

'ဟား....ဟား....ဟား'

သူက လက်တစ်ချက်ဝှေ့ယမ်းလိုက်သည်။

'ဆင်းကြဟေ့၊ ငါတို့ဒီမှာခဏနားပြီး စားရအောင်'

ဟု ပြောလိုက်၏။

အားလုံးသောလူများက မြင်းပေါ်မှ ဆင်းလိုက်ကြ

ကျစ်ဆံမြီးကျစ်ထားသောလူကလည်း မြင်းပေါ်မှဆ
လိုက်လေသည်။

ရုတ်တရက်....

သူက ဆိုင်ထဲ၌ရှိနေသော ရှောင်ရှမ်းနှင့်ကျောင်းဖုန်းတို့အ
ကြည့်ကာ မျက်ခမှောင်ကြုတ်လိုက်လေသည်။

ယင်းအချိန်မှာပင်....

ဆိုင်ရှင်အဘိုးအိုကဆိုင်ရှေ့သို့ထွက်ကာ ခရီးဦးကြိုပြုသ
လေတော့သည်။

ကျစ်ဆံမြီးကျစ်ထားသောလူနှင့် တပည့်ကိုးယော
သည် ရှောင်ရှမ်းနှင့်ကျောင်းဖုန်းတို့၏ စားပွဲနှင့် မနီးမဝေ
စားပွဲများတွင် နေရာယူကာ ထိုင်ချလိုက်၏။



ကျစ်ဆံမြီး ကျစ်ထားသောလူက ဆိုင်ရှင်အဘွားအိုအား
တစ်ချက်လှမ်းကြည့်ကာ....

'ကျုပ်တို့ဆာလာတယ်၊ အမြန်ဆုံးစားစရာ စီစဉ်ပေးပါ'
ဟု ပြောလိုက်လေသည်။

ထို့နောက်....

ကျောင်းဖုန်းတို့အား တစ်ချက်ငဲ့စောင်းကာ ကြည့်လိုက်၏။

ယင်းအချိန်....

ကျောင်းဖုန်းကလည်း ထိုကျစ်ဆံမြီးကျစ်ထားသောလူအား
စိုက်ကြည့်နေ၏။

သူတို့နှစ်ယောက်က အတန်ကြာအောင် တစ်ယောက်နှင့်
တစ်ယောက် မျက်တောင်မခတ် စိုက်ကြည့်နေကြလေသည်။

အတန်ကြာမှ....

ကျစ်ဆံမြီးကျစ်ထားသော လူက ကြွေအိုးထဲမှ တူနှစ်
ချောင်းကို ထုတ်ယူကာ စားပွဲပေါ်၌ နားနေသော ယင်
ကောင်အား ဖမ်းလိုက်သည်။

သူ၏လှုပ်ရှားမှုသည် လျင်မြန်၍ တိကျလှပေသည်။

ထို့ကြောင့်...

ယင်ကောင်သည် တူချောင်းကြားတွင်ညှပ်၍ပါလာသည်။

ကျင်းဖုန်းက ထိုအဖြစ်အပျက်ကို တွေ့မြင်လိုက်သည့်အခါ မျက်ခုံးပင့်၍ ပခုံးတစ်ချက် တွန့်ပြလိုက်သည်။

'အင်း...ယင်ကောင့်တွေ တကယ်များနေပါလား'

သူက တစ်ယောက်တည်း ညည်းတွားရင်းမှ ဝဲပျံနေသော ယင်ကောင်ကို ဖမ်းလိုက်လေသည်။

သူ၏ လှုပ်ရှားမှုသည် လျင်မြန်သည်။ တိကျ၏။

ထို့ကြောင့်...

သူ၏ တူနှစ်ချောင်းကြားတွင် ဝဲပျံနေသောယင်ကောင်တ ညှပ်၍ ပါရှိလာလေသည်။

ကျစ်ဆံမြီးနှင့်လူက သူ့အား စိုက်ကြည့်နေလေသည်။

ကျင်းဖုန်းက ပြုံးလိုက်၏။

မထိမဲ့မြင်အပြုံး (သို့)လှောင်ပြုံးမျိုး ဖြစ်လေသည်။

ကျစ်ဆံမြီးနှင့် လူ၏မျက်နှာပေါ်တွင် အေးစက်တင်းမာ သော အရိပ်အယောင်များ ပေါ်လွင်လာလေသည်။

ကျင်းဖုန်းက ပြုံးစိစိဖြင့် တူနှစ်ချောင်းကြားတွင် ညှပ် နေသော ယင်ကောင်အား လေထဲသို့ ခတ်ထုတ်လိုက်၏။

ယင်ကောင်သည် လေထဲသို့ မြောက်တက်သွားပြီး ပြန်ကျ လာလေသည်။



ယင်းတခဏ်အချိန်လေးမှာပင်....

ကျင်းဖုန်းက ထိုယင်ကောင်အား တူနှစ်ချောင်းကြားတွင် ညှပ်ကာ ပြန်ဖမ်းထားလိုက်လေသည်။

သူက ယင်းသို့ လှုပ်ရှားနေသော်လည်း သူ၏မျက်လုံးအစုံ ကမူ ကျစ်ဆံမြီး ကျစ်ထားသောလူထံမှ မခွာပါချေ။

ထို့အတူ....

ကျစ်ဆံမြီး ကျစ်ထားသောလူ၏ စူးရှသောမျက်ဝန်းအစုံ ကလည်း ကျင်းဖုန်း၏မျက်နှာအား မမှိတ်သုန်စိုက်ကြည့်နေ လေတော့သည်။

* * *

ဆိုင်ရှင် အဘွားအိုသည် ပူနွေးသော အစားအစာများ ကို သယ်ဆောင်လာ၏။

ထိုစားသောက်စရာများသည် ကျင်းဖုန်းတို့က မှာကြား ထားသော စားစရာများ ဖြစ်လေသည်။

ထို့ကြောင့်....

အဘွားအိုက ယင်းစားသောက်စရာများကို ကျောင်းဖုန်းနှင့် ရှောင်ရှမ်းတို့၏ စားပွဲဆီသို့ ယူဆောင်လာလေသည်။

ယင်းအချိန်....

ကျစ်ဆံမြီးကျစ်ထားသောလူက ကျောင်းဖုန်း၏မျက်နှာပေါ်မှ မျက်လုံးအကြည့်ကို ဖယ်ရှားခြင်းမပြုဘဲ အဘွားအိုအား လှမ်းဆဲလိုက်၏။

'ဒါကို ဘယ်သူသွားမလို့လဲ ဒီမှာချလိုက်ပါ၊ ကျုပ်တို့က ဆာနေပြီ'

အဘွားအိုက သူ့အား လှမ်းကြည့်လိုက်သည်။

'လူကလေးမှာထားရပါတော့မယ်၊ ဒါတ ဟောဟိုစားပွဲက သူငယ်တွေ မှာထားတာတွေ'

ဟု ပြောလိုက်သည်။

သို့သော်....

ကျစ်ဆံမြီးနှင့်လူက အဘွားအို၏လက်ထဲမှ စားစရာများကို လှမ်းယူကာ မိမိတို့၏ စားပွဲပေါ်သို့ တင်ထားလိုက်လေသည်။

ကျောင်းဖုန်းက ထိုလူ၏ အပြုအမူကြောင့် ဒေါသထွက်လာကာ ထိုင်ရာမှ ထလိုက်၏။

သို့ရာတွင်....



ရှောင်ရှမ်းက သူ၏လက်ကို ဖမ်းဆွဲထားလိုက်လေသည်။

'ကျောင်းဖုန်း မင်းက ကလေးမဆန်ပါနဲ့၊ ဟိုနှောင်ကြိုးတွေက တာဝန်နဲ့လာရတော့ အရေးကြီးနေပုံရတယ်၊ သူတို့ စားပါစေ'

ကျောင်းဖုန်းက ခေါင်းခါယမ်းလိုက်၏။

'အို...ဒါက ငါတို့မှာထားတဲ့စားစရာတွေပဲ ငါတို့အရင် စားသင့်တာပေါ့'

ဆိုင်ရှင်အဘွားအိုမှာ မျက်နှာကွက်ခနဲ ပျက်သွားလေသည်။

သူမသည် ဤနေရာတွင် စားသောက်ဆိုင် ဖွင့်ခဲ့သည်မှာ နှစ်ပေါင်း မနည်းတော့ပါ။

ထို့ကြောင့် အခြေအနေကိုနားလည်လိုက်မိသည်မဟုတ်ပါလော။

ရှောင်ရှမ်းက သူမအား ပြုံးပြလိုက်သည်။

'အဘွား....သူတို့ကို အရင်ချပေးလိုက်ပါဗျာ'

အဘွားအိုက သက်ပြင်းတစ်ချက်ချကာ နောက်ထပ် စားသောက်စရာများကို ပြင်ဆင်ရန် လှည့်ထွက်သွား၏။

ကျစ်ဆံမြီးကျစ်ထားသောလူကပြုံး၍ ရေနွေးကြမ်း ကန်ကို ကျင်းဖုန်းမြင်သာအောင် မြှောက်ပြကာ ပခုံး ချက် တွန့်လိုက်လေသည်။

ထို့နောက်....

သူက တစ်ချက် မော့သောက်လိုက်ပြီး....

'အား....လက်ဖက်ခြောက်နံ့က မွှေးနေတာပါလား'

သူ တစ်ကိုယ်တည်းပြောလိုက်လေသည်။

ကျင်းဖုန်းက သူ့အားကြည့်ရင်း အံ့တင်ချက် ကြိတ် ၏။

'ဖြောက်'

သူ့လက်ထဲမှတူနှစ်ချောင်းကို လက်ကဖျစ်ညှစ်လိုက် ကျိုးသွားလေသည်။

ရှောင်ရှမ်းက သူတို့နှစ်ယောက်အား တစ်ချက်ဝေ့ ကာ ထိုင်ရာမှထလိုက်၏။

'ကျင်းဖုန်း....ငါတို့သွားကြရအောင်'

ကျင်းဖုန်းက သူ့အား ဘဝင်မကျဟန်ဖြင့် ကြည့်လို

ရှောင်ရှမ်းက သူ၏အကြည့်ကိုမသိဟန်ပြုကာ ကျ ကို စားပွဲပေါ်သို့ တင်ထားလိုက်သည်။



ထို့နောက်....

ကျင်းဖုန်း၏လက်ကိုဆွဲကာ ထွက်ခွာသွားရန်ဟန်ပြင်လိုက် ၏။

ကျင်းဖုန်းက ကျစ်ဆံမြီးနှင့်လူအား တစ်ချက်ကြည့်ကာ ရှောင်ရှမ်း၏နောက်မှ လိုက်ပါသွားလေသည်။

ယင်းအချိန်....

ကျစ်ဆံမြီးကျစ်ထားသောလူက သဘောကျစွာဖြင့် ရယ် မောလိုက်လေတော့သည်။

'ဟား....ဟား....ဟား'

* * *

ရှောင်ရှမ်းနှင့် ကျင်းဖုန်းတို့၏ ခြေလှမ်းများသည် ဆိုင် တံခါးဝ၌ ရပ်တန့်သွားကြရလေသည်။

အကြောင်းကား....

တံခါးဝတွင် လူနှစ်ယောက်က ပိတ်ဆို့ ဟန့်တားထား သည် မဟုတ်ပါလော။

ယင်းအချိန် လူတစ်ယောက်၏ အသံက ထွက်ပေါ်လာသည်။

'မိတ်ဆွေတို့ ခဏလေးသည်းခံပြီး စောင့်နေကြပါဦး'

ရှောင်ရှမ်းနှင့်ကျောင်းဖုန်းတို့က အသံလာရာသို့ ပြိုင်တူလှည့်ကြည့်လိုက်၏။

ခေါင်းဆောင်ဖြစ်သော ကျစ်ဆံမြီးနှင့်လူက ထိုင်ရာမှထ၍ ကျောင်းဖုန်းနှင့် ရှောင်ရှမ်းတို့အား လက်နှစ်ဖက်ဆုပ်၍ ဦးညွတ်လိုက်သည်။

'ကျုပ်တို့မှာ အရေးကြီးတဲ့တရားခံပါလာပါတယ်၊ ဒါကြောင့် ကျုပ်တို့ထွက်သွားပြီး နာရီဝက်ကြာမှ ခင်ဗျားတို့ကို ထွက်သွားစေချင်ပါတယ်'

ကျောင်းဖုန်းက မဲ့ပြုံးပြုံးလိုက်သည်။

'ကျုပ်တို့ကလဲ ခရီးဆက်ဖို့ ရှိသေးတယ်၊ နေမဝင်မီ တောင်ကြားမြို့ကလေးကိုရောက်မှဖြစ်မယ်'

သူက စကားဆုံးသည်နှင့် ဆိုင်ပေါက်ဝမှ လူနှစ်ယောက်အား စိုက်ကြည့်လိုက်လေသည်။

ကျစ်ဆံမြီးနှင့်လူက မျက်မှောင်ကြုတ်လိုက်သည်။

'မင်းတို့က ဘယ်သူတွေလဲ'

ကျောင်းဖုန်းက သူ့အား ချာခနဲလှည့်ကြည့်လိုက်၏။



'ခင်ဗျားတို့ကကော ဘယ်သူတွေလဲ'

သူ၏အသံက အေးစက် တင်းမာနေလေသည်။

ကျစ်ဆံမြီးနှင့် လူက....

'ကျုပ်တို့ကမင်းမှုထမ်းတွေပါ၊ ဒါကြောင့် တောင်ကြားကို သွားမယ့်လူဆိုရင် ဟန့်တားရမှာပဲ'

ကျောင်းဖုန်းက မဲ့ပြုံးပြုံးလိုက်သည်။

'တောင်ကြားမြို့ကို သွားတာ ရာဇဝတ်မှု ကျူးလွန်တာလား'

ကျစ်ဆံမြီးကျစ်ထားသော လူက သူ့အား စိုက်ကြည့်လိုက်၏။

'မင်းတို့က ငါတို့ဖမ်းလာတဲ့တရားခံကို ပြန်မဖမ်းလာဘူးလို့ ဘယ်သူကပြောနိုင်သလဲ'

သူက တင်းမာသောအသံဖြင့်....

'ဒါကြောင့် ကျုပ်တို့သွားပြီးမှသွားပါ'

ကျောင်းဖုန်းက ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်တို့မှာအချိန်မရတော့ဘူး'

ကျစ်ဆံမြီး ကျစ်ထားသောလူက—

'ဒါဖြင့် ခင်ဗျားတို့ကို ကျုပ်တို့က ခဏ ချုပ်ထားရလိမ့် မယ်'

သူ၏စကားဆုံးသွားသည်နှင့် တံခါးဝတွင် ပိတ်ဆို့ရပ် တန့်နေသောလူနှစ်ယောက်က ဓါးမြှောင်ကို ဆွဲထုတ်လိုက်၏။

သူတို့က ဓားဆွဲထုတ်လိုက်သည့်အချိန်မှာပင်....

'ဝုန်း....ဝုန်း'

ဟူသောအသံနှစ်ချက်အတူ သူတို့၏ ခန္ဓာကိုယ်များက လေထဲ သို့ လွင့်မြောက်တက်သွားကာ ဆိုင်ပြင်သို့ လွင့်စဉ် သွားလေ သည်။

ရှောင်ရှမ်းက ပြဿနာမဖြစ်ချင်ပါ။

အထူးသဖြင့် မင်းမှုထမ်းများနှင့် ပို၍ ပြဿနာမဖြစ်ချင် ပါ။

သို့သော်....

သူက ဟန့်တားရန်အချိန်မရလိုက်တော့ပါ။

ကျင်းဖုန်း၏ လှုပ်ရှားမှုက လျင်မြန်လှသည် မဟုတ်ပါ လော။

သူက ဆိုင်ဝမှလူများအားတိုက်ခိုက်လိုက်သည်နှင့်တစ်ပြိုင် နက် ကျစ်ဆံမြီးကျစ်ထားသောလူက လေထဲ၌ တစ်ပတ်ကျွမ်း ထိုးကာ ဓားဖြင့် ထိုးသွင်းလိုက်လေသည်။



သူ၏လှုပ်ရှားမှုက လျပ်စီးလက်သည့်အလား လျင်မြန်လှ၏။

သို့သော်....

ရှောင်ရှမ်း၏ လှုပ်ရှားမှုက ကျစ်ဆံမြီး ကျစ်ထားသော လူထက် ပို၍လျင်မြန်လှပေသည်။

သူသည် ကြမ်းပြင်ပေါ်၌ တစ်ပတ်ကျွမ်းထိုးကာ လက်နှစ် ဖက်က ဓားရိုးကိုဆုပ်ကိုင်လျက် ရှေ့သို့ ဆန့်ထုတ်လိုက်သည်။

သူ၏လက်တာ ရှေ့သို့ဆန့်ထုတ်လိုက်စဉ်မှာပင် ခန္ဓာကိုယ် က ဒူးထောက်လျက်အနေအထားသို့ ရောက်ရှိသွားလေသည်။

ယင်းတဒင်္ဂအချိန်လေးမှာပင်....

သူ၏လက်ထဲမှဓားက ကျစ်ဆံမြီး ကျစ်ထားသောလူ၏ ရင်ဝသို့စိုက်ဝင်သွားလေတော့သည်။

'ဝုန်း....ဝုန်း'

ကျယ်လောင်သော အသံနှင့်အတူ စားသောက်ဆိုင်၏ မြေတင်းပေါက် ကျိုးပဲ့လွင့်စဉ်ကျလာသည်။

တစ်ဆက်တည်းမှာပင်....

'ဝုန်း'

နောက်ထပ်လူတစ်ယောက်က လွင့်စဉ်ကျလာပြန်၏။

အကျဉ်းသားသည် ဒူးထောက်ရာမှ ခါးခါးချင်း ထိ(သံ)
အောင်ဟစ်သံများကို ကြားလိုက်ရသဖြင့် ကမန်းကတန်းထရပ်
လိုက်သည်။

ယင်းနောက်....

အံ့သြစွာ ငေးမောကြည့်နေ၏။

ထိုအချိန်မှာပင်....

'ဝုန်း'

ဟူသောအသံနှင့်အတူ နောက်ထပ်လူတစ်ယောက်က သု
နှင့် မနီးမဝေးသို့ ကျလာခဲ့လေသည်။

တစ်ဆက်တည်းမှာပင်....

ထိုလူ၏ခေါင်းကြားမှ သေနတ်တွဲက အကျဉ်းသားရှေ့သို့လွင့်
စဉ်ကျလာ၏။

'ချလွမ်'

အကျဉ်းသား၏မျက်လုံးအစုံက ဝင်းလက်တောက်ပသွား
လေသည်။



သူက သေနတ်တွဲအားရယူရန် ဒူးထောက်လျက်လှမ်းကောက်
လိုက်၏။

ယင်းသို့ သေနတ်တွဲအား ကောက်ယူရန် ကြိုးစားလိုက်စဉ်
သူက မဟန်နိုင်တော့ဘဲ လဲကျသွားရလေသည်။

သို့သော်....

ဤအခြေအနေမျိုးမှာပင် သူက သေနတ်တွဲအား ကြိုးစားကာ
ကောက်ယူနေ၏။

* * *

အချိန်မည်မျှကြာသွားမှန်း မသိပါ။

အကျဉ်းသားသည် မိမိရှေ့၌ ခြေထောက်တစ်စုံကို တွေ့
လိုက်ရသဖြင့် သေနတ်တွဲအား ကြိုးစား ကောက်ယူနေရာမှ ပြန်
လည် သတိဝင်လာပြီး ခြေထောက်ပိုင်ရှင်အား မော့ကြည့်
လိုက်၏။

ဝန်းကျင်တစ်ခုလုံးသည် ပြန်လည်တိတ်ဆိတ်သွားပြီ ဖြစ်
သည်။

အကျဉ်းသားသည် ခြေထောက်ပိုင်ရှင်အား တွေ့မြင်လိုက်သောအခါ ထိတ်လန့်တုန်လှုပ်သွားမိလေသည်။

အကြောင်းကား....

ထိုခြေထောက်ပိုင်ရှင်သည် မိမိအား ဖမ်းဆီးခေါ်ဆောင်လာသော လူစုထဲမှ ကျစ်ဆံမြီး ကျစ်ထားသောလူဖြစ်၏။

ကျစ်ဆံမြီးကျစ်ထားသောလူက သူ့အား စိုက်ကြည့်နေ၏။

ယင်းနောက်....

လက်ထဲမှ သွေးစွန်းနေသောဓားဖြင့် မြောက်ကာ ခုတ်ချလိုက်သည်။

သို့သော်....

ကျစ်ဆံမြီးကျစ်ထားသောလူက မဟာန် နိုင် တော့သည့်အလား ဓားကောလူပါ မြေပေါ်သို့ လဲကျသွားသဖြင့် အကျဉ်းသားအား ဓားချက်လွဲချော်သွားခဲ့လေသည်။

ယင်းနောက်....

သူသည် မြေပြင်ပေါ်တွင် ပက်လက်လှန်လျက် အသက်ကိုပြင်းစွာရှူရှိုက်နေ၏။

ယခုမှ....



အကျဉ်းသားက ကျစ်ဆံမြီးကျစ်ထားသောလူ၏ ရင်ဝတွင် ဓားဒဏ်ရာတစ်ချက် ရရှိထားသည်ကို တွေ့မြင်လိုက်ရလေသည်။

ယင်းအချိန်မှာပင်....

ကျစ်ဆံမြီးကျစ်ထားသောလူက သွေးတစ်ချက်အန်ကာ သေဆုံးသွားလေသည်။

အကျဉ်းသားက အံ့သြစွာ ငေးမောကြည့်ရှုနေရာမှ ဆိုင်ကလေးဘက်သို့ လှမ်းကြည့်လိုက်၏။

ထိုအချိန်....

ဆိုင်ကလေးထဲမှ လူရွယ်နှစ်ယောက် ထွက်ပေါ်လာလေသည်။

တစ်ယောက်က သူ့အား အကဲခတ်ကြည့်နေပြီး ကျန်တစ်ယောက်က သူ့ထံသို့လျှောက်လာနေ၏။

ထိုလူရွယ်၏လက်ထဲတွင် သွေးစွန်းနေသော ဓားတစ်လက်ကို ကိုင်ဆောင်ထားခြင်းကို တွေ့မြင်လိုက်ရလေတော့သည်။

* * *

ရှောင်ရှမ်းနှင့် ကျောင်းဖုန်းတို့သည် ဆိုင်အပြင်သို့ ထွက်လာ ၏။

ယင်းနောက်....

ကျောင်းဖုန်းက အကျဉ်းသားထံသို့ လျှောက်သွားလေသည်။

သူက အကျဉ်းသားရှေ့တွင် ရပ်တန့်လိုက်ပြီး တစ်ချက် စူးစိုက်ကာ ကြည့်လိုက်လေသည်။

ထို့နောက်....

မြေပေါ်မှ သော့တွဲအား ဓားဖြင့်ကောက်ယူ၍ အကျဉ်းသားထံသို့ ပစ်ပေးလိုက်၏။

အကျဉ်းသားက ကျောင်းဖုန်းအား ပြုံးပြလိုက်သည်။

သူက သော့တွဲအားကောက်ယူကာ ပျဉ် ပြားကြီးတွင် ခတ်ထားသော သော့အား ဖွင့်လိုက်လေသည်။

'ကျုပ်နာမည်က ဝမ်းကျုံးစန်း၊ တောင်ကြားမြို့က လူဆိုးတွေ ဖမ်းလာကြတာ'

ယင်းနောက်....

သူသည် ကျစ်ဆံမြီးကျစ်ထားသောလူစီးလာသည့် မြင်းရှိရာသို့သွားပြီး မြင်းပေါ်မှ အထုပ်တစ်ထုပ်ကို လှမ်းယူလိုက်၏။



သူက ယင်းအထုပ်အား ကျောင်းဖုန်းထံသို့ လှမ်းပေးလိုက်သည်။

'ခင်ဗျားတို့သာ မကယ်ရင် ကျုပ်က သေလူဖြစ်တော့မှာပဲ၊ ဪ... ဒီအထုပ်ထဲမှာ ငွေပါတယ်၊ ခင်ဗျားတို့ယူထားလိုက်ကြပါ'

သူကပြောပြီး မြင်းဆီသို့ ပြန်လျှောက်သွား၏။

ထို့နောက်....

မြင်းပေါ်သို့ခုန်တက်ကာ ထွက်ခွာရန်ဟန်ပြင်လိုက်သည်။

ပြီးမှ.... ကျောင်းဖုန်းဘက်သို့လှည့်ကာ....

'ဪ.... ခင်ဗျားတို့ တောင်ကြားမြို့ကိုရောက်ရင် ကျုပ်နာမည်ခေါ်ပြီးလာခဲ့ပါ၊ ကျုပ်ကကျေးဇူးဆပ်ပါ့မယ်'

ဟု ပြောပြီး မြင်းကိုဒုန်းစိုင်းကာ ထွက်ခွာသွား၏။

ကျောင်းဖုန်းက မဲ့ပြုံးပြုံးကာ တစ်ချက်ကျိန်ဆဲရင်း ကျန်ရစ်နေခဲ့လေတော့သည်။

* * *

ကျောင်းဖုန်းက ဝမ်းကျုံးစန်းပေးခဲ့သောအိတ်ကို ဖွင့်ကြ လိုက်သည်။

ရွှေငွေအစတော်များများရှိနေ၏။

ကျောင်းဖုန်းက ငွေစတချို့ကိုထုတ်ယူလိုက်ပြီး ဆိုင်ရှင်အ အိုနှင့် အဘွားအိုတို့အား ပေးလိုက်လေသည်။

ဆိုင်ရှင်အဘိုးအိုက သူပေးသော ငွေစများကို လှမ်း ရင်း....

'ကဲ... မောင်ရင်တို့က တောင်ကြားမြို့ကိုသွားဖို့ ပြင် တော့'

ရွှောင်ရှမ်းက မျက်ခုံးပင့်ကာ ကြည့်လိုက်၏။

'ဘာဖြစ်လို့လဲ'

ဆိုင်ရှင်အဘိုးအိုက ပြုံးလိုက်သည်။

'ဝမ်းကျုံးစန်းက မင်းတို့ကို ကောင်းကောင်းပြုစု မယ်'

ကျောင်းဖုန်းက မျက်မှောင်ကြုတ်လိုက်၏။

'သူက ဘာလုပ်သလဲ'

ဆိုင်ရှင်အဘိုးအိုက ပြုံးလိုက်သည်။

'မင်းတို့ အဲဒီမြို့ကိုရောက်ရင် သိပါလိမ့်မယ်'



ရွှောင်ရှမ်းက ဝန်းကျင်အား မျက်လုံးဝေ့ကာ ကြည့်လိုက်၏။

'ဒီအရှေ့လောင်းတွေကို အတကာပဲ မြေမြှုပ်ပေးလိုက်ပါ'

ကျောင်းဖုန်းက ငွေစကိုနှိုက်ကာ အဘိုးအိုထံသို့ ထပ်မံ ပေးလိုက်လေသည်။

'ခေါင်းငယ်ပြီး မြေမြှုပ်ပါ'

ဆိုင်ရှင်အဘိုးအိုက ငွေစများကိုကြည့်ကာခေါင်းတစ်ချက် ညိတ်ပြလိုက်၏။

'စိတ်ချပါ'

ယင်းအချိန်....

အဘွားအိုက ရောက်ရှိလာပြီး အဘိုးအိုအားကြည့်ကာ....

'ကဲ....ရှင် လုပ်သင့်တာ အမြန်လုပ်ပါ'

သူက ကျောင်းဖုန်းတို့ဘက်သို့ လှည့်ကြည့်၍....

'ကဲ....မောင်ရင်တို့လဲ ဒီနေရာက အမြန်ဆုံးထွက်သွားသင့်ပြီ'

ကျောင်းဖုန်းနှင့်ရွှောင်ရှမ်းတို့က ပြိုင်တူ ခေါင်းညိတ်ကာ မြင်းပေါ်သို့ ခုန်တက်၍ ဒုန်းစိုင်းကာ မောင်းနှင်ခဲ့လေတော့သည်။

* * *

## ဆန္ဒကိုယ်စီ

သဲချောင်းလေးတစ်ခု....

ယင်းချောင်းကလေးသည် ပေတစ်ရာခန့် ကျယ်ဝန်းသေ
လည်း အလွန်တိမ်သော ချောင်းကလေးဖြစ်လေသည်။

ချောင်းကလေး၏ အနက်ဆုံးနေရာသည် ခြေသလုံးမြုပ်
သာ ရှိလေသမျှ။

ကျောက်စရစ်ခဲများပေါသော ချောင်းဖြစ်လေသည်။

ယင်းချောင်းကလေးကို ဖြတ်ကျော်ပြီးသောအခါ ရှ
လျားသော မြက်ရိုင်းပင်များ ရှိလေသည်။

ရှောင်ရှမ်းသည် မြက်ရိုင်းပင်များကိုဖြတ်ကျော်ရင်း ကျ
ဖုန်းအား လှည့်ကြည့်လိုက်၏။



'ကျောင်းဖုန်း၊ မင်း အခုဘယ်သွားမှာလဲ'

ကျောင်းဖုန်းက ပြုံးလိုက်သည်။

'တောင်ကြားမြို့ကို သွားမယ်'

ရှောင်ရှမ်းက ခေါင်းခါယမ်းလိုက်၏။

'တောင်ကြားမြို့ဟာ ကောင်းတဲ့မြို့ မဟုတ်ဘူး'

ကျောင်းဖုန်းက သူ့အားတစ်ချက် ကြည့်လိုက်သည်။

'မင်းက ဘာဖြစ်လို့ ဒီလိုပြောနိုင်တာလဲ'

ရှောင်ရှမ်းက တည်ကြည်သော မျက်နှာထားဖြင့်....

'ဆိုင်ရှင်အဘွားက ငါတို့ကို မသွားစေချင်ဘူး မဟုတ်
လား'

ကျောင်းဖုန်းက ပြုံးလိုက်သည်။

'ဆိုင်ရှင်အဘိုးကြီးကတော့ ငါတို့ကို သွားစေချင်တယ်
လေ၊ ပြီးတော့ ဟိုမှာ ဝမ်းကျုံးစန်းဆာလဲ ကျေးဇူးဆပ်
မယ်လို့ ပြောခဲ့တယ်မဟုတ်လား'

ရှောင်ရှမ်းက ဦးခေါင်းခါယမ်းလိုက်၏။

'ငါကတော့ ဖူးရန်နယ်ကို သွားမယ်'

'ကျောင်းဖုန်းကသူ့အား အံ့ဩစွာ ကြည့်လိုက်သည်။

'ဘာ....ဖူးရန်းနယ်ကိုသွားမယ်ဟုတ်လား'

သူက နှုတ်ခမ်းမဲ့ လိုက်ပြီး....

'ဖူရှန်းနယ်က ဆင်းရဲမွဲတေပြီး တော်မှတ်ခေါင်းပါးတဲ့နေရာပဲ'

ရှောင်ရှမ်းက ပြုံးလိုက်လေသည်။

'အာပဲဖြစ်ဖြစ် ငါက ဖူရှန်းနယ်ကိုပဲသွားမယ်'

ကျင်းဖုန်းက အဝေးသို့ တစ်ချက်လှမ်းကြည့်လိုက်၏။

'ဒါဆိုရင် မင်းက ငါ့ကိုခွဲသွားတော့မှာပေါ့'

ရှောင်ရှမ်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

'လောကကြီးမှာ မခွဲမခွာကြတဲ့အဖြစ်ဆိုတာ မရှိပါဘူး၊ ဘယ်သူဆို တစ်နေ့မဟုတ် တစ်နေ့တော့ ခွဲကြရမှာပဲ'

ဟု ပြောလိုက်လေသည်။

ထို့နောက်....

ကျင်းဖုန်းဘက်သို့ လှည့်ကြည့်ကာ....

'မင်းသာ တောင်ကြားမြို့ကလေးကိုရောက်ရင် လိမ္မာအောင်နေပါ'

ဟု မှာကြားလိုက်လေသည်။

ကျင်းဖုန်းက ပြုံးလိုက်သည်။

ကြေကွဲဝမ်းနည်းသောအပြုံး ဖြစ်၏။



မကြာမီ....

သူတို့နှစ်ယောက်သည် လမ်းဆုံတစ်ခုသို့ ရောက်ရှိလာလေသည်။

ဘယ်ဘက်သို့ ခွဲသွားသောနေရာသည် တောင်ကြားမြို့ကလေးဖြစ်ပြီး ညာဘက်သို့ ခွဲသွားသောနေရာမှာ ဖူရှန်းနယ်ဖြစ်၏။

ကျင်းဖုန်းက ခမြပြင်ပေါ်သို့ဆင်းကာနယ်နိမိတ်ကျောက်တိုင်လေးအား ငုံ့ကြည့်လိုက်လေသည်။

အတန်ကြာမှ....

သူက ရှောင်ရှမ်းဘက်သို့ လှည့်ကြည့်လိုက်ပြီး....

'ရှောင်ရှမ်း၊ မင်းက တကယ်ပဲ ငါနဲ့ခွဲသွားတော့မှာလား'

ရှောင်ရှမ်းက ခေါင်းညိတ်ပြလိုက်သည်။

ကျင်းဖုန်းက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်၏။

'ငါက ချမ်းသာတဲ့မြို့ကိုသွားပြီး မင်းက ဆင်းရဲတဲ့မြို့ကိုသွားမယ်ဆိုတော့ တရားမျှတမှုမရှိဘူးထင်တယ်'

ရှောင်ရှမ်းက ပြုံးလိုက်သည်။

'ဘာလဲ၊ မင်းက အနှစ်စာတုံးနဲ့ဆုံးဖြတ်မလို့လား'

ကျင်းဖုန်းက ခေါင်းညိတ်ပြလိုက်၏။

သူက အင်္ကျီအိတ်ထဲမှ အန်စာတုံးနှစ်လုံးကို ထုတ်ယူလိုက်သည်။

ရှောင်ရှမ်းက လက်ဖြန့်လိုက်သည်။

'ကျောင်းဖုန်း ဒီတစ်ခါ ငါက အန်စာတုံးလှိမ့်မယ်၊ မင်းက စုံဂဏန်းကိုရွေးချယ်မလား၊ မဂဏန်းကိုရွေးချယ်မလား'

ကျောင်းဖုန်းက သူ့ထံသို့ အန်စာတုံးနှစ်လုံး လှိမ့်ပေးလိုက်သည်။

'စုံဂဏန်း'

ရှောင်ရှမ်းက ခေါင်းတစ်ချက်ညိတ်ကာ အန်စာတုံးအား လှိမ့်လိုက်သည်။

အန်စာတုံးကလေးသည် မြေပြင်ပေါ်တွင် လေးငါးပတ် လှိမ့်ကာ ရပ်တန့်သွား၏။

အန်စာတုံးတစ်ခုက တစ်ဂဏန်းဖြစ်ပြီး ကျန်တစ်လုံးက ခြောက်ဂဏန်းဖြစ်၏။

ထို့ကြောင့်....

နှစ်ခုပေါင်းသော် ခုနစ်ဂဏန်းဖြစ်နေလေသည်။

ရှောင်ရှမ်းက ကျောင်းဖုန်းထံ အန်စာတုံးနှစ်လုံးကိုကောက်၍ ပေးလိုက်၏။



သူက ပြုံးလိုက်သည်။

ကြေကွဲဝမ်းနည်းသော အပြုံးမျိုးဖြစ်၏။

'ဝမ်းနည်းပါတယ်ကွာ၊ ငါသွားတော့မယ်'

ကျောင်းဖုန်းက သူ့အား အတန်ကြာအောင် စိုက်ကြည့်ပြီးမှ ပခုံးတစ်ချက် တွန့်လိုက်လေသည်။

'ငါက မင်းကို ဘယ်တော့မှ မခွဲဘူးလို့ ဆုံးဖြတ်ထားတယ်၊ ဒါပေမယ့် ကံတရားပေါ့ကွာ'

ရှောင်ရှမ်းက ကျောင်းဖုန်းအား ကြည့်လိုက်သည်။

ကျောင်းဖုန်း၏မျက်ဝန်းအစုံတွင် ကြေကွဲဝမ်းနည်းဟန်များကို မြင်တွေ့လိုက်ရ၏။

သို့သော်....

သူနှင့် ကျောင်းဖုန်းသည် ဆန့်ကျင်ဘက်ဆန္ဒကိုယ်စီ ရှိနေကြ၏။

သူက သက်ပြင်းတစ်ချက်ချကာ ကျောင်းဖုန်းအား လက်တစ်ချက် ဝှေ့ယမ်းပြလိုက်သည်။

ယခင်းနေ့က....

ချာခနဲလှည့်ကာ မြင်းကို စတင်နှင်၍ထွက်ခဲ့လေသည်။

ကျောင်းဖုန်းက ရှောင်ရှမ်း၏ခန္ဓာကိုယ် ပျောက်ကွယ်သွားသည်အထိကြည့်ကာ သက်ပြင်းတစ်ချက်ချလိုက်ပြီး မြင်းဇက်

ကြိုးကို ဆွဲလှည့်ကာ ဒုန်းစိုင်း၍ မောင်းနှင်သွားလေတော့သည်။

ဤအချိန်မှစ၍ခွဲခွာခဲ့သောသူတို့နှစ်ယောက်သည် ပြန်လည်ဆုံဆည်းနိုင်ပါဦးမည်လော။

* * *

ကြေးစားလူဆိုးထိန်း

---

ဤနေရာသည် ခရိုင်အကျဉ်းထောင်၏အုပ်ချုပ်ရေးမှူးရုံးဖြစ်သည်။

မိုင့်ထန်သည် အုပ်ချုပ်ရေးမှူးရာထူး တိုးမြှင့်ခံရပြီးနောက် ခရိုင်အကျဉ်းထောင်သို့ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်၏။

ဤအကျဉ်းထောင်သို့ သူရောက်ရှိခဲ့သည်မှာ တစ်လပင်မပြည့်သေးပါ။

တစ်လမပြည့်သေးမီကာလအတွင်း ယခုကဲ့သို့သောထောင်ဖောက်ပြေးသည့်ကိစ္စနှင့် ကြုံကြိုက်ခဲ့ရလေသည်။

ထို့ကြောင့်....

သူက အလွန်ဒေါသကြီးနေမိ၏။

အကျဉ်းသားမှတ်တမ်းအရ ထွက်ပြေးသူမှာ သေဒဏ်ချမှတ်ခြင်း ခံရသော ကျင်းဖုန်းဆိုသည့် လူရှယ်ဖြစ်နေလေသည်။

ထို့ပြင်....

ကျင်းဖုန်းအား လူရှယ်တစ်ယောက်က ကယ်ထုတ်သွားပြီး ကျင်းဖုန်းနှင့်အတူ ထွက်ပြေးလွတ်မြောက်သွားကြောင်း သိရ၏။

တစ်ဖန်....

ကျင်းဖုန်းက ခရိုင်တရားသူကြီးအား သတ်သွားသည်ဟု သတင်းရခဲ့ပြန်လေသည်။

ထို့ကြောင့်....

သူသည် ကျင်းဖုန်းနှင့် အပေါင်းပါအား ဖမ်းဆီးရန် ဆုငွေထုတ်ရန် ခရိုင်ဝန်ထံမှ ခွင့်တောင်းကာ ဆုငွေထုတ်လိုက်လေသည်။

ယခု....

သူသည် ရုံးခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လျှောက်နေ၏။

မိမိရာထူးတည်မြဲရန် ကျင်းဖုန်းအား ပြန်လည်ဖမ်းဆီးမိမှ ဖြစ်မည်ဟု တွေးကာ စိတ်မတည်မငြိမ်ဖြစ်နေမိလေသည်။

ယင်းအချိန်....



ရဲမက်တစ်ယောက်က ဝင်ရောက်လာ၏။

'အုပ်ချုပ်ရေးမှူးကို လူတစ်ယောက်က တွေ့ခွင့်တောင်းနေပါတယ်'

မိုင်ထန်က မျက်မှောင်ကြုတ်လိုက်သည်။

'ဘယ်သူလဲ'

ရဲမက်က....

မျက်ခုံးမွှေး လေးခုနဲ့လူလို့ ပြောပါတယ်'

မိုင်ထန်၏ မျက်နှာတစ်ခုလုံး ဝင်းလက်တောက်ပသွားလေသည်။

'သူ့ကို ငါ့ဆီအမြန်လွှတ်လိုက်ပါ'

သတင်းလာပို့သော ရဲမက်က ပြန်လည်ထွက်ခွာသွား၏။

တစ်ခဏအကြာ....

မျက်ခုံးမွှေး လေးခုရှိသော လူတစ် ဝင်ရောက်လာလေတော့၏။

* * *

မျက်ခုံးမွေး လေးခု…

ထူထဲသောမျက်ခုံးမွေးများကြောင့် သူ့အား မျက်ခုံးမွေးလေးခုနှင့် လူဟု ခေါ်ကြလေသည်။

ထိုလူ၏အမည်မှာ ယန်ချူးဖြစ်သည်။

သူသည် ကုလားထိုင်ကို နောက်မှီထိုင်ရင်း ခြေထောက်နှစ်ချောင်းအား မိုင်ထန်၏စားပွဲပေါ်သို့ တင်ထားလေသည်။

သူ၏ မျက်လုံးများသည် ဆုငွေထုတ်ထားသောကြော်ငြာစာရွက်ပေါ်မှ ကျင်းဖုန်း၏ရုပ်ပုံအား သေချာစွာ စိုက်ကြည့်နေလေသည်။

မိုင်ထန်က သူ့အား ကြည့်လိုက်သည်။

'သူနဲ့ အတူ လူငယ်တစ်ယောက် ရှိသေးတယ်'

ယန်ချူးက ပြုံးကာ အိတ်ထဲမှဆေးတံကို ထုတ်ယူလိုက်၏။

ထို့နောက်…

ဆေးတံထဲသို့ ဆေးတစ်အိုးထည့်၍ မီးညှိကာ မီးခိုးများကို အခန်း၏မျက်နှာကြက်ဆီသို့ မှုတ်ထုတ်လိုက်သည်။

'အဲဒီလူကို မြင်လိုက်တဲ့လူ မရှိဘူးလား'

မိုင်ထန်က စဉ်းစားလိုက်၏။

ခရိုင်တရားသူကြီးအိမ်က လူတစ်ယောက်တတော့ မြင်လိုက်တယ်'



ယန်ချူးက ခြေထောက်ကို ပြန်လည်ရုတ်သိမ်းလိုက်သည်။

'ဘာလို့ ပန်းချီဆရာကိုခေါ်ပြီး ပုံမဆွဲခိုင်းသေးတာလဲ'

မိုင်ထန်က ရဲမက်တစ်ဦးအားခေါ်ပြီး ခရိုင်တရားသူကြီး၏ အိမ်သို့ စေလွှတ်လိုက်လေတော့သည်။

* * *

မိုင်ထန်နှင့်ယန်ချူးတို့သည် နေပြည်တော်၌ အတူအမှုထမ်းခဲ့၏။

သူတို့သည် အတူ လက်တွဲကာ ခုနစ်နှစ်ရှစ်နှစ်ခန့် လူဆိုးထိန်းတာဝန်ထမ်းဆောင်ခဲ့ဖူးလေသည်။

ထို့နောက်….

ယန်ချူးက အမှုထမ်းဘဝကိုစွန့်၍ သိုင်းပညာဖြင့်အသက်မွေးဝမ်းကျောင်းပြုခဲ့လေသည်။

မိုင်ထန်ကမူ မင်းမှုထမ်းဘဝတွင် ဆက်လက်နေပြီး ယခုကဲ့သို့ အုပ်ချုပ်ရေးမှူးရာထူးအဆင့်ကို ရောက်ရှိလာခဲ့ခြင်းဖြစ်လေသည်။

ယန်ချူးကမူ ကြေးစား လူဆိုးထိန်းအလုပ်ကို လုပ်ကိုင်ခဲ့၏။

သူ၏အလုပ်သည် အသက်နှင့်ရင်း၍လုပ်ရသော အလုပ်ဖြစ်သည်။

ထို့ပြင်....

လက်ရုံးရည်ကော နှလုံးရည်ပါ ပြည့်စုံရပေလိမ့်မည်။

သူသည် ဆုငွေထုတ်ထားသူများကို လိုက်လံဖမ်းဆီးပြီး ဆုငွေကို ထုတ်ယူရသောအလုပ် ဖြစ်လေသည်။

ဤအလုပ်သည် မလွယ်ကူပါချေ။

သို့သော်....

ယန်ချူးက ဤအလုပ်မျိုးကို သဘောကျ၏။

ထို့ပြင်....

သူသည် ဆုငွေအနည်းငယ်မျှထုတ်ထားသူကိုစိတ်ဝင်စားမှု မရှိပါချေ။

* * *



ခရိုင်တရားသူကြီး၏ကိုယ်ရံတော်သည် နှုတ်မှပြောပြနေလေသည်။

ပန်းချီဆရာသည် သူ၏ပြောပြချက်ကို ရုပ်ပုံရေးဆွဲနေလေသည်။

မိုင်ထန်နှင့်ယန်ချူးတို့က နံဘေးတွင် ထိုင်ကြည့်နေကြ၏။

အတန်ကြာသောအခါ....

လူတစ်ယောက်၏မျက်နှာ ပေါ်လွင်လာလေသည်။

သို့သော်....

ပုံဆွဲစက္ကူပေါ်မှရုပ်ပုံသည် ရှောင်ရှမ်းနှင့် အနည်းငယ်ကွာဟနေလေသည်။

ရှောင်ရှမ်း၏နှုတ်ခမ်းသည် တိကျပြတ်သားသော ဟန်မူရာ ရှိသော်လည်း စက္ကူပေါ်မှ ရှောင်ရှမ်း၏ နှုတ်ခမ်းသည် လျော့ရဲရဲနိုင်လှပေသည်။

စက္ကူပေါ်မှရှောင်ရှမ်း၏နှာခေါင်းက အနည်းငယ် ချွန်နေလေသည်။

မျက်နှာကျပုံမှာလည်း ကွာဟနေသေးသည်။

ယန်ချူးက ပန်းချီဆရာဆွဲထားသောစက္ကူကိုယူကာ လိမ်ခေါက်ပြီး အင်္ကျီအိတ်ထဲသို့ထည့်လိုက်လေသည်။

ထို့နောက်....

နံရံပေါ်တွင်ကပ်ထားသောမြေပုံအား ကြည့်လိုက်၏။

'မှိုင်ထန်....မင်းတို့မြေပုံထဲမှာ တောင်ကြားမြို့ ဆိုတာ ပါတယ်မှဟုတ်လား'

မှိုင်ထန်က ခေါင်းညိတ်လိုက်လေသည်။

'ရှိတယ်၊ နယ်ခြားမြို့ကလေးပဲ၊ အတော်စည်ကားတယ်လို့ ပြောသံကြားဖူးတယ်'

ယန်ချူးက ကျေနပ်စွာ ပြုံးလိုက်သည်။

ထို့နောက်....

သူက ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေတော့၏။

* * *



ရှောင်ရှမ်းသည် ဖူရန်းနယ်ဘက်ဆီသို့ ဦးတည်ကာထွက်ခဲ့လေသည်။

သို့တိုင်အောင်....

သူက မကြာခဏဆိုသကဲ့သို့ နောက်ဘက်သို့လှည့်ကြည့်ကာ တောင်ကြားမြို့သို့သွားသော ကျင်းဖုန်းအား လှည့်ကြည့်နေမိလေသည်။

နောက်ဆုံးတွင် ကျင်းဖုန်း၏အရိပ်အယောင်ကိုမျှ မမြင်ရသောအခါမှ လေပူတစ်ချက်မှုတ်ထုတ်လိုက်မိ၏။

ယင်းအချိန်....

ဖုန်နှုန်းနှယ်သို့သွားသော လမ်းကလေးသည် တဖြည်းဖြည်း မြင့်လာပြီး လမ်းတစ်ဆစ်ချိုးကွေ့သွားသည့်အခါမှ နိမ့်ဆင်း သွားပြန်လေသည်။

တစ်ဖန် ပြန်လည်၍မြင့်တက်သွား၏။

ယင်းအချိန်....

ရှတ်တရက် တောင်းကင်တစ်ခုလုံး၌ မိုးတိမ်များဖုံးလွှမ်း လာပြီး ရုတ်ခြည်းဆိုသလို မိုးကသဲသဲမဲမဲ ရွာချလာပြန်၏။

ယို့ကြောင့်....

သူက မြင်းကို စိတ်တိုင်းကျမစီးနိုင်ခဲ့ပါ။

ယင်းအချိန်မှာပင် ရှတ်တရက် သူ့ရှေ့ မလှမ်းမကမ်း အရိပ်တစ်ခုက မိုးရေများကြားတွင် လှုပ်ရှားနေခြင်းကို တွေ့ မြင်လိုက်ရလေတော့၏။

* * *



မိုးသည် သဲသဲမဲမဲရွာချနေ၏။

ထို့ကြောင့်....

ရှောင့်ရှမ်းက ရှေ့ဘက်ဝါးတစ်ရိုက်ခန့်အကွာကိုသာ မြင် တွေ့ရလေသည်။

ထိုအကွာအဝေးထက် ပိုသွားလျှင် မှုန်ဝါးဝါးသာ မြင် တွေ့ရ၏။

ရှတ်တရက် လမ်းကိုဖြတ်ပြေးသွားသော လူရိပ်တစ်ခုကို တွေ့မြင်လိုက်ရသဖြင့် သူကမြင်းကိုရပ်တန့်လိုက်ပြီး....

'ဘယ်သူလဲ'

ဟု လှမ်းအော်လိုက်၏။

လူရိပ်သည် လမ်းတစ်ဖက်ရှိ ချုံနွယ်များကြားသို့ ဝင် ရောက် ပျောက်ကွယ်သွားလေသည်။

ရှောင်ရှမ်းက ထပ်မံ၍ အော်မေးလိုက်ပြန်၏။

'ဘယ်သူလဲ'

သို့သော်....

တုံ့ပြန်သံကို မကြားရပါ။

သူက မျက်မှောင်ကြုတ်လိုက်သည်။

'လူလား၊ တိရစ္ဆာန်လား၊ လူဆိုရင်တော့ ငါ့အသံကို
ကြားမှာပဲ'

ဟု တွေးလိုက်မိသည်။

အကယ်၍ လူဖြစ်ပါလျှင် သူတို့က မိမိသွားမည့် ဖူရန်းနယ်
အား မေးမြန်းခွင့်ရမည် ဖြစ်သည်။

ထို့ကြောင့်....

ယင်းအရိပ်အား လူတစ်ယောက် ဖြစ်ပါစေဟု ဆုတော
နေမိ၏။

သို့သော်....

လူဖြစ်ပါက တုံ့ပြန်သံကြားရမည် ဖြစ်လေသည်။

ယခု....

မည်သည့် တုံ့ပြန်သံကိုမျှ မကြားရပါ။

ထို့ပြင်....

တပ်မ လှုပ်ရှားမှုကိုလည်း မတွေ့ရပါ။

အကယ်၍ တိရစ္ဆာန်ဖြစ်ပါကလည်း ဤမျှငြိမ်သက်
လိမ့်မည် မဟုတ်ပါ။

ဤသို့ဆိုလျှင်....

ထိုအရိပ်သည် လူဖြစ်ရပေမည်။



လူဖြစ်ပါလျှင်လည်း နားမှုပါလေစ....

သူကမြင်းပေါ်မှဆင်းကာ ထိုလူရိပ် ပြေးဝင်ပျောက်ကွယ်
သွားရာသို့ ပြေးလွှားလာခဲ့လေတော့သည်။

* * *

မြေပြင်သည် မိုးရွာသွန်းမှုကြောင့် စိုစွတ်နေ၏။

ဖူရန်းနယ်သို့ သွားသောလမ်းသည် ရွှံ့ဗွက်များ ထူထပ်လှ
ပေသည်။

ချောင်ရှမ်းက ရွှံ့ဗွက်များဖြင့် ထူထပ်နေသော လမ်းကလေး
အား ငုံ့ကြည့်လိုက်၏။ ခြေရာတစ်စုံက လမ်း၏ တစ်ဖက် ချုံ
နွယ် အတွင်းသို့ ဖြတ်သန်းသွားကြောင်း တွေ့မြင်လိုက်ရလေ
သည်။

ချုံနွယ်များသည် လူတစ်ရပ်ခန့်မြင့်မားလှပေသည်။

ထိုချုံနွယ်များထဲသို့ ချောင်ရှမ်းက တိုးဝင်သွားသော
အခါ မြေပြင်သည် တဖြည်းဖြည်း နိမ့်ဆင်းကျလာလေသည်။

လျှိုတစ်ခုဖြစ်၏။

လျှိုထဲသို့ ဆင်းလာမိသောအခါ ကျောက်တုံးများဖြင့် ပြည့်နှက်နေသော နေရာသို့ ရောက်ရှိလာ၏။

ထိုအချိန်....

ခြေရာသည် ကြီးမားသော ကျောက်တုံးတစ်ခု ဆီသို့ ဦးတည်သွားနေကြောင်း တွေ့မြင်ရလေသည်။

ရှောင်ရှမ်းကပြုံး၍ ကျောက်တုံးနားသို့ ချဉ်းကပ်သွား၏။

ကျောက်တုံးနောက်ကွယ်တွင် လူတစ်ယောက် ပုန်းနေပါသည်။

သို့သော်....

သူ့ကိုယ်သူ လုံအောင် မပုန်းနိုင်ပါချေ။

အကြောင်းကား....

ထိုလူ၏ ခြေထောက်သည် အမှတ်အသားပြုထားသော အနာလေးများကို တွေ့မြင်နေရသည် မဟုတ်ပါလော။

တိရစ္ဆာန်များကို သတ်ခါနီးတွင် တံဆိပ်ရိုက်သကဲ့သို့ ယခု ပုန်းနေသူကိုလည်း တံဆိပ်ရိုက်ထားလေသည်။

ရှောင်ရှမ်းက မျက်မှောင်ကြုတ်လိုက်၏။

'ဟေ့....မင်းကို ငါတွေ့ပြီ၊ ပုန်းမနေနဲ့ ထွက်ခဲ့ပါ'



ဟု ပြောလိုက်လေသည်။

သူ၏အသံဆုံးသွားသည်နှင့် ကျောက်တုံးနောက်ကွယ်မှ ပုန်းနေသောသူက ထွက်လာလေသည်။

ထိုလူအား တွေ့မြင်လိုက်သည်နှင့် ရှောင်ရှမ်း၏ မျက်လုံး အစုံက ပြူးကျယ်သွားလေတော့သည်။

* * *

ရှောင်ရှမ်း၏မျက်လုံးများ ပြူးကျယ်သွားလေသည်။

ကျောက်တုံးနောက်ကွယ်မှ ပုန်းနေသောလူအား မျက်တောင်မခတ် ငေးမောကာ ကြည့်နေမိလေသည်။

အကြောင်းကား....

ကျောက်တုံးနောက်ကွယ်မှထွက်လာသောလူသည် အလွန် ချောမောလှပသည့် မိန်းကလေးတစ်ယောက် ဖြစ်၏။

သူမ၏ ခန္ဓာကိုယ် တစ်ခုလုံးတွင် မိုးရေများ စိုရွှဲနေလေသည်။

ထိုအခါ...

သူမသည် အနုပညာမြောက်သော ပန်းပုရုပ်တစ်ရုပ်ကဲ့သို့ အလွန်ကြော့ရှင်းပြေပြစ်သော ခန္ဓာကိုယ် အချိုးအဆက်များ ပုံဖော်ထားသည့်နှယ် ရှိနေ၏။

ရှောင်ရှမ်းကသူမအား ပြုံးကျယ်သော မျက်ဝန်းအစုံဖြင့် ငေးမောကာ ကြည့်နေရင်း အသက်ရှူရန်ပင် မေ့လျော့နေမိလေသည်။

မိန်းကလေးက ကြောက်ရွံ့ထိတ်လန့်စွာဖြင့်...

'ကျွန်မ...ကျွန်မကို မဖမ်းဆီးပါနဲ့...'

ဟု အသံတုန်တုန်ယင်ယင်ဖြင့် ပြောလိုက်လေသည်။

ရှောင်ရှမ်းက ငေးငိုင်ကာ ကြည့်နေမိလေသည်။

ယင်းအချိန်...

မိန်းကလေးကချာခနဲလှည့်ကာ ပြေးလွှားသွားလေသည်။

ရှောင်ရှမ်းက ယခုမှ သတိပြန်ဝင်လာကာ...

'ဟေ့...မပြေးနဲ့လေ'

ပြောရင်း မိန်းကလေးနောက်မှ ပြေးလိုက်လာ၏။

ယင်းတဒင်္ဂ အချိန်လေးမှာပင်...

မိန်းကလေးက ခြေချော်ကာလဲကျသွားလေသည်။



ရှောင်ရှမ်းက ကမန်းကတန်း ပွေ့ချီထားလိုက်ရ၏။

မိန်းကလေးက အတင်းရုန်းကန်ကာ...

'ကျွန်မကို မဖမ်းပါနဲ့၊ ကျွန်မကို မဖမ်းပါနဲ့'

ဟု အော်ဟစ်နေလေသည်။

ရှောင်ရှမ်းက သူမ မရုန်းနိုင်အောင် တင်းကျပ်စွာ သိုင်းဖက်ထားလိုက်လေသည်။

'မကြောက်ပါနဲ့ ငါကမင်းကို ဖမ်းမယ့်လူ မဟုတ်ပါဘူး'

မိန်းကလေးက အံ့ဩသွားဟန်ဖြင့် သူ့အားကြည့်လိုက်၏။

ရှောင်ရှမ်းက ပြုံးပြလိုက်သည်။

'တကယ်ပါ၊ ကျုပ်က မင်းကိုဖမ်းမယ့်လူ မဟုတ်ပါဘူး'

မိန်းကလေးကသူ့အားကြည့်ကာ စိတ်သက်သာပုံ ရသွား၏။

ရှောင်ရှမ်းက ပြုံး၍ စကားဆက်လိုက်၏။

'ကျုပ်ကဲ့ ခရီးသည်တစ်ဦးပါ၊ ဖူရန်နယ်ကိုသွားမယ့် ခရီးသည်တစ်ဦးပါ'

မိန်းကလေးက စကားမပြောပါ။

သူမက ရှောင်ရှမ်းအား စိုက်ကြည့်နေ၏။

ရွှောင်ရှမ်းက ပြုံးပြလိုက်သည်။

'ဒါနဲ့ မင်းက ဖူရှန်းကလား'

မိန်းကလေးက ခေါင်းညိတ်ပြလိုက်၏။

ရွှောင်ရှမ်းက ပြုံးပြလိုက်၏။

'ငါ့နာမည်က ရွှောင်ရှမ်းတဲ့၊ မင်းနာမည်ကကော'

မိန်းကလေးက သူ့အား အတန်ကြာအောင် ကြည့်နေပြီးမှ...

'ကျွန်မနာမည်က ရှင်ချိန်ရီ'

သူမ၏အသံသည် အလွန်ကြည်လင်၍ နှစ်လိုဖွယ်ကောင်းလှသည်ဟု ရွှောင်ရှမ်းက ခံစားလိုက်ရလေသည်။

သူက ပြုံးလိုက်၏။

'ကျုပ်က ဖူရှန်းမှာ နေဖို့လာတာကွ'

ရှင်ချိန်ရီက သူ့အား အထူးအဆန်းသဖွယ်ကြည့်နေ၏။

ရွှောင်ရှမ်းက သူမအား တင်းကျပ်စွာ ဖက်ထားရာမှ လွှတ်လိုက်သည်။

'ကဲ....ဒီမှာ ကြာကြာနေလို့မသင့်ဘူး၊ မင်းကို ငါအိမ်ပြန်ပို့ပေးမယ်'

ရှင်ချိန်ရီက သူ့အား ခေါင်းသွင်သွင်ခါယမ်းပြလိုက်၏။



'အို....ကျွန်မ အိမ်မပြန်ဘူး'

ရွှောင်ရှမ်းက မျက်မှောင်ကြုတ်လိုက်သည်။

'မင်းဟာ သိပ်လှတဲ့မိန်းကလေးပဲ၊ မင်းတစ်ယောက်တည်း ဒီမှာနေလို့မသင့်ဘူးနော်'

ရှင်ချိန်ရီက ခေါင်းသွင်သွင်ခါယမ်းလိုက်၏။

'မဖြစ်ဘူး....မဖြစ်ဘူး၊ ကျွန်မပြန်လို့မဖြစ်ဘူး'

ရွှောင်ရှမ်းက မျက်ခုံးပင့်ကာ ကြည့်လိုက်သည်။

'ဘာဖြစ်လို့လဲ'

ရှင်ချိန်ရီ၏မျက်နှာလေးမှာ ဖြူဖပ်ဖြူရော် ဖြစ်သွားလေသည်။

'သူတို့က ကျွန်မကို ဖမ်းကြလိမ့်မယ်'

'သူတို့ဆိုတာ ဘယ်သူတွေလဲ'

'ရှင်က တောင်ကြားမြို့ကလာတာလား'

'မဟုတ်ဘူး၊ ဘာလဲ၊ မင်းကိုဖမ်းတာ တောင်ကြားမြို့က လူတွေလား'

'ဟုတ်တယ်'

ရွှောင်ရှမ်းက သူမအား နားမလည်စွာဖြင့် ကြည့်လိုက်၏၊

'နေပါဦး၊ သူတို့က မှင်းကိုဘာဖြစ်လို့ဖမ်းကြတာလဲ'

ရှင်ချိန်ရီ၏မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာလေသည်။

'လွန်ခဲ့တဲ့ ဆယ်ရက်တုန်းက ကျွန်မရဲ့ပထွေးက တောင်ကြားမြို့ကလေးမှာ သွားပြီးသစ်ခွေးရောင်းတယ်၊ ရောင်းပြီးတော့ သူကဖဲ့ကစားတယ်တဲ့လေ၊ ရှုံးတဲ့အခါ ငွေချေးကစားတယ်၊ ရှုံးတော့အကြွေးမဆပ်နိုင်ဘူး'

ရှောင်ရှမ်းက နားစွင့်နေလေသည်။

ရှင်ချိန်ရီက စကားဆက်လိုက်၏။

'ဒါကြောင့် သူ့ကကျွန်မကို သူဖဲရှုံးတဲ့လူဆီမှာ အကြွေးနဲ့ရောင်းစားပစ်လိုက်တယ်'

သူမက ပြောပြီးငိုကြွေးလိုက်လေသည်။

ရှောင်ရှမ်းက မဲ့ပြုံးပြုံးလိုက်၏။

'တောက်....လူဆိုးဆန်တဲ့လူပဲ'

သူက ရှင်ချိန်ရီ၏ ခြေထောက်အား ငုံ့ကြည့်ကာ....

'ဒါနဲ့ ဒီအမှတ်တံဆိပ်က'

'ဒါ....ဒါက ကျွန်မ ရွှေနန်းတော်က မိန်းကလေးဖြစ်သွားပြီဆိုတဲ့ အမှတ်အသားပါ'



ရှောင်ရှမ်းက မျက်မှောင်ကြုတ်လိုက်သည်။

'အဲဒါနဲ့ မှင်းက အခု ထွက်ပြေးလာတယ်ဆိုပါတော့'

ရှင်ချိန်ရီက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ရှင်'

ရှောင်ရှမ်းက....

'ဒါနဲ့ မင်းအမေမကောကော'

ရှင်ချိန်ရီက....

'အမေက ဖူရှန်းမှာ ရှိနေပါတယ်'

ရှောင်ရှမ်းက ပြုံးလိုက်သည်။

'ဒါဖြင့် မင်းအမေဆီ ပြန်ကြရအောင်'

ရှင်ချိန်ရီက မျက်လုံးပြူးကာ ကြည့်လိုက်၏၊

'ကျွန်မ မပြန်ရဲဘူး၊ တောင်ကြားမြို့ကလူတွေ လိုက်လာလိမ့်မယ်'

ရှောင်ရှမ်းက ပြုံး၍ခေါင်းခါယမ်းလိုက်သည်။

'စိတ်ချပါ၊ မင်းကို သူတို့ကလာဖမ်းရင် ငါအသူတို့ရဲ့လ... တွေကို ရိုက်ချိုးပစ်မယ်'

ရှင်ချိန်ရီကဲ ခေါင်းခါယမ်းလိုက်၏။

'အို....မဖြစ်ပါဘူး၊ သူတို့က လူဆိုးတွေ'

ရွှောင်ရှမ်းက ပြုံးလိုက်သည်။

'ဘာပဲဖြစ်ဖြစ် မင်းကို သူတို့မဖမ်းစေရဘူး'

ရှင်ချိန်ရီက ငေးငိုင်သွား၏။

သူမသည် ယောကျ်ားပီသ၍ ချောမောခံ့ညားသော... ရွှောင်ရှမ်းအား ငေးမောတော ကြည့်နေမိလေသည်။

ရွှောင်ရှမ်းက ပြုံးပြလိုက်သည်။

'ခဏနေဦးနော်'

သူက ပြောပြီး မိမိ၏ မြင်းထားခဲ့သည့်နေရာသို့ ပြန်သွား... ကာ မြင်းကိုဆွဲ၍ခေါ်လာ၏။

ရှင်ချိန်ရီက သူ၏မြင်းကိုကြည့်ကာ အံ့သြဟန်ဖြင့်...

'ဟင်... ရှင့်မှာ မြင်းပါတယ်ဟုတ်လား'



ရွှောင်ရှမ်းက ခေါင်းညိတ်လိုက်သည်။

'မင်းက မြင်းမစီးချင်ဘူးလား'

ရှင်ချိန်ရီက မြင်းကိုသေချာစွာ ကြည့်လိုက်၏။

'ကျွန်မတို့ ဖူရန်းမှာ မြင်းမပြောနဲ့ နွားတောင် မရှိဘူး၊ ...အကုန်သေကုန်ပြီ'

ရွှောင်ရှမ်းက အံ့သြသွားလေသည်။

'ဟင်.... ဘာဖြစ်လို့လဲ'

ရှင်ချိန်ရီက သက်ပြင်းတစ်ချက်ချလိုက်၏။

'ဖူရန်းမှာ ရာသီဥတုက မမှန်ဘူးလေ၊ လွန်ခဲ့တဲ့သုံးနှစ်... တုန်းက ဆက်တိုက်မိုးခေါင်တယ်၊ အခုတစ်ခါ မိုးကြီးတယ်'

သူမက ရွှောင်ရှမ်းအား ထူးဆန်းစွာကြည့်ရင်း....

'မိုးခေါင်လို့ လူတွေငတ်ပြီးသေကြတယ်၊ တချို့လူတွေ... ကတော့ တောင်ကြား မြို့ကို ပြောင်းသွားကြတယ်၊ နေပါ... ဦး၊ ရှင်က ဘာဖြစ်လို့ ဒီလောက်ခေါင်ပြီး ငတ်မွတ်တဲ့ နေရာ... မှာ နေချင်ရတာလဲ'

ရွှောင်ရှမ်းက သူမအားပြုံး၍ကြည့်ကာ....

'ကဲ.. မြင်းပေါ်တက်၊ မင်းအမေဆီ ပြန်ကြရအောင်'

ပြောပြီး မြင်းပေါ်သို့တင်ပေးလိုက်သည်။

ရုတ်တရက်....

သူက ရှင်ချိန်ရီ၏ခြေထောက်မှ အမှတ်အသားကို တွေ့လိုက်ရလေသည်။

သူ၏ရင်ထဲ၌နင့်ခနဲခံစားလိုက်ရလေသည်။

သို့သော်....

စကားမပြောတော့ဘဲ မြင်းပေါ်သို့တက်ကာ ရှင်ချိန်ရီ၏ လမ်းညွှန်မှုအတိုင်း မြင်းကိုမောင်းနှင်လာခဲ့လေတော့သည်။

* * *

ဖူရန်နယ်....

ဖူရန်နယ်ထဲသို့ ဝင်ရောက်လိုက်သည်နှင့် မညီညာသော အိမ်ကလေးများအား မြင်တွေ့လိုက်ရလေသည်။



ထိုအိမ်ကလေးများကြည့်ခြင်းဖြင့် ဖူရန်နယ်၏ စီးပွားရေးကို အကဲခတ်ကြည့်နိုင်လေသည်။

စီးပွားရေးကောင်းလျှင် အိမ်များ ယခုအချိန်အထိ စုတ်ပြတ်နေလိမ့်မည် မဟုတ်ပါချေ။

လမ်းပေါ်တွင် ကလေးသူငယ်များ ဆော့ကစားနေကြ၏။

ထိုကလေးသူငယ်များသည် အာဟာရချို့တဲ့မှုကြောင့် ဗိုက်ပူနံကားလေးများဖြစ်နေကြလေသည်။

သူတို့သည် ရွာထဲသို့မြင်းစီးကာဝင်လာသော ရှော်ရှမ်းတို့အား အထူးအဆန်းသဖွယ် ဝိုင်းအုံကာ ကြည့်နေကြ၏။

ရှင်ချိန်ရီက မလှမ်းမကမ်းမှ အိမ်ကလေးအား ညွှန်ပြလိုက်သည်။

'အဲဒါ ကျွန်မတို့အိမ်ပဲ'

သူမကပြောရင်း မျက်နှာပေါ်တွင် ထူးဆန်းသော ဟန်မူရာများ ပေါ်လွင်လာလေသည်။

ထို့နောက်....

မြင်းပေါ်မှခုန်ဆင်းကာ အိမ်ကလေးဆီသို့ ပြေးသွား

ရှောင်ရှမ်းက အံ့သြသွားမိလေသည်။

သူသည် တစ်စုံတစ်ရာ ထူးခြားနေကြောင်း သဘော
ပေါက်လိုက်မိသည်။

အကြောင်းကား....

ဤနေရာတစ်ဝိုက်တွင် အိမ်ကလေးငါးလုံးရှိနေပြီး အို
တိုင်း တံခါးဖွင့်ထားလေသည်။

သို့သော်....

ရှင်ချိန်ရီတို့အိမ်က တံခါးပိတ်ထား၏။

ထို့ကြောင့်....

သူ၏မျက်နှာပေါ်တွင် စိုးရိမ်သော ဟန်မူရာများ ပေါ်
လွင်လာလေတော့သည်။

*　　　*　　　*



'ဝုန်း... ဝုန်း....ဝုန်း'

'အမေ....အမေ'

ရှင်ချိန်ရီသည် တံခါးကို တဝုန်းဝုန်းထုရင်း မိခင်အား
တကြော်ကြော်ခေါ်နေ၏။

ရှောင်ရှမ်းက မြင်းပေါ်မှ ဆင်းလိုက်လေသည်။

ရှင်ချိန်ရီက တံခါးကို အဆက်မပြတ်ထုရင်း....

'အမေ....ကျွန်မပြန်လာပြီ၊ တံခါးဖွင့်ပါ'

ဟု အော်ဟစ်နေ၏။

သို့သော်....

အထဲမှတုံ့ပြန်သံကို မကြားရပါချေ။

ရှင်ချိန်ရှိသည့် တံခါးကိုထုရလွန်းသဖြင့် လက်ကလေးများ နီရဲလာပြီဖြစ်သည်။

ရှောင်ရှမ်းက သူမအား ဟန့်တားလိုက်သည်။

'ခင်းခေါ် လို့မရရင် ငါတစ်လှည့်စမ်းကြည့်ဦးမယ်'

ဟု ပြောလိုက်၏။

ထို့နောက်....

တံခါးအား လက်ဝါးဖြင့် တစ်ချက်ရိုက်လိုက်လေသည်။

'ဝုန်း'

ဟူသောအသံနှင့်အတူ တံခါးမှ ပျဉ်ချပ်များ ကျိုးပဲ့သွား၏။

ရှောင်ရှမ်းက ထိုအပေါက်မှ လက်နှိုက်ကာ အတွင်းထဲမှ မင်းတုပ်ကို ဖွင့်လိုက်လေသည်။

တံခါးပွင့်သွားသည်နှင့် တစ်ပြိုင်တည်း အပုပ်နံ့တစ်ခု လွင့်ပျံလာလေသည်။

သူက မျက်မှောင်ကြုတ်ကာ အထဲသို့ ကြည့်လိုက်သည်။

ယင်းအချိန်....



ရှင်ချိန်ရှိက အထဲသို့ ပြေးဝင်သွား၏။

ချက်ချင်း....

သူမက ခြေလှမ်း ရပ်တန့်လိုက်လေသည်။

ထို့နောက်....

ပြူးကျယ်သော မျက်ဝန်းအစုံဖြင့် တွဲလောင်းကျနေသော အရာအား စိုက်ကြည့်နေ၏။

တစ်ခဏအကြာ....

သူမက စူးရှစွာ အော်ဟစ်ရင်း ကြမ်းပြင်ပေါ်သို့ လဲကျသွားလေသည်။

ရှောင်ရှမ်းက မျက်မှောင်ကြုတ်ကာ လေထဲမှအရာအား ကြည့်လိုက်၏။

ထိုအခါ....

ကြိုးဆွဲချကာ သေဆုံးနေသော အမျိုးသမီးတစ်ယောက်၏ အလောင်းကို တွေ့မြင်လိုက်ရလေတော့သည်။

* * *

ကျဉ်းမြောင်းသော အိမ်ကလေးဖြစ်သည်။

ထို့ကြောင့်....

ရွာထဲမှလူများ စုဝေးရောက်လာသောအခါ အိမ်ကလေးတွင် လူများ ပြည့်လျှံသွားလေသည်။

အမျိုးသမီး၏အလောင်းက လေထဲ၌ တွဲလောင်းကျမနေတော့ပါ။

ရှောင်ရှမ်းက အလောင်းကို ကြမ်းပြင်ပေါ်သို့ ချထားလိုက်ပြီဖြစ်သည်။

ရှင်ချိန်ရီက ယခုအထိ သတိမေ့နေဆဲပင်....

သူမအား ရွာခံလူများက သတိရအောင် ပြုစုနေကြ၏။

အတန်ကြာသောအခါ....

ရှင်ချိန်ရီက တစ်ချက်ညည်းညူကာ သတိရလာသည်။

သူမသည် သတိရလာသည်နှင့် လူးလဲထကာ မိခင်ဖြစ်သူ၏အလောင်းဆီသို့ ပြေးသွားလေသည်။

အဖြစ်အပျက်က မြင်ဆန်လှသဖြင့် သူမအား မည်သူကမျှ မတားလိုက်မိပါချေ။



သူမက မိခင်ဖြစ်သူအား ဖက်ကာငိုကြွေးလိုက်လေသည်။

ယင်းအချိန်....

အသက်ငါးဆယ်ကျော်ရှိ လူကြီးတစ်ယောက်က တံခါးဝ၌ ရောက်ရှိလာ၏။

ဖူရန်းရွာသူကြီး ဖြစ်လေသည်။

သူ၏ခန္ဓာကိုယ်မှာ ပိန်လှီပြီး ကျန်းမာပုံ မရပါချေ။

သူက အမျိုးသမီး၏အလောင်းကိုကြည့်ကာ မျက်နှာကွက်ခနဲ ပျက်သွား၏။

သူက ရှောင်ရှမ်းအား ကြည့်လိုက်ပြီး....

'အင်း... ဒီအိမ်တံခါးပိတ်ထားတာ နှစ်ရက်လောက်ရှိပြီ။ ဒါပေမယ့် အဘတို့ကလဲ ဒီလိုဖြစ်မယ်လို့ မထင်မိဘူးကွာ။ ဒါနဲ့ မင်းက ဘယ်သူလဲ'

ရှောင်ရှမ်းက တည်ကြည်သော မျက်နှာထားဖြင့်....

'ကျွန်တော်က ရှောင်ရှမ်းပါ'

သူကြီးက မျက်မှောင်ကြုတ်လိုက်သည်။

'မင်းကဲ ဘယ်သွားမလို့လဲ'

ရှောင်ရှမ်းက....

'ကျွန်တော်က ဖုရန်းမှာ အခြေချဖို့လာခဲ့တာပါ'

'ဘယ်လို၊ ဒီမှာအခြေချမလို့ ဟုတ်လား'

'ဟုတ်ကဲ့'

သူကြီးက သူ့အား အတန်ကြာအောင် စိုက်ကြည့်လိုက်၏၊

'ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ ဒီအမှု မပြီးမချင်းတော့ မင်း ဒီကနေ ဘယ်မှမသွားပါနဲ့'

ပြောပြီး ပြန်လည်ထွက်ခွာသွားလေသည်။

ရှောင်ရှမ်းက သူ၏ နောက်ကျောပြင်အားကြည့်ကာ တစ်စုံ တစ်ရာ ထူးခြားနေပြီဟု နားလည်လိုက်မိလေတော့သည်။

* * *

## ရွှေနှင်းတောင်

ဤလမ်းသည် တောင်ကြားမြို့ကလေးသို့ သွားသည့်လမ်း ဖြစ်၏။

လမ်းမှာ အနှောင့်အယှက်မရှိပါ။

ဖြောင့်ဖြူးပြီး သာယာလှပေသည်။

ကျင်းဖုန်းက ရှောင်ရှမ်းသွားသောလမ်းသည် ယခုကဲ့သို့ပင် ဖြောင့်ဖြူးနေလိမ့်မည်ဟု မှန်းဆနေမိ၏။

ဤသို့ဖြင့်....

ခရီးတစ်ဝက်ခန့်ရောက်သောအခါ....

တောင်းကင်တစ်ခုလုံးမှာ တိမ်ညိုတိမ်မည်းများကအုံ့ဆိုင်း လာပြီး၊ မိုးလည်းသဲသဲမဲမဲ ရွာချလိုက်လေတော့သည်။

* * *

'တောင်ကြားမြို့က ကြိုဆိုပါ၏'

သုံးပေခန့်မြင့်သော ကျောက်စာတိုင်တွင် ဤစာတမ်းရေးထိုးထားလေသည်။

ကျင်းဖုန်းက ထိုစာအား တစ်ချက်ဖတ်ကာ ပြုံးလိုက်လေသည်။

ယင်းနောက် ...

မြင်းကိုရှေ့ဆက်၍ ခရီးနှင်ခဲ့လေသည်။

သဲသဲမဲမဲရွာနေသော မိုးက တိတ်သွားပြီဖြစ်၏။

နာရီဝက်ခန့် ခရီးနှင်ခဲ့မိသောအခါ....

ကျင်းဖုန်းက တောင်ကြားမြို့ကလေးအား တွေ့မြင်လိုက်ရပြီ ဖြစ်သည်။

တောင်ကြားမြို့ကလေးထဲသို့ လှမ်းဝင်လိုက်သည်နှင့် အိမ်ကြီး အိမ်ကောင်းများကို တွေ့မြင်လိုက်ရ၏။

မြို့တွင်း၌ သွားလာလှုပ်ရှားနေသော လူများသည် ပိုးထည်အင်္ကျီများကို ဝတ်ဆင်ထားကြလေသည်။



ကျင်းဖုန်းကအဆုရာလှပတောက်ပနေပြီး အလွန်စည်ကားသောမြို့ဖြစ်ကြောင်း သဘောပေါက်မိလေသည်။

ယင်းအချိန်....

သူ၏မျက်လုံးများက တစ်ချက်ဝင်းလက်သွားကာ တစ်နေရာသို့ စိုက်ကြည့်နေ၏။

မိန်းကလေးတစ်ယောက်က ပန်းနုရောင်ဝတ်စုံကိုဝတ်ဆင်ထားလေသည်။

ဖြူဖွေးသောသူမ၏ အသားအရေသည် ပန်းနုရောင်နှင့်လိုက်ဖက်လှသည်ဟု ကျင်းဖုန်းက ထင်မှတ်မိလိုက်သည်။

ထို့ပြင်....

ဖွံ့ဖြိုးတင်းရင်းလွန်းသော ခန္ဓာကိုယ်၏အလှသည် ပါးလွှာသော ဝတ်စုံကြားမှ ခေါင်းပြူထွက်နေကြ၏။

တစ်ဖန်....

မျက်နှာပေါ်တွင် ရောင်စုံဆေးများ ခြယ်သထားလေသည်။

ကျင်းဖုန်းက သူမအား စိုက်ကြည့်နေ၏။

ယင်းအချိန်....

မိန်းကလေးက ဝေါယာဉ်အနီးမှဖယ်ခွာကာ အိမ်ကြီးတစ် အိမ်ဆီသို့ လှမ်းလျှောက်သွားလေသည်။

ဝဝဖိုင့်ဖိုင့်ရှိသော အမျိုးသမီးတစ်ယောက်က သူမအား ပြေးလွှားကာ ခရီးဦးကြိုပြုလိုက်လေသည်။

'ပိလိန်....လာလာ၊ ခင်းမလာရင် တောင်ကြားမြို့ရဲ့သခင် က ဘာမှမပြည့်စုံဘူးတဲ့လေ'

သူမကပြောရင်း ဦးညွှတ်လိုက်သည်။

မိန်းကလေးက အမျိုးသမီးကြီးအား ပြုံးပြကာ အိမ်ထဲသို့ လှမ်းဝင်လိုက်၏။

သူမက အိမ်ထဲသို့မဝင်မီ အပြင်သို့ တစ်ချက်လှမ်းကြည့်လိုက် သည်။

ကျွင်းဖုန်းထံသို့ လှမ်း၍ကြည့်လိုက်ခြင်းဖြစ်၏။

ကျွင်းဖုန်းက သူမအား စိုက်ကြည့်နေလေသည်။

မိန်းကလေး၏ရင်ထဲ၌ တစ်ချက်လှုပ်ရှားသွားလေသည်

သူမသည် မိမိအား စိုက်ကြည့်နေသော ကျွင်းဖုန်း၏ တောက်ပသော မျက်လုံးများနှင့် ရင်ဆိုင်လိုက်ရသည် မဟုတ် ပါလော။

ယင်းအချိန်....



ကျွင်းဖုန်းက သူမအားပြုံးပြလိုက်သည်။

မိန်းကလေးက မပွင့်တစ်ပွင့်ပြုံးကာ အိမ်ထဲသို့ဝင်ရောက် သွား၏။

ကျွင်းဖုန်းက ပခုံးတစ်ချက်တွန့်ကာ မိမိ၏မြင်းအား စားသောက်ဆိုင်တစ်ဆိုင်ရှေ့တွင် ရပ်တန့်လိုက်သည်။

'ပိလိန်... ပိလိန်ဆိုပါလား'

ဟု ရေရွတ်လိုက်လေတော့၏။

* * *

ကျွင်းဖုန်း....

ကျွင်းဖုန်းသည် စားသောက်ဆိုင်ရှေ့၌ မြင်းကိုရပ်တန့် လိုက်သည်။

ထို့နောက်....

စားသောက်ဆိုင်နှင့် မလှမ်းမကမ်းရှိ တည်းခိုခန်းဘက် ဆီသို့ ဦးတည်သွားလေသည်။

ယင်းနောက်...

မြင်းကို တည်းခိုခန်းရှေ့တွင် ရှိသော မြင်းချည်သည့် တန်းတွင် ချည်နှောင်ထားလိုက်၏။

သူက မိန်းကလေးဝင်သွားသည့်အိမ်သို့ တစ်ချက်လှမ်း ကြည့်ကာ တည်းခိုခန်းထဲသို့ လှမ်းဝင်ခဲ့လေတော့သည်။

* * *

အသက် တစ်ဆယ့်ခုနစ်နှစ်ခန့်သာ ရှိဦးမည်ဖြစ်သော မိန်း ကလေးများက ကျောင်းဖုန်းအားဝိုင်း၍ ကြိုဆိုကြလေသည်။

သူမတို့၏ ခန္ဓာကိုယ်များဆီမှ မွှေးကြိုင်သော ရနံ့များကို ကျောင်းဖုန်းက ရှူရှိုက်မိလိုက်၏။

သူသည် တည်းခိုခန်းစာရေးထံသို့ လျှောက်သွားကာ အိပ်ခန်းတစ်ခန်း ငှားရမ်းလိုက်လေသည်။



ဧည့်ကြိုမိန်းကလေးတစ်ဦးက ကျောင်းဖုန်းအား အပေါ်ထပ်ရှိ အိပ်ခန်းဆီသို့ လိုက်လံပို့ဆောင်ပေး၏။

ထို့နောက်...

ကျောင်းဖုန်းအားမြူဆွယ်သောအကြည့်ဖြင့် ကြည့်လိုက်လေသည်။

ကျောင်းဖုန်းက သူမ၏လက်ထဲသို့ ငွေစတစ်စ ထည့်ပေးလိုက်၏။

'ဒီမှာ ကစားဝိုင်းတွေ ဘယ်မှာရှိလဲ'

မိန်းကလေးက ပြုံးလိုက်သည်။

'ကစားဝိုင်းကတော့ နှင်းဆီနက်မှာ အကြီးဆုံးပဲ၊ ဒါပေမယ့် ကြေးသိပ်မြင့်တယ်'

ကျောင်းဖုန်းက နောက်ထပ်ငွေစတစ်စ ထပ်ပေးလိုက်သည်။

မိန်းကလေး၏ မျက်နှာတစ်ခုလုံး ဝင်းလက်သွားသည်။

'ရှင်....ဘာမေးချင်သေးလို့လဲ'

ကျောင်းဖုန်းက သူမအား စိုက်ကြည့်လိုက်၏။

'ငါသိချင်တာ တစ်ခုရှိတယ်'

မိန်းကလေးက ခေါင်းညိတ်လိုက်သည်။

'မေးပါ၊ တောင်ကြားမြို့မှာ ကျန်မ မသိတာ ဘာမှမရှိဘူး'

ကျင်းဖုန်းက ပြုံးလိုက်၏။

'ပိလိန်ကို သိလား'

မိန်းကလေးက ခန္ဓာကိုယ်တစ်ချက် တုန်ခါသွားမိလေသည်။

သူမက ကျင်းဖုန်းအား မျက်လုံးပြူးကာ ကြည့်လိုက်၏။

'ရှင့်အတွက် ဒီမှာ မိန်းကလေးတွေအများကြီးပါ'

ကျင်းဖုန်းက နောက်ထပ်ငွေစတစ်စထည့်ပေးလိုက်ပြန်လေသည်။

'ပိလိန်ကို မင်းသိတယ် မဟုတ်လား'

မိန်းကလေးက ခေါင်းညိတ်ပြလိုက်သည်။



ကျင်းဖုန်းက ပြုံးလိုက်သည်။

'သူကလဲ မင်းတို့လိုပဲ မဟုတ်လား'

မိန်းကလေးက ခေါင်းညိတ်ပြလိုက်ပြန်၏။

'ဒါပေမယ့် သူက တောင်ကြားမြို့ရဲ့ သခင်ကြီးအတွက်ပါ'

ကျင်းဖုန်းက နောက်ထပ်ငွေစတစ်စ ထပ်ပေးလိုက်လေသည်။

'သူဘယ်မှာရှိမလဲ'

မိန်းကလေးက သူ့အား အံ့သြစွာကြည့်ရင်း....

'ရွှေစည်းစိမ်'

ကျင်းဖုန်းက ပြုံးလိုက်သည်။

'မင်း တော်တယ်သွားတော့'

မိန်းကလေးက တံခါးဝဆီသို့ လျှောက်သွား၏။

ကျင်းဖုန်းက အခန်းတံခါးကို ပိတ်ရန်ဟန်ပြင်လိုက်စဉ်...

'နေဦး'

မိန်းကလေးက ဟန့်တားလိုက်သည်။

ကျော်ဖုန်းက မျက်ခုံးပင့်ကာ ကြည့်လိုက်၏။

မိန်းကလေးက ခပ်နွဲ့နွဲ့လေး မေးလိုက်သည်။

'ပီလိန်ကို မြင်ဖူးလား'

ကျော်ဖုန်းကပြုံး၍ မည်သို့မျှပြန်မပြောဘဲ အခန်းတံခါးပိတ်လိုက်၏။

မိန်းကလေးက ခြေထောက်တစ်ချက်ဆောင့်ကာ ပြန်လည်ထွက်သွားလေတော့သည်။

* * *

ရွှေစည်းစိမ်....

စားသောက်ဆိုင်တစ်ဆိုင်၏ နာမည်ဖြစ်သည်။



ကျော်ဖုန်းက ရွှေရောင်စာလုံးကြီးများဖြင့် ရေးထားသော ဆိုင်းဘုတ်ကိုတစ်ချက် မော့ကြည့်ကာ ကျေနပ်စွာပြုံးလိုက်၏။

ထို့နောက်....

ဆိုင်ထဲသို့ ဝင်ရောက်လာလေသည်။

ဆိုင်၏တံခါးဝတွင် လူထွားကြီးတစ်ယောက်ရှိလေသည်။

ရှောင်ရှမ်းက ထိုလူထွားကြီးအားကြည့်ကာ ဤဆိုင်၏ လူမိုက်တစ်ယောက်ဖြစ်လိမ့်မည်ဟု ခန့်မှန်းလိုက်မိလေသည်။

လူထွားကြီးက ကျော်ဖုန်းအား ဦးညွှတ်ဂါရဝပြုကာ....

'ဧည့်သည်လာတယ်'

ဟု သတင်းပို့လိုက်လေသည်။

ဧည့်ကြိုစာရေးက ကျော်ဖုန်းအား နေရာထိုင်ခင်းပေးလိုက်လေသည်။

သို့သော်....

ကျော်ဖုန်းက သီးသန့်အခန်းတစ်ခု ရွေးချယ်လိုက်သည်။

သူက သီးသန့်ခန်း၏ ကုလားထိုင်တွင် ထိုင်ချလိုက်သည်နှင့် တစ်ပြိုင်နက် အသက်အရွယ်ငယ်လှသည့် မိန်းကလေးလေးယောက်က ဝင်ရောက်လာလေသည်။

ညွှန်ကြားစာရေးကလည်း ပါရှိလာ၏။

ကျင်းဖုန်းက စားစရာများ မှာကြားလိုက်သည်။

သူက ညွှန်ကြားစာရေးကပြန်လည်ထွက်ခွာရန် ဟန်ပြင်လိုက်စဉ် လက်ကိုလှမ်းဆွဲထားလိုက်၏။

'ခဏ နေဦး'

'ညွှန်ကြားစာရေးက ဦးညွှတ်လိုက်သည်။

'ဘာများလိုအပ်ပါသေးသလဲ'

ကျင်းဖုန်းက လက်တစ်ချက်ဝှေ့ယမ်းလိုက်ပြီး....

'သူတို့ကို ပြန်ခေါ်သွားပါ၊ ပြီးရင် ကျုပ်ဆီကို ပိုလိန်ကိုလွှတ်လိုက်'

ညွှန်ကြားစာရေး၏ မျက်လုံးအစုံက ပြူးကျယ် သွားလေသည်။

'ဟို....ဟို....သူဏ....သူက'



ကျင်းဖုန်းက စားပွဲကိုလက်ဝါးဖြင့် တစ်ချက်ပုတ်လိုက်၏။

'ဘာဖြစ်နေတာလဲ၊ ငါ့ဆီကို ပိုလိန်ကိုလွှတ်လိုက်စမ်း'

သူ၏အသံက ကျယ်လောင်လှပေသည်။

သူ၏အသံဆုံးသည်နှင့် အမျိုးသမီး တစ်ယောက်က တံခါးပေါက်ဝသို့ ရောက်ရှိလာလေသည်။

သူမက ကျင်းဖုန်းအား ပြုံးပြလိုက်၏။

'မင်းက ဒီမြို့ကို တစ်ခါမှ မရောက်ဖူးဘူးထင်တယ်'

ကျင်းဖုန်းက အေးစက်စက်မျက်ဝန်းအစုံဖြင့် ကြည့်လိုက်သည်။

'ကျုပ်က ပိုလိန်ကို လိုချင်တယ်'

အမျိုးသမီးက ပြုံးလိုက်လေသည်။

'သူက တောင်ကြားသခင်ကြီးဆီသွားတယ်၊ ဒီနေ့တော့ ပြန်ရောက်လာမှာမဟုတ်ဘူး'

ကျင်းဖုန်းက မဲ့ပြုံးပြုံးလိုက်၏။

'သူ့ကို ရောက်တဲ့အရပ်က ပြန်ခေါ်ခဲ့ပါ'

အမျိုးသမီးက မျက်နှာ ကွက်ခနဲပျက်သွားလေသည်။

'ဒီမှာ ပိလိန်ရှဲအစ်မရှိတယ်၊ သူ့ကို....'

သူမ၏စကားမဆုံးမီ ကျော်ဖုန်းက ခေါင်းခါယမ်းကာ....

'မလိုချင်ဘူး၊ ကျုပ်က ပိလိန်ကိုပဲ လိုချင်တယ်'

ယင်းအချိန်....

လူသွားကြီးတစ်ယောက်က ဝင်ရောက်လာလေသည်။

မိန်းကလေးလေးယောက်က ချက်ချင်းပင် ညှို့ခန်းထဲမှ အသီးသီးထွက်သွားကြလေသည်။

အမျိုးသမီးကြီးကလည်း ထွက်ခွာသွား၏။

လူထွားကြီးက အခန်းတံခါးကိုပိတ်လိုက်ပြီး ကျော်ဖုန်းဆီသို့ တစ်လှမ်းချင်း လှမ်းလာလေတော့သည်။

* * *



'ခုန်း'

ကျယ်လောင်လှသော အသံကြီးနှင့်အတူ သီးသန့် အခန်းတံခါးကျိုးပဲ့သွား၏။

ကျိုးပဲ့သွားသည့် အခန်းတံခါးနှင့်အတူ လူထွားကြီးက လွင့်စဉ်ကျလာလေသည်။

လူထွားကြီးက ကြမ်းပြင်ပေါ်မှထရန် ကြိုးစားလိုက်၏။

သို့သော်....

တစ်ဘွားမျှသာထနိုင်ပြီး ပြန်လည်လဲကျသွား၏။

ဤတစ်ကြိမ် သူကလုံးဝထမလာနိုင်တော့ပါချေ။

ယင်းအချိန်...

ကျော်ဖုန်းက သီးသန့်ခန်းထဲမှ ထွက်လာလေသည်။

သူ့အား မိမိအားမျက်လုံးပြူးကာ ကြည့်နေသော အမျိုးသမီးဆီသို့ ဦးတည်ကာ လျှောက်သွားလေသည်။

သူက အိတ်ထဲမှငွေစက္ကူတစ်ခုကိုထုတ်ယူကာ အမျိုးသမီး၏ မျက်လုံးရှေ့တွင် ထောင်ပြရင်းမှ....

'ပိုလိုက်ဘယ်မလဲ'

အမျိုးသမီးကြီးက တုန်ယင်သောအသံဖြင့်....

'သူ....သူက တောင်ကြားမြို့ရဲ့ သခင်ကြီးဆီမှာပါ'

ကျောင်းဖုန်းက မဲ့ပြုံးပြုံးလိုက်သည်။

'တောင်ကြားမြို့ရဲ့ သခင်ကြီးဆိုတာ ဘယ်သူလဲ၊ သူ့အဘယ်မှာရှိလဲ'

အမျိုးသမီးကြီးက အတန်ကြာအောင် တွေဝေနေပြီးမှ...

'ရွှေနန်းတော်ထဲမှာပါ'

ကျောင်းဖုန်းက ရွှေဒင်္ဂါးပြားအား လက်မဖြင့် ထိလိုက်သည်။

ရွှေဒင်္ဂါးပြားပေါ်တွင် လက်မရာထင်ကျန်ခဲ့လေသည်။

'ကဲ... ဒါက ရွှေဒင်္ဂါးအစစ်ပဲ၊ ကျုပ်ကို ရွှေနန်းတော်လိုက်ပို့ပါ'

အမျိုးသမီးကြီးက မတတ်သာတော့ပါချေ။



သူမက လမ်းပြတစ်ယောက်ကို ထည့်လိုက်ပြီး ဝေါယာဉ်ကို စီစဉ်ပေးလိုက်လေသည်။

ကျောင်းဖုန်းက ရွှေဒင်္ဂါးပြားအား စားပွဲပေါ်သို့ ပစ်တင်ပေးကာ ထွက်ခွာသွားသည်။

ရွှေစည်းစိမ်မှ ကျောင်းဖုန်း ထွက်ခွာသွားသည်နှင့် တစ်ပြိုင်နက် အပေါ်ထပ်ဆီမှ လူတစ်ယောက်ဆင်းလာလေသည်။

သူကဆ၍ စားပွဲပေါ်မှ ရွှေဒင်္ဂါးပြားအား ကြည့်လိုက်၏။

လက်မနှင့်လက်ညှိုးနှစ်ခု၏အရာများက ရွှေဒင်္ဂါးပြားတွင် ထင်ရှားစွာ ကျန်ရစ်ခဲ့လေသည်။

သူက ရွှေဒင်္ဂါးပြားအားကြည့်ကာ မျက်နှာကွက်ခနဲ ပျက်သွား၏။

ထို့နောက်....

တဖြည်းဖြည်းဝေး၍ဝေး၍ သွားနေသောကျောင်းဖုန်းအား စိုက်ကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

ထိုလူကား....

ဤရွှေစည်းစိမ်ပိုင်ရှင် ချာရဲလုပင် ဖြစ်လေတော့သည်။

*   *   *

ရွှေနန်းတော်။

ရွှေနန်းတော်စားသောက်ဆိုင်သည် တောင်ကြီးမြို့တွင် အကြီးမားဆုံးနှင့် အခံ့ညားဆုံး စားသောက်ဆိုင်ဖြစ်၏။

ဝေါ်ယာဉ်သည် ရွှေနန်းတော်ရှေ့တွင် ရပ်တန့်လာပြီးလျှင် ချောမောသန့်ပြန့်သော လူရွယ်တစ်ယောက်က ဝေါ်ယာဉ်ပေါ်မှဆင်းလာလေသည်။

ထိုလူရွယ်ကား တခြားလူမဟုတ်ပါ။

ကျင်းဖုန်းပင်ဖြစ်လေသည်။

သူက လမ်းပြအား ငွေစက္ကူတစ်စပေးလိုက်၏။



လမ်းပြက အရိုအသေပြုကာ ထိုနေရာမှထွက်ခွာသွားလေသည်။

ကျင်းဖုန်းက ရွှေနန်းတော်အား တစ်ချက် မျက်လုံးဝေ့ကြည့်လိုက်၏။

သူက ပခုံးတစ်ချက်တွန့်လိုက်ပြီး....

'အားပါး တကယ့်နန်းတော်ကြီးပါလား'

သူက တီးတိုးရေရွတ်ပြီး ရွှေနန်းတော်ထဲသို့ ဝင်ခဲ့လေတော့သည်။

*   *   *

ကျင်းဖုန်းက ရွှေနန်းတော်ထဲသို့ ရောက်လာပြီးဖြစ်သည်။

မှေးကြိုင်သော ရနံ့ပေါင်းစုံသည် အခန်းဝတွင် မွှေးကြိုင်နေ၏။

ညှော်ကြိုမိန်းကလေးများသည် ကျောင်းဖုန်းအား ပျူငှာစွာ ကြိုဆိုကြလေသည်။

သို့သော်...

ကျောင်းဖုန်းက ထိုမိန်းကလေးများကို လက်ကာပြပြီးအတွင်းဘက်သို့ ဝင်သွားလေသည်။

ကျောင်းဖုန်းက တန့်လန့်ကာအနီဖြင့် ကာရံထားသော အခန်းတွင်းသို့ တည့်မတ်စွာ လျှောက်သွား၏။

ယင်းနောက်...

တန့်လန့်ကာအား ဖယ်ရှားကာ အထဲသို့ လှမ်းဝင်လိုက်သည်။

အခန်းတံခါးပေါက်၏ အတွင်းဘက်၌ လူနှစ်ယောက်က တစ်ဖက်တစ်ချက်စီတွင် ရပ်နေကြ၏။

ကျောင်းဖုန်းက ထိုလူနှစ်ယောက်အား ဂရုမစိုက်ဘဲ အခန်းထဲသို့ တစ်ချက်လှမ်းကြည့်လိုက်လေသည်။

အခန်းတစ်ခုလုံးသည် လောင်းကစားဝိုင်းများဖြင့် ပြည့်နှက်နေ၏။



လောင်းကစားဝိုင်းများမှ ဆော်ဟစ်သံများ၊ တစ်ယောက်နှင့်တစ်ယောက် စောင်းချိတ်သံများ ဆူညံစွာ ထွက်ပေါ်နေလေသည်။

ကျောင်းဖုန်းက ဦးခေါင်းကို တစ်ချက်ခါယမ်းလိုက်၏။

သူက အစောင့်နှစ်ယောက် ကြားသာသည့် အသံဖြင့်...

'ဟွန်း...မဖြစ်စလောက် လောင်းကြေးလေးနဲ့ ဆူညံနေတာပဲ၊ အလကားဝိုင်း'

သူက အစောင့်နှစ်ယောက်ဘက်သို့ ကြည့်ကာ...

'ဟေ့...ဒီထက်ကောင်းတဲ့ ဝိုင်းမရှိဘူးလား'

အစောင့်နှစ်ယောက်က တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြ၏။

အစောင့်တစ်ယောက်က ဦးညွှတ်ကာ...

'ဆရာ၊ ဒီဘက်ကိုကြွပါ'

ပြောပြီး ကျောင်းဖုန်းအား ဦးဆောင်ကာ ခေါ်သွားလေသည်။

ကျောင်းဖုန်းက သူ့နောက်မှ လိုက်ပါသွား၏။

အနောက်ဘက်ဆောင်သို့ ရောက်သောအခါ အဆောင်ရှေ့ တံခါးဝ၌ လူနှစ်ယောက်က တစ်ယောက်တစ်ဖက်စီ ရပ်နေ ခြင်းကို တွေ့မြင်လိုက်ရလေသည်။

လမ်းပြခေါ်ဆောင်လာသော အစောင့်က ထိုအစောင့် နှစ်ယောက်အား တီးတိုးပြောလိုက်လေသည်။

ထိုလူနှစ်ယောက်က ခေါင်းတညိတ်ညိတ်ဖြင့် နားထောင် နေ၏။

ယင်းနောက်....

လမ်းပြခေါ်ဆောင်လာသော အစောင့်က ကျောင်းဖုန်း အား တစ်ချက်ပြုံးပြကာ ထိုနေရာမှ ပြန်လှည့်၍ ထွက်သွား လေသည်။

အခန်းပေါက်ဝမှ အစောင့်က ကျောင်းဖုန်းထံသို့ လျှောက် လာလေသည်။

'ဒီက သူဌေးလေးက လောင်းကြေးများမှ ကစားချင် တာလား'

ကျောင်းဖုန်းက ဦးခေါင်းညိတ်ပြလိုက်၏။

'ဟုတ်တယ်'



အစောင့်က ပြုံးဆိုက်သည်။

'စိတ်ချပါ၊ သူဌေးလေး သဘောကျရပါလိမ့်မယ်၊ အနည်း ဆုံး လောင်းကြေးငါးဆယ်ရှိမှ ဖြစ်မှာပါ'

ကျောင်းဖုန်းက ပြုံးလိုက်၏။

'ကောင်းတယ်၊ ကျုပ်က ဒါမျိုးမှ ကြိုက်တာ'

ပြောပြီး အခန်းထဲသို့ဝင်ရန် ဟန်ပြင်လိုက်သည်။

အစောင့်က ဟန့်တားလိုက်သည်။

'ခဏ'

ကျောင်းဖုန်းက မျက်ခုံးပင့်ကာ ကြည့်လိုက်၏။

'ဘာဖြစ်လို့လဲ'

အစောင့်က ပြုံးပြလိုက်၏။

'ဒီလိုပါ၊ ဒီနေရာမှာ အနည်းဆုံး ငွေတစ်ထောင်ပါမှ ဝင် ရောက်ခွင့်ရှိပါတယ်'

ကျောင်းဖုန်းက အေးစက်စက်ဖြင့် ရယ်မောလိုက်၏။

'အဟင်း...ဟင်း...ဒီလိုလား'

သူက ကတ္တီပါအိတ်ထဲမှ ကျောက်စိမ်းတစ်တုံးကို ထုတ်ယူကာ အစောင့်အား လှမ်းပေးလိုက်၏။

'မင်းတို့ဆီက ရာဖြတ်ကိုမေးလိုက်၊ ဒီကျောက်စိမ်းတစ်တုံးကို ဘယ်လောက်ပေးမလဲလို့၊ ငါ့ဆီမှာ အဲဒီလိုကျောက်စိမ်းတုံး နှစ်ဆယ်လောက်ပါတယ်'

အစောင့်က ကျောက်စိမ်းတုံးကိုလှမ်းယူကာ အခန်းထဲသို့ ဝင်ရောက်သွား၏။

တစ်ခဏအကြာ....

သူပြန်ထွက်လာလေသည်။

'ငွေနှစ်ထောင်ပေးပါတယ်'

ကျောင်းဖုန်းက ပြုံးလိုက်၏။

'ကောင်းပြီ၊ ငါ့ကို ငွေနှစ်ထောင်ယူခဲ့ပါ'

အစောင့်ကြီးကဦးညွှတ်ကာ ကမန်းကတန်း ပြေးထွက်သွား၏။

သူသည် ယင်းသို့ပြေးဝင်သွားရင်း လယ်သုံးကွက်စာ တန်ဖိုးရှိသော ငွေနှစ်ထောင်အား လောင်းကစားဝိုင်းသို့ယူ



ရောက် ဖြုန်းပစ်နိုင်သော ကျောင်းဖုန်းသည် အဘယ်မျှချမ်းသာကြွယ်ဝမည်နည်း၊ဟု တွေးနေမိလေသည်။

သူသည် ငွေနှစ်ထောင်အားယူဆောင်ကာ ကျောင်းဖုန်းရှေ့သို့ ပြန်လည်ရောက်ရှိလာပြီ ဖြစ်သည်။

ကျောင်းဖုန်းက ငွေနှစ်ထောင်အား ရေတွက်ခြင်းမပြုဘဲလှမ်းယူလိုက်ပြီး....

'ကျုပ်ကို ကစားဝိုင်းဆီကို လိုက်ပို့လို့ရပြီလား'

အစောင့်က ခေါင်း ညိတ်ပြ လိုက်ပြီး အနောက်ဘက်အဆောင်ထဲရှိ လောင်းကြေးအမြင့်ဆုံး အခန်းထဲသို့ ခေါ်ဆောင်သွားလေတော့သည်။

* * *

'သူဌေးလေး၊ ဒါက ကျွန်တော်တို့ ရှေနန်းတော်မှာ လောင်းကြေးအမြင့်ဆုံးပါပဲ'

အစောင့်က ယင်းသို့ပြောပြီး တစ်ချက်ဦးညွှတ်၏။ ကျောင်း
ဖုန်းအတွက် နေရာထိုင်ခင်း ပေးလိုက်လေသည်။

ကျောင်းဖုန်းက လောင်းကစားဝိုင်းအား တစ်ချက်ဝေ
ကြည့်လိုက်၏။

စားပွဲဝိုင်းတွင် လူသုံးယောက်သာရှိလေသည်။

သစ်လွင်သော ပိုးထည်ဝတ်စုံကို ဝတ်ဆင်ထားသဖြင့် လူ
ချမ်းသာများ ဖြစ်ကြ၏။

ထို့ကြောင့်....

ယင်းလူသုံးယောက်က ဤမြို့မှ လူကုံထံသူဌေးများဖြစ်
လိမ့်မည်ဟု ကျောင်းဖုန်းက တွေးလိုက်မိလေသည်။

ထိုလူသုံးယောက်အနက် တစ်ယောက်က နှစ်ဖက်ချွန်ဓား
ကို နောက်ကျောတွင် သိုင်းလွယ်ထား၏။

ယင်းအချိန်....

အစောင့်က နှစ်ဖက်ချွန်ဓားလွယ်ထားသောလူနှင့် မိတ်
ဆက်ပေးလိုက်၏။

'သူဌေးလေး၊ ဒီကလူကြီးမင်းကတော့ တောင်ကြား
ကဆေး၏ မြို့ဝန်မင်းလီကွေ့ပါ'



ကျောင်းဖုန်းကပြုံး၍ လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်
လေသည်။

'တွေ့ရတာဝမ်းသာပါတယ်၊ ဒါနဲ့ အခုဘယ်သူဒိုင်လဲ'

မြို့ဝန်မင်းလီက....

'ဒီမှာဒိုင်မရှိဘူး၊ ငါးဆယ်စီစုထည့်တယ်၊ အပွင့်ကြီးတဲ့
လူက စားကြေးပဲ'

ကျောင်းဖုန်းက....

'အကောက်ကော ပေးရသေးလား'

မြို့ဝန်မင်းလီက ခေါင်းညိတ်လိုက်သည်။

'ပေးရတယ်၊ တစ်ရာကိုမှနှစ်ကျပ်ဆိုတော့ နိုင်တဲ့လူကပေး
ရတယ်'

ကျောင်းဖုန်းကမူ နှုတ်ခမ်းတွန့်၍ ပြုံးလိုက်၏။

'ကောင်းပြီ၊ ဒါဆိုရင် ကျုပ်ကဒိုင်လုပ်မယ်၊ ခင်ဗျားတို့
ထိုးချင်သလောက်ထိုးပါ'

မြို့ဝန်မင်းလီက ခေါင်းခါယမ်းလိုက်၏။

'ဘယ်ဖြစ်မလဲ၊ ကျုပ်ကဒိုင်လုပ်မယ်၊ မှင်းကထိုးချင်သလောက်ထိုးပါ'

ကျင်းဖုန်းက အေးစက်စက်ဖြင့် ရယ်မောလိုက်သည်။

'အဟင်း ...ဟင်း ကောင်းပြီလေ'

သူကအင်္ကျီအိတ်ထဲမှ ငွေစာဘ်စကိုနှိုက်ကာ အခေတင့်ထံသို့ ကမ်းပေးလိုက်သည်။

အခေတင့်ကအရှိအသေပြုကာ ပြန်သည်သွက်ခွာသွား၏။

ကျင်းဖုန်းက ငွေနှစ်ထောင်အား စားပွဲပေါ်သို့တင်ထားလိုက်သည်။

ယခုအချိန်....

မြို့ဝန်မင်းက အန်စာတုံး၃လုံးကို ကြွေပန်းကန်ထဲမှနှိုက်ယူကာ လက်ထဲတွင် တချောက်ချောက်ဖြင့် ခေါက်လိုက်၏။

'ကဲ... စမယ်ဟေ့'

သူ၏အသံက အနည်းငယ် တင်းမာနေလေသည်။

လူနှစ်ယောက်က ငွေငါးဆယ်စီထိုးကြ၏။



ကျင်းဖုန်းက ငွေတစ်ရာထိုးလိုက်လေသည်။

ပွဲ၏အဆုံးအဖြတ်မှာ ဒိုင်ဖြစ်သူက အားလုံးသောလူများကို ပေးလိုက်၏။

ဒုတိယပွဲတွင် ကျင်းဖုန်းက ငွေတစ်ရာထပ်ထိုးလိုက်၏။

ဤပွဲတွင်လည်း ဒိုင်လုပ်သူက စားသွားပြန်လေသည်။

မြို့ဝန်မင်းလီက သူ့အားပြုံး၍ကြည့်နေ၏။

ကျင်းဖုန်းက ပခုံးတစ်ချက်တွန့်လိုက်လေသည်။

'ကျုပ်တစ်ခု ခေးပါရစေ'

မြို့ဝန်မင်းလီက ခေါင်းညိတ်လိုက်၏။

'ခေး'

ကျင်းဖုန်းက....

'ထိုးကြေးအကန့်အသတ်ရှိသလား'

မြို့ဝန်မင်းလီက ခေါင်းခါယမ်းလိုက်လေသည်။

'မရှိဘူး'

ကျောင်းဖုန်းက ပြုံးလိုက်သည်။

သူက အင်္ကျီအိတ်ထဲမှ ငွေနှစ်ရာကိုရေတွက်ကာ ငွေပုံထဲသို့ ထည့်လိုက်၏။

ထို့နောက်....

ငွေပုံအား ရှေ့သို့အနည်းငယ်တိုးကာ....

'ငွေနှစ်ထောင်တိုးတယ်'

မြို့ဝန်မင်းလီနှင့် ကျန်လူနှစ်ယောက်က သူ့အား မျက်လုံးပြူးကာ ကြည့်လိုက်ကြလေသည်။

ကျောင်းဖုန်းက မြို့ဝန်မင်းအား မျက်မှောင်ကြုတ်ကာ ကြည့်လိုက်၏။

'ဘာလဲ၊ လောင်းကြေး အကန့်အသတ် ရှိသွားပြီလား'

မြို့ဝန်မင်းလီက မဲ့ပြုံးပြုံးလိုက်သည်။

'မင်းက တအားယုံတိုးတာလား'

ကျောင်းဖုန်းက အေးစက်စက်အသံဖြင့်....

'ဒါ....နောက်ရမယ့်ကိစ္စမဟုတ်ပါဘူး'



မြို့ဝန်မင်း လီက သူ့အား စိုက်ကြည့်လိုက်၏။

'ကောင်းပြီ၊ ကဲ....လက်ရှောင်၊ စခယ်'

ပွဲ၏အဆုံးအဖြတ်မှာ ဒိုင်ဖြစ်သူက ကျောင်းဖုန်းအား ဝေပေးလိုက်ရ၏။

မြို့ဝန်မင်းလီ၏မျက်နှာမှာ နီရဲလာလေသည်။

ကျောင်းဖုန်းက မျက်ခုံးနှစ်ဖက်ကိုပင့်ကာ ပြုံးပြလိုက်၏။

နှုတ်ခမ်းမွေး တွန့်ရုံမျှ ပြုံးလိုက်ခြင်းဖြစ်၏။

မြို့ဝန်မင်းလီက အလွန်ခံပြင်းသွားမိလေသည်။

ယင်းအချိန်....

ကျောင်းဖုန်းက သူ့အား ပြုံးလျက် ကြည့်ကာ....

'မြို့ဝန်မင်း လီမှာ လျော်ဖို့မရှိဘူးထင်တယ်၊ အဟင်း....ဟင်း....ကျုပ်က သဘောထားကြီးပါတယ်၊ ပါသလောက်ပဲ ပေးပါ'

ပြောပြီး မြို့ဝန်မင်းလီ၏ရှေ့မှ ငွေအိတ်ကို လှမ်းယူလိုက်လေသည်။

ရုတ်တရက်....

မြို့ဝန်မင်း လီက လတ်တစ်ဖက် လှုပ်ရှားလိုက်သည်။

ဆင်စွယ်ရိုးတပ်ထားသော ငွေခားမြောင်တစ်ချောင်းက ကျောင်းဖုန်း၏လက်နှင့် ငွေအိတ်ကြားသို့ စိုက်ဝင်လာလေသည်။

ကျောင်းဖုန်းက သူ၏လက်ကို ပြန်လည်ရုပ်သိမ်းကာ မြို့ဝန်မင်း လီအား မျက်ခုံးပင့်ကာ ကြည့်လိုက်သည်။

'မြို့ဝန်မင်းက လူကြီးလူကောင်းတစ်ယောက်ပါ၊ အလျော်အစားကို တိကျဖို့သင့်တယ်'

မြို့ဝန်မင်း လီက သူ့အား နီရဲသောမျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်၏။

'ဘာလဲ၊ ခင်ဗျားက ရှုံးလို့ ညစ်ပတ်ချင်တာလား'

မြို့ဝန်မင်း လီက အေးစက်တင်းမာသော အသံဖြင့်....

'ငါက မင်းလိမ်တာကို ကျေနပ်ရမှာလား'

ပြောရင်း နောက်မှ ဓားကိုဆွဲထုတ်လိုက်သည်။

အခန်းထဲရှိ တခြားလူများသည် ကြောက်လန့်တကြား ထွက်ပြေးသွားကြ၏။



ကျောင်းဖုန်းက ပခုံးတစ်ချက်တွန့်ကာ အေးစက်စက်အသံဖြင့်....

'ကောင်းပြီ၊ ခင်ဗျားမကျေနပ်ရင် ထပ်ပစ်ပြမယ်'

ပြောပြီး ကြွေပန်းကန်ထဲမှ အန်စာတုံး သုံးလုံးကို နှိုက်ယူလိုက်၏။

ထို့နောက်....

လက်ထဲတွင် အတန်ကြာအောင်ခေါက်ကာ အန်စာတုံးများအား ပစ်လွှတ်လိုက်သည်။

သို့သော်....

သူက အန်စာတုံးများအား ကြွေပန်းကန်ထဲသို့ ပစ်လိုက်ခြင်းမဟုတ်ပါ။

အခန်းထောင့်ရှိ မိန်းကလေးတစ်ယောက်၏ ပန်းချီကားချပ်ဆီသို့ ပစ်လွှတ်လိုက်ခြင်း ဖြစ်လေသည်။

အန်စာတုံးများသည် လေထဲတွင် ပစ်လွှင့်သွားကာ....

'ဒေါက်....ဒေါက်...ဒေါက်'

ပန်းချီကား သုံးချပ်ပေါ်သို့ စိုက်ဝင်သွား၏။

အန်စာတုံး သုံးခုသည် ပန်းချီကားချပ်ပေါ်မှ မိန်းကလေး၏မျက်လုံးနှစ်လုံးနှင့် နဖူးပေါ်တွင် တြိဂံပုံသဏ္ဌာန် စိုက်ဝင်သွားခြင်း ဖြစ်လေသည်။

ထို့ပြင်....

အန်စာတုံး သုံးတုံးတွင် တစ်ဂဏန်းများပေါ်လျက် ရှိနေလေတော့၏။

* * *

မြို့ဝန်မင်းလီသည် ကျင်းဖုန်းအား စိုက်ကြည့်နေလေသည်။

သူ၏မျက်လုံးအစုံတွင် မယုံကြည်နိုင်သော ဟန်မူရာများ ပေါ်လွင်နေလေသည်။

အတန်ကြာမှ....



သူက မိမိ၏ ငွေအိတ်ပေါ်မှ ခါးမြှောင်ကို နှိုက်ယူကာ အခန်းထဲမှ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေသည်။

ကျင်းဖုန်းက အားပါးတရ ရယ်မောလိုက်၏။

'ဟား....ဟား....ဟား'

သူသည်မြို့တော်ဝန်လီ၏ ငွေအိတ်ကိုလှမ်းယူကာ မိမိ၏ငွေပုံထဲသို့ လောင်းချလိုက်သည်။

ထို့နောက်....

မျက်လုံးတစ်ချက်ဝေ့ကြည့်ကာ....

'ဟေ့ .... ကျုပ်နဲ့ဘယ်သူကစားမလဲ၊ ကံပဲ့နေဘ် ညဏ်မပါဘူး'

သို့သော်....

သူနှင့်ကစားမည့်သူ မရှိတော့ပါ။

အခန်းထဲမှ လူများသည် အလျှိုအလျှို ထွက်ခွာသွားကြပြီ ဖြစ်သည်။

ယင်းနောက်....

အစေခံငယ် နှစ်ယောက်က အခန်းထဲသို့ ဝင်လာလေသည်။

သူတို့သည်စကားမပြောတော့ဘဲပစ္စည်းများကိုသိမ်းဆည်းနေ၏။

ကျောင်းဖုန်းက စားပွဲခုံအား လက်ဖြင့်တစ်ချက်ပုတ်ကာ...

'ရွှေနန်းတော်တဲ့၊ နာမည်ကြီးကျယ်သလောက် ကစားဝိုင်းက ညံ့ဖျင်းလိုက်တာ၊ မင်းတို့ရွှေနန်းတော်ရဲ့ အရှင်သခင်က ဘယ်သူလဲ'

အစေခံများက မည်သို့မျှ ပြန်လည်မပြောကြားပါ။

ကျောင်းဖုန်းက ထိုလူ၏အင်္ကျီရင်ဘတ်အား ဆွဲလိုက်ပြီး...

'ဒီက အရှင်သခင်နဲ့ ငါ တွေ့ချင်တယ်'

အစေခံက သူ့အားကြည့်လိုက်သည်။

'ခင်ဗျားနိုင်ပြီပဲ၊ ပြဿနာမရှာပါနဲ့'

ကျောင်းဖုန်းက ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်က ဒီဆိုင်ကအရှင်သခင်နဲ့ တွေ့ချင်တယ်'

အစေခံက ပြုံးလိုက်သည်။

'ခင်ဗျားဘာအကြောင်းအကျနပ်တာရှိလဲ'



ကျောင်းဖုန်းက အေးစက်စက်အသံဖြင့်....

'ကျုပ်က သူနဲ့ဓမ္မစရာရှိတယ်'

ယင်းအချိန်....

ကျွန်အစေခံက ကျောင်းဖုန်းအားနောက်မှကုလားထိုင်ဖြင့် လှဲရိုက်ချလိုက်၏။

ကျောင်းဖုန်းက မိမိရှေ့ရှိ အစေခံ၏ဟန်မူရာ ပြောင်းလွဲသွားသည်ကို ချက်ချင်းသတိထားလိုက်မိသည်။

တစ်ဆက်တည်းမှာပင်....

လေတိုးသံတစ်သံကို ကြားလိုက်ရ၏။

ကျောင်းဖုန်းက မဲ့ပြုံးပြုံးလိုက်သည်။

သူကခန္ဓာကိုယ်ကို တိမ်းလိုက်ပြီး ညာခြေကို နောက်သို့ ဆန့်ထုတ်လိုက်၏။

'ဖြောင်း'

ကုလားထိုင်ကိုင်ထားသော အစေခံသည် ကုလားထိုင်ကိုင်လျက်ဖြင့် နောက်သို့လွင့်စဉ်သွားလေသည်။

ကျောင်းဖုန်းက မိမိရှေ့မှအစေခံကို ဆုပ်ကိုင်လိုက်၏။

'မင်းတို့ရဲ့ ရွှေနန်းတော်ရဲ့အရှင်သခင်ကို ပြောလိုက်စမ်း၊ ကျုပ် ကျောင်းဖုန်းက တွေ့ချင်တယ်လို့'

ယင်းအချိန်မှာပင်....

ရွှေနန်းတော်မှ လူနှစ်ဆယ်ခန့်တို့သည် အခန်းထဲသို့ ပြေးလွှား ဝင်ရောက်လာကြလေသည်။

ကျင်းဖုန်းက ထိုလူအားလုံးကို တစ်ချက် ဝေ့ကြည့်လိုက်သည်။

သူသည် ထွက်ပေါက်အားလုံးကို ထိုလူနှစ်ဆယ်ယောက်က ပိတ်ဆို့ဟန့်တားထားလိုက်ပြီဖြစ်ကြောင်း သဘောပေါက်လိုက်မိလေတော့သည်။

* * *

ရွှေနန်းတော်မှ လူမိုက်များသည် လှုပ်ရှားမှုမရှိဘဲ ကျောက်ရုပ်ကြီးများပမာ ထွက်ပေါက်အားလုံးကိုပိတ်ဆို့၍ ငြိမ်သက်စွာ ရပ်နေကြလေသည်။

သူတို့သည် ထွက်ပေါက်အားလုံး၏ နေရာအသီးသီးတွင် ရှိကြသော်လည်း မျက်လုံးများကမူ တစ်နေရာတည်းတို့သာ စုပြုံ၍ ကြည့်နေကြ၏။

သူတို့၏ မျက်လုံးများစုဝေးရာအရပ်ကား ကျင်းဖုန်းရပ်နေသောနေရာပင် ဖြစ်လေသည်။

ယင်းအချိန်....



အနောက်ဆောင်၏ တံခါးဝ၌ လူတစ်ယောက်ရပ်လျက် ထွက်ပေါ်လာလေသည်။

သူ၏ ခန္ဓာကိုယ်ပေါ်တွင် ပိုးသားဝတ်စုံကို သပ်ရပ်စွာဝတ်ဆင်ထားရာ အလွန်ပင် ကြည့်ကောင်းလှပေသည်။

သူကလက်ထဲမှ နံ့သာယပ်တောင်အားခတ်ရင်း အခန်းထဲသို့ တစ်လှမ်းချင်းလှမ်းဝင်လာလေသည်။

ကျင်းဖုန်းက ထိုလူအား မြင်တွေ့လိုက်သည်နှင့် မျက်မှောင်ကြုတ်လိုက်၏။

'ဝမ်းကျုံးစန်း'

သူက တိုးတိုးရေရွတ်လိုက်၏။

ထိုအချိန်မှာပင်....

အခန်းထဲရှိ လူမိုက်နှစ်ဆယ်က ပြိုင်တူဒူးထောက်ကာ...

'တောင်ကြားမြို့ရဲ့ သခင်ကြီးကို ဂါရဝပြုပါတယ်'

ဟု အော်ဟစ်ကာ ဦးညွှတ်လိုက်ကြလေတော့သည်။

* * *

ဝမ်းကျုံးစန်း။

ဝမ်းကျုံးစန်းသည် တောင်ကြားမြို့၏ သခင်ကြီးပင် ဖြစ်လေသည်။

သူက ကျောင်းဖုန်းအား တွေ့မြင်လိုက်သည်နှင့် တစ်ပြိုင်
တည်း မျက်နှာတစ်ခုလုံး ပြုံးရွှင်သွားလေသည်။

'ဟာ.... ကျုပ်က ဘယ်သူများလဲလို့၊ လတ်စသတ်တော့
ကျုပ်ရဲ့ အသက်သခင် ကျေးဇူးရှင်ကိုး'

သူက ဦးညွှတ်လိုက်ပြီး....

'ခင်ဗျားကို တောင်ကြားမြို့ကလေးနဲ့ ရွှေနန်းတော်
ကြီးဆိုပါတယ်'

ဟု နှုတ်ခွန်းဆက် စကားပြောလိုက်လေသည်။

ထို့နောက်....

သူက ကျောင်းဖုန်းအား စားပွဲတစ်လုံးတွင် အတူထိုင်
လိုက်၏။

'ကျုပ်ပြောခဲ့တဲ့အတိုင်း ကျုပ်က ခင်ဗျားကို ကျေးဇူး
ဆပ်ပါရစေ'

သူက လက်တစ်ချက်ဝှေ့ယမ်းလိုက်သည်။

အစေခံတစ်ယောက်က အပြေးအလွှား ရောက်ရှိလာ၏

ဝမ်းကျုံးစန်းက....

'အကောင်းဆုံးအစားအစာနဲ့ နှစ်ချို့ဝါးရှက်စိမ်းအရက်
ကို ငါ့ရဲ့ကျေးဇူးရှင်အတွက် ယူလာခဲ့ပါ'



ဝါးရှက်စိမ်းအရက်သည် အလွန်ဈေးကြီးသောအရက်ဖြစ်
၏။

နှစ်ချို့ဝါးရှက်စိမ်းအရက်သည် ပို၍ဈေးကြီးလေသည်၊

ထို့ပြင်....

ဝယ်ယူရန်ပင် ရှားပါးလှပေသည်။

ကျောင်းဖုန်းက ဝမ်းကျုံးစန်းအား အကဲခတ်ကြည့်လိုက်၏

ယခု....

မိမိတွေ့မြင်နေရသော ဝမ်းကျုံးစန်းသည် အကျဉ်းသား
ဘဝမှ ဝမ်းကျုံးစန်းနှင့် ကွာခြားလှပေသည်။

ယင်းအချိန်....

အစေခံနှင့်အတူ ဆိုင်အလုပ်သမားနှစ်ယောက်က
သောက်စရာများကို သယ်ဆောင်လာလေသည်။

ထို့နောက်....

သူတို့သည် စားသောက်စရာများအား ဝမ်းကျ
ရှေ့တွင် ချပေးလိုက်လေသည်။

ဝမ်းကျုံးစန်းက စားသောက်စရာများကိုညွှန်ပြကာ

'ကဲ....အားရပါးရ သုံးဆောင်လိုက်ပါဦး'

ဟု ညည်းဝတ်ပြုလိုက်လေသည်။

ကျင်းဖုန်းက ပြုံး၍ခေါင်းညိတ်လိုက်၏။

'ကျေးဇူးတင်ပါတယ်'

ဝမ်းကျုံးစန်းက ပြုံး၍ခေါင်းခါယမ်းလိုက်သည်။

'အို...မဟုတ်တာဘဲ၊ ခင်ဗျားရဲ့ကျေးဇူးတာပိုများပါတယ်'

သူက ကျင်းဖုန်းအား အကဲခတ်ကြည့်လိုက်၏။

'ဒါနဲ့ တောင်ကြားမြို့ကို သဘောကျရဲ့လား'

ကျင်းဖုန်းက အသင့်ထည့်ထားသောအရက်ကို မော့ချလိုက်

ပြီး....

'အား....အင်မတန်နေလို့ကောင်းမယ့်မြို့လေးပဲ၊ မျော်စ

လဲ တကယ်ကောင်းတယ်ဗျာ'

သူ ကျုံးစန်းက သဘောကျစွာ ရယ်မောလိုက်၏။

...းကသာ ဒီမြို့ကိုသဘောကျတယ်ဆိုရင် ကျုပ်

အ...မှာပဲအခြေချပါလား'

ဝမ်းဖုန်းက ပြုံး၍ခေါင်းညိတ်လိုက်သည်။

'အား....ကျုပ်လဲစဉ်းစားနေပါတယ်'

ကို ...းကျုံးစန်းက ရုတ်တရက် တစ်စုံတစ်ခုကို သတိရယ



'ဟော့....ဒနှဦး၊ ကျုပ်ကိုကယ်တုန်းက ခင်ဗျားတို့က နှစ်ယောက် မဟုတ်လား'

ကျင်းဖုန်းက ရှောင်ရှမ်းအား သတိရလိုက်မိလေသည်။

'ဟုတ်တယ်'

ဝမ်းကျုံးစန်းက....

'ဒါဖြင့် တစ်ယောက်က ဘယ်မှာကျန်ခဲ့သလဲ'

ကျင်းဖုန်းက သက်ပြင်းတစ်ချက်ချလိုက်၏။

'သူ ဖူရှန်းနယ်ဘက်ကို ထွက်သွားပါပြီ'

ဝမ်းကျုံးစန်းက ခေါင်းသွင်သွင်ခါယမ်းလိုက်သည်။

'ဖူရှန်းနယ်က သိပ်ဆိုးတဲ့နယ်မြေပဲ၊ သုံးနှစ်ဆက်တိုက်ခေါင် ရေရှားဖြစ်လို့ လူအတော်သေလိုက်သေးတယ်၊ ဆင်တော်မှုတ်ဒဏ်ကို ခံရတာလဲအမှန်ပဲ'

ကျင်းဖုန်းက မချိပြုံး ပြုံးလိုက်သည်။

'သူကသေချင်သလား မသိပါဘူး၊ ဒီကိုခေါ်တာ ဘယ်လိုမှ မရဘူးလေ'

ဝမ်းကျုံးစန်းက ရပ်ကော့လိုက်သည်။

'တောင်ကြားမြို့လို အရာရာပြည့်စုံတဲ့နေရာကတော့ရှားပါတယ်'

ကျောင်းဖုန်းက မျက်မှောင်ကြုတ်လိုက်၏။

'ဒီမြို့က တကယ်ပဲ အလုံးစုံပြည့်စုံသလား'

ဝမ်းကျုံးစန်းက ခေါင်းညိတ်လိုက်သည်။

'တကယ်ပါ၊ ခင်ဗျားလိုချင်တာမှန်သမျှ ငွေသာရှိပါစေ၊ အလုံးစုံရစေရမယ်'

ကျောင်းဖုန်းက ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်မှာ ငွေရှိပါတယ်၊ ဒါပေမယ့် လိုချင်တာမရဘူး'

မ်းကျုံးစန်း ဝင့်ကြွားစွာဖြင့်...

ကဲ... ခင်ဗျား ဘာလိုချင်သလဲ၊ ပိုက်ဆံတောင်ပေးစရာ ဘူး၊ ဟောဒီတစ်မြို့လုံးက ကျုပ်ကတစ်ခွန်းပဲပြောမယ်၊ ျားရှေ့ကို ရောက်လာစေရမယ်'

ကျောင်းဖုန်းက သူ့အား မယုံကြည်ဟန်ဖြင့် ကြည့်လိုက်သည်။

'ခင်ဗျား တကယ်ပြောတာလား'

ဝမ်းကျုံးစန်းက ခေါင်းညိတ်လိုက်သည်။

'စိတ်ချ၊ ခင်ဗျားလိုချင်တာပဲပြောပါ၊ အခု ချက်ချင်း ရစေရမယ်'

ဟု ပြောလိုက်သည်။



ကျောင်းဖုန်းက သူ့အား အတန်ကြာအောင်စိုက်ကြည့်လိုက်၏။

'ကျုပ်လိုချင်တာ ပီလိန်ပဲ'

ဟု တစ်ခွန်းချင်း ပြောပြလိုက်လေသည်။

ဝမ်းကျုံးစန်းက သူ၏စကားကြောင့် မျက်နှာကွက်ခနဲ ပျက်သွား၏။

သို့သော်...

ချက်ချင်းပင် ဣန္ဒြေဆည်ကာ ရယ်မောလိုက်သည်။

သို့တိုင်အောင် ကျောင်းဖုန်းက ကောင်းစွာတွေ့မြင်လိုက်၏။

သူက နှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်လေသည်။

'ဘယ်လိုလဲ၊ ကျုပ်လိုချင်တာ ရနိုင်ပါ့မလား'

ဝမ်းကျုံးစန်းက သူ့အားပြုံးပြလိုက်၏။

သူ၏အပြုံးမှာ မချိပြုံးဖြစ်ကြောင်း ကျောင်းဖုန်းက နားလည်လိုက်လေသည်။

ယင်းအချိန်...

ဝမ်းကျုံးစန်းက လက်ခုပ်တစ်ချက်တီးလိုက်လေသည်။

'ဖြောင်း'

သူ၏လက်ခုပ်သံ ဆုံးသွားသည်နှင့် အနက်ရောင် ဝတ်ဆင်ထားသော လူတစ်ယောက်က ပြေးလွှား ရောက်ရှိလာလေသည်။

သူက ဝမ်းကျုံးစန်းအား ဦးညွှတ်လိုက်သည်။

'အမိန့်ရှိပါခင်ဗျာ'

ဝမ်းကျုံးစန်းက သူ့အားစိုက်ကြည့်ကာ....

'အထိန်းတော်ကိုပြောလိုက်ပါ၊ ပိုလိန်ကို အခုချက်ချင်းခေါ်လာခဲ့ပါလို့'

သူက အမိန့်ပေးလိုက်သည်။

အနက်ရောင် ဝတ်ဆင်ထားသောလူက ဦးညွှတ်ကာ ပြန်လည် ထွက်ခွာသွားလေသည်။

အတန်ကြာသောအခါ....

အခန်းတံခါးဝမှ မိန်းမကြီးတစ်ယောက်နှင့်အတူ ပိုလိန်က ပါရှိလာ၏။

သူမသည် ကျောင်းဖုန်း တွေ့လိုက်စဉ်ကအတိုင်းပင် ပန်းနုရောင်ကို ဝတ်ဆင်ထားလေသည်။

သူမသည် မိမိတွေ့ခဲ့စဉ်ကအတိုင်းပင် လှပနေဆဲ ဖြစ်၏၊

ယင်းအချိန်....



မိန်းမကြီးနှင့် ပိုလိန်တို့က ဝမ်းကျုံးစန်း အနီးသို့ရောက်ရှိလာလေသည်။

ဝမ်းကျုံးစန်းက ကျောင်းဖုန်းအားပြုံးပြလိုက်၏။

'ကျုပ်ပြောတဲ့အတိုင်း ဖြစ်တယ်မဟုတ်လား'

ကျောင်းဖုန်းကဲ ရယ်ခမောလိုက်လေသည်။

'ဟား.... ဟား.... ဟား.... တကယ်ကို အံ့သြစရာပဲဗျာ၊ တောင်ကြားမြို့ကလေးရဲ့အသက်ဟာ ဝမ်းအစ်ကိုကြီး လက်ထဲမှာရှိတယ်ဆိုတာ လက်တွေ့မဟုတ်ရင် မယုံကြည်စရာပါပဲ'

ဝမ်းကျုံးစန်းက မချိပြုံးပြုံးလိုက်သည်။

'ပိုလိန်၊ ဟောဒီက ခင်းအစ်ကိုခလေးအနားမှာ ထိုင်လိုက်ပါ'

သူက ကျောင်းဖုန်း၏အနီးမှကုလားထိုင်ကို ညွှန်ပြကာ ပြောလိုက်ခြင်းဖြစ်၏။

ပိုလိန်က အလွန်အံ့သြသွားဟန်တူ၏။

သို့သော်....

သူမက စကားတစ်ခွန်းမှမပြောဘဲ ကျောင်းဖုန်း၏ အနီးတွင် ထိုင်ချလိုက်သည်။

ကျောင်းဖုန်းက သူမ၏ခန္ဓာကိုယ်မှ လွင့်ပျံ့လာသောအမွှေးအနံ့များကို ရှူရှိုက်လိုက်မိ၏။

သူ၏ သွေးသားများမှာ ဆူဝေလာမိလေသည်။

ဝမ်းကျုံးစန်းက သူ့အား တစ်ချက် အကဲခတ်ကြည့်လိုက်၏။

'ခင်ဗျားနားမှာ ပိုလိန် ရောက်နေပြီ'

'ဟုတ်ကဲ့...ဒီအတွက် ခင်ဗျားကို ကျေးဇူးတင်ပါတယ်'

'ဪ... ဒါနဲ့ တစ်ခုမေးပါရစေ'

ကျောင်းဖုန်းက မျက်ခုံးပင့်ကာ ကြည့်လိုက်သည်။

'မေးပါ'

ဝမ်းကျုံးစန်းက....

'ခင်ဗျားနာမည်ကို ကျုပ်မသိရသေးဘူးနော်'

ကျောင်းဖုန်းက သူ့အားပြုံးပြလိုက်၏။

'လိုအပ်လို့လား'

ဝမ်းကျုံးစန်းက ရယ်မောလိုက်သည်။

'ဟား....ဟား....ဟား....လိုအပ်တာပေါ့ဗျာ၊ ဒါမှလဲ ဒီမြို့မှာ ခင်ဗျားလိုချင်တာအကုန်ရနိုင်မှာပေါ့'

ကျောင်းဖုန်းက သူ့အားစေ့စေ့ကြည့်လိုက်၏။

'ဘာလဲ....ခင်ဗျားက ကျုပ်နာမည်ကို ဒီမြို့မှာကြော်ငြာမလို့လား'



ဝမ်းကျုံးစန်းက ပြုံးလိုက်သည်။

'ကျုပ်က ခင်ဗျားဒီမှာနေသမျှကာလပတ်လုံး ခင်ဗျားရဲ့ စိတ်တိုင်းကျဖြစ်အောင် ကြိုးစားရမယ်မဟုတ်လား၊ ဒါမှလဲ ခင်ဗျားလိုချင်တဲ့အရာတွေကိုပေးနိုင်မယ်၊ တစ်နည်းအားဖြင့် ခင်ဗျားရဲ့ကျေးဇူးကို ဆပ်နိုင်မယ်ပေါ့ဗျာ'

ကျောင်းဖုန်းက ရယ်မောလိုက်သည်။

'ကျုပ်အတွက် ပိလိန်ရှိရင် လုံလောက်ပါပြီ'

ဝမ်းကျုံးစန်းက ခေါင်းခါယမ်းလိုက်၏။

'ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲ၊ ကျုပ်က တာဝန်မကျေတဲ့ လူ တစ်ယောက်မဖြစ်ပါရစေနဲ့'

ကျောင်းဖုန်းက ပြုံး၍ခေါင်းညိတ်လိုက်သည်။

'ကောင်းပါပြီ၊ ကျုပ်နာမည်က ကျောင်းဖုန်းလို့ ခေါ်ပါတယ်'

ဝမ်းကျုံးစန်း၏မျက်နှာပေါ်တွင် အံ့ဩဟန်များ ပေါ်လွင်လာလေသည်။

'ဟာ....ဒါဆိုရင် သိုင်းလောကရဲ့ ဓားသမား နှစ်ယောက်ထဲက တစ်ယောက်ပေါ့'

ကျောင်းဖုန်းသည် ဝမ်းကျုံးစန်းက သိုင်းလောကအကြောင်း ဗဟုသုတရှိသူတစ်ယောက် ဖြစ်ကြောင်း နားလည်လိုက်၏။

ဤသို့ဆိုပါလျှင်....

မိမိက အကျဉ်းထောင် ဖောက်ပြေးလာသည့် လူသတ်သမားတစ်ယောက် ဖြစ်ကြောင်းကိုလည်း ဝမ်းကျုံးစန်းက သိရှိပေလိမ့်မည်ဟု စဉ်းစားလိုက်မိလေသည်။

ယင်းအချိန်....

ဝမ်းကျုံးစန်းက အရက်တစ်ခွက်ငှဲ့ကာ ကျောင်းဖုန်းမြင်သာအောင် မြှောက်ပြလိုက်လေသည်။

'ဒါက သိုင်းလောကရဲ့ခေါင်းသမား ကျောင်းဖုန်းအတွက်...'

သူက အရက်ကိုမော့ချလိုက်ပြီး....

'ကဲ... ပိုလိန်၊ မင်းက ဒီကအစ်ကိုလေးနဲ့လိုက်သွားပြီး လိုလေသေးမရှိအောင် ပြုစုလိုက်ပါ'

ပိုလိန်က သူ၏စကားကြောင့် ငေးငိုင်သွားမိလေသည်။

အကြောင်းကား....

သူမသည် ဝမ်းကျုံးစန်း၏ အတွက်သာဖြစ်ပြီး မည်သူမျှ အနားကပ်ခွင့်မရခဲ့ပါချေ။

သို့သော်...

ယခု ဝမ်းကျုံးစန်းကိုယ်တိုင်က ကျောင်းဖုန်းအား ညွှန်ခိုင်းနေပြီဖြစ်၏။

ဝမ်းကျုံးစန်းက ကျောင်းဖုန်းအားကြည့်လိုက်သည်။



'ခင်ဗျားပြန်တော့ ပိုလိန်ကို တစ်ခါတည်း ခေါ်သွားပါ၊ နက်ကျမှ ကျုပ်ဆီကိုပြန်လွှတ်လိုက်'

ကျောင်းဖုန်းက ဝါးရွက်စိမ်းအရက်ကို တစ်ကျိုက်မော့သောက်လိုက်သည်။

'ပိုလိန်ကို ကျုပ် ဒီမြို့မှာ နေသလောက် ခေါ်ထားပိုင်ခွင့် မရှိဘူးလား'

ဝမ်းကျုံးစန်းက သူ့အား တစ်ချက် စိုက်ကြည့်လိုက်၏။

သူက ရုတ်တရက် ရယ်မောလိုက်ပြီး....

'ဟား... ဟား....ဟား၊ ခင်ဗျားက ကြိုက်တယ်ဆိုရင်လဲ ကျုပ်က အပိုင်ပေးလိုက်ပါမယ်'

ကျောင်းဖုန်းက သူ့အား တစ်ချက်ကြည့်လိုက်၏။

'ခင်ဗျားက တကယ်ပဲ ညွှန်ဝတ်ကျေပါတယ်'

ဝမ်းကျုံးစန်းက လက်ကာပြလိုက်သည်။

'တစ်ခုတော့ တောင်းပန်ပါရစေ'

ကျောင်းဖုန်းက မျက်ခုံးမွေးကိုပင့်ကာ ပြုံးလိုက်ပြီး....

'ဘာများလဲ'

ဝမ်းကျုံးစန်းက....

'ကျုပ်ကိုနာရီဝက်လောက် အချိန်ပေးပါ၊ပြီးရင် ကျုပ်က ပိုလိန်ကို ခင်ဗျားဆီ လွှတ်လိုက်ပါ့မယ်'

ကျောင်းဖုန်းက သဘောကျစွာ ပြုံးလိုက်၏။

'နာရီဝက်လောက်တော့ ကျုပ်က သဘောထားကြီးရမှာပေါ့၊ မြီးရှင်သာ ကျုပ်ဆီလွှတ်လိုက်ပါ'

ဝမ်းကျုံးစန်းက ခေါင်းညိတ်လိုက်၏။

'စိတ်ချပါ'

ကျောင်းဖုန်းက ပိလိန်၏ခန္ဓာကိုယ်အား အထက်အောက် တစ်ချက်ကြည့်ကာ ပြုံးပြလိုက်သည်။

'ကျုပ်ရွှေစည်းစိမ်က စောင့်နေမယ်'

ဟု ပြောကာ ဘိုင်ရာမှုအလိုက်၏။

ဝမ်းကျုံးစန်းက သူ့အား ရွှေနန်းတော် တံခါးဝအထိ လိုက်ပို့ပေးပြီး ရွှေစည်းစိမ်သို့ ပြန်ရန် ဝေါယာဉ်စီစဉ်ပေးလိုက်လေသည်။

ကျောင်းဖုန်းက သူ့အား လက်တစ်ဖက် ဝှေ့ယမ်းပြကာ ဝေါယာဉ်ပေါ်သို့ တက်၍လိုက်ပါသွားလေသည်။

ဝမ်းကျုံးစန်းက တဖြည်းဖြည်း ဝေးသွားသောဝေါယာဉ်အား ကြည့်ကာ မျက်နှာပေါ်တွင် ခံပြင်းခြင်း၊ ဒေါသဖြစ်ခြင်း၊ ကောက်ကျစ်စဉ်းလဲခြင်း စသည့်ဟန်မူရာများ ပေါ်လွင်လာလေတော့၏။

ပထမပိုင်းပြီး၏။

(ဒုတိယပိုင်းဇာတ်သိမ်း ဆက်လက်ဖတ်ရှုပါရန်)

# ဝဏ္ဏအောင်

## အလှည့်

(ဒုတိယပိုင်းဇာတ်သိမ်း